# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ တော်သလင်းလဆန်း (၈)ရက် ၊ စနေနေ့ ၊ (19-9-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၄၂)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅)မှ ပြည်သူ့စစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းကာလ လျှော့ပေါ့ခွင့်ရရှိကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၃)မှ နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ထိုက်တန်စွာချီးမြှင့်ပေးအပ်




အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ငွေး သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ်ချီးမြှင့်ပေးအပ်စဉ်။

နေပြည်တော် စက်တင်ဘာ ၁၈

"နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်"ဟူသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ခဲ့ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၅)တွင် မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာ ပါဝင်စာရင်းပေးသွင်းပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေး တာဝန်များကို နိုင်ငံ့သားကောင်းများ ပီသစွာ စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ကြသော

စာမျက်နှာ ၁၆ ကော်လံ ၁ ⚐

**ရတနာပုံ ယနေ့ဖတ်စရာ**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့ ကိုယ်စားလှယ်များတွေ့ဆုံပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ စာမျက်နှာ - ၁၈

ကေဗွီ ၂၃၀ သာစည်ပင်မဓာတ်အားခွဲရုံတွင် ကြိုးအစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို ဓာတ်အားပိတ်ဆောင်ရွက်မည် စာမျက်နှာ - ၂၀

## ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန် ကြေညာ

နေပြည်တော် စက်တင်ဘာ ၁၈

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားနိုင်ရန်အတွက် မိမိတို့စာမေးပွဲဖြေဆိုခဲ့သော စာစစ်ဌာနကြီးကြပ်ရေးမှူးများ (အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ)ထံတွင် အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ်ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရမည့်ပုံစံစာအိတ်ကို စက်တင်ဘာ ၂၈ ရက် (တနင်္လာနေ့)မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန်ဖြစ်ပါသည်။ အဆိုပါတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်ကို

စာမျက်နှာ ၂၂ ကော်လံ ၄ ❍

## ဖလမ်းမြို့သို့ ဒေသခံပြည်သူများ နေ့စဉ်ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိပြီး ဖလမ်းမြို့ပေါ်လူဦးရေ၏ ၂၁ ဒသမ ၆၄ ရာခိုင်နှုန်း ပြန်လည်နေထိုင်နေပြီဖြစ်

ဖလမ်း စက်တင်ဘာ ၁၈

အခြေခံပညာဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး ပုံပြင်ပြောနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ယနေ့တွင် ဖလမ်းမြို့ရှိ

စာမျက်နှာ ၂၂ ကော်လံ ၁ ❖




## ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုနေရာများနှင့် ဝန်မြစ်ရေကာတာ၏အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရောဝတီတိုင်းဒေသကြီးရှိ မြို့နယ်ခြောက်မြို့နယ်တို့တွင် ရေဝင်ရောက်ခဲ့ခြင်းများကို တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၈

ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာမိုင် (၁၁/၆)နှင့် (၁၁/၇)ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့်

စာမျက်နှာ ၂၂ ကော်လံ ၁ ❑



နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ရေဝင်ရောက်မှုတားဆီးကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

## လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၁၈

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် စက်တင်ဘာ ၁၉ ရက်၌ လေဖိအားနည်းရပ်ဝန်း(Low Pressure Area) ဖြစ်ပေါ်နိုင်သည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ခန့်မှန်းထားသည်။

ရတနာပုံ
၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၉ ရက်

အယ်ဒီတာ့အာဘော်

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ပြည်သူအားလုံးပါဝင်ဆောင်ရွက်ပေး

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပညာရေးကဏ္ဍများ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည်။ ထိုသို့သော ဖွံ့ဖြိုးတိုးတက်မှုသည် အစိုးရတစ်ရပ်တည်း၏ ကြိုးပမ်းအားထုတ်မှုဖြင့် ပြည့်စုံနိုင်မည်မဟုတ်ပေ။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးက ကိုယ်စီတာဝန်သိမှုဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိပြီးကတည်းကပင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် အစိုးရအဆက်ဆက်က ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ သို့သော်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်သည့် စွမ်းရည်စွမ်းအားရှိသော လူ့စွမ်းအားအရင်းအမြစ်များ၊ နိုင်ငံ့စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအပါအဝင် လမ်း၊ တံတားနှင့် အခြေခံအဆောက်အအုံများကို အကြမ်းဖက်သမားများက ခေတ်အဆက်ဆက်နည်းလမ်းမျိုးစုံဖြင့် ယနေ့ထက်တိုင် နှောင့်ယှက်ဖျက်ဆီးခဲ့ကြသဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှာ ခေတ်အဆက်ဆက် နိုင်ငံတည်ဆောက်ရေးတွင် "သမင်မွေးရင်း ကျားစားရင်း"ဆိုသကဲ့သို့ဖြစ်နေရသည်။

နိုင်ငံတော်အနေဖြင့် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့ကြသည့် အခြေခံအဆောက်အအုံများနှင့် ဆုံးရှုံးခဲ့ရသည့် လူသားအရင်းအမြစ်များကို ပြန်လည်တည်ဆောက်မွေးထုတ်နေရခြင်းဖြင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ခြင်းမရှိသည်မှာ နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် ကြီးစွာသော ထိခိုက်နစ်နာဆုံးရှုံးနေရမှုပင်ဖြစ်ပေသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှ နိုင်ငံသူ၊ နိုင်ငံသားများ၏ လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်တွင် အတူတကွ မှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးတို့အတွက် ကိုယ်စီအသိရှိစွာဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်သာဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ပြည်သူအားလုံးက နေ့စဉ်ဘဝတွင် တစ်ဦးချင်းစီ၏ တာဝန်ယူမှု၊ စည်းကမ်းရှိမှု၊ အလုပ်လုပ်ကိုင်လိုစိတ်၊ အများအကျိုးအတွက် ပူးပေါင်းဆောင်ရွက်မှုများမှ စတင်သွားကြရပေမည်ဖြစ်သည်။ ပြည်သူတစ်ဦးချင်းစီက ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာခြင်း၊ စည်းလုံးညီညွတ်မှုရှိခြင်း၊ အမှန်တကယ်အလုပ်လုပ်လိုစိတ်ဖြင့် စွမ်းအားရှိသမျှ အလုပ်လုပ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ခြင်း စသည်တို့ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ ဖော်ဆောင်နိုင်မည်ဖြစ်ပေသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်ဆောင်ရွက်နေမှုများကို နိုင်ငံတွင်းနေပြည်သူအားလုံးက မိမိတို့ကျရာကဏ္ဍမှ အမှန်တကယ် အကျိုးရှိအောင်အလုပ်လုပ်ကိုင်ခြင်း၊ အချင်းချင်းပူးပေါင်းကူညီခြင်း၊ လူသားအရင်းအမြစ်များကို တိုးတက်အောင် မွေးထုတ်ခြင်း၊ နိုင်ငံ၏ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်နှင့် အခြေခံအဆောက်အအုံများကို တန်ဖိုးထားထိန်းသိမ်းခြင်းတို့ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်ဆိုပါက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ပင်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၅၁၁ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**မော်လိုက် စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၅၁၁ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ၉၅၃ ဧက၊ ဖောင်းပြင်မြို့နယ်တွင် ၅၅၈ ဧက စုစုပေါင်း ၁၅၁၁ ဧကဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မော်လိုက်ခရိုင်မှာ နှမ်း ၁၅၁၁ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်ခရိုင်တွင် နှမ်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# စဉ့်ကိုင်မြို့နယ် ရွာသစ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**စဉ့်ကိုင် စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မုံပင်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာ၌ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုး၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်တွေ့ဆုံကာ ရွာသစ်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ရွာသစ်ကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ၅၇၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေ ၁၃ သန်း စုစုပေါင်း ငွေကျပ် ၂၈ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အနီးကပ်ကြီးကြပ်မှု၊ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အောင်ရဲကျော်

# ကျောင်းကုန်းမြို့နယ်တွင် စိုက်ပျိုးရေးကောက်ရိုးမှိုများ အရောင်းအဝယ်ကောင်းမွန်နေ



**ကျောင်းကုန်း စက်တင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် စိုက်ပျိုးရေးကောက်ရိုးမှိုများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေအောင်က ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်တွင် ယခုနှစ် စက်တင်ဘာလပထမပတ်မှစတင်ပြီး ယနေ့ထိ စိုက်ပျိုးရေးကောက်ရိုးမှိုများ ဝယ်လိုအားကောင်းလာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ စိုက်ပျိုးရေးကောက်ရိုးမှိုများ တစ်ရက်လျှင် ပိဿာချိန် ၁၂၀၀ မှ ၂၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"လက်ရှိ စိုက်ပျိုးရေးကောက်ရိုးမှိုတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ဒေသတွင်းဈေးကွက်မှာကို စိုက်ပျိုးရေးကောက်ရိုးမှိုတွေ အဝယ်လိုက်နေပါတယ်။ စိုက်ပျိုးထွက်ရှိလာတဲ့ ကောက်ရိုးမှိုတွေက အရည်အသွေးလဲ ကောင်းပါတယ်"ဟု ကျောင်းကုန်းမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေအောင်က ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ထွက်ရှိသည့် ကောက်ရိုးမှိုတစ်ပိဿာလျှင် ငွေကျပ် ၂၃၀၀၀ မှ ၂၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ကျောင်းကုန်းမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေအောင်က ဆက်လက်ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

Yadanarbon newspaper

# ပျော်ဘွယ်မြို့နယ် ရှားပင်လှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပျော်ဘွယ် စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှားပင်လှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေး ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၄၃ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရှားပင်လှကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၁၅၀ ကို ငွေကျပ် ၃၆၂ ဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၅၀ ကို ငွေကျပ် ၁၆၄ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၁၆ ဒသမ ၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၀၇ ဦးကို ရန်ပုံငွေကျပ် ၅၄၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းထံမှ သိရသည်။

ဖြိုးထက်အောင်(ပျော်ဘွယ်)



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးတင်ထွန်းဦး+ဒေါ်ခင်မာမာကိုမိသားစုက ဦးထွန်းကြည်အားရည်စူး၍ ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ ဥက္ကဋ္ဌ ဦးစိုးလင်းနှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

# တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၃၀၈ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**တမူး စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၃၀၈ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာစိုက်ပျိုးရန်အတွက် လျာထားမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ၁၅၃ ဧက၊ တမူးမြို့နယ်တွင် ၈၀၅ ဧက၊ ခါမ်းပါတ်မြို့တွင် ဧက ၂၃၅၀ စုစုပေါင်း ၃၃၀၈ ဧကဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ တမူးခရိုင်မှာ နေကြာဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ပြည်ပက တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးသွားပါမယ်။ နေကြာတစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊နှမ်းတွေထက် များပါတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးသိန်းက ပြောပြသည်။

တမူးခရိုင်တွင် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာပေးသင်တန်းများ၊နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက်ပညာပေးသင်တန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးမျိုးသိန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ရမည်းသင်းမြို့နယ် ညောင်အိုင်ကျေးရွာ၌ စက်ရေတွင်းတူးဖော်နေမှု စစ်ဆေး

**ရမည်းသင်း စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်အိုင်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ညောင်အိုင်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ညောင်အိုင်ကျေးရွာ၌ အကျယ် လေးလက်မ၊ အနက် ပေ ၇၀၀ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ်သန်း ၄၀ ဖြင့် တင်ဒါအောင်မြင်သည့် AMC Arr Mon ကုမ္ပဏီမှ ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်း ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ပြောပြ၍ သိရသည်။

အောင်ရဲကျော်

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးတံခွန်ခြောက်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ငပုတော စက်တင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးတံခွန်ခြောက်ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် ငါးပိ၊ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမိုးက ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးတံခွန်ခြောက်ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ငါးတံခွန်ခြောက်ပိဿာချိန် ၄၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

" ငပုတောမြို့နယ်က ထွက်တဲ့ ငါးတံခွန်ခြောက်တွေကို စနစ်တကျ ထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချနေတာပါ။ ပြီးခဲ့တဲ့ တစ်လအတွင်း ပိဿာချိန် ၄၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသထွက် ငါးခြောက်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ လက်ရှိ အရောင်းအဝယ်လုပ်နေတဲ့ ငါးတံခွန်ခြောက်တွေက လက်ကျန်ငါးခြောက်တွေ ဖြစ်ပါတယ်။ ငါးတံခွန်ခြောက်တွေက ပြည်တွင်းမှာ စားသုံးသူများလို့ အဝယ်လိုက်နေတာပါ" ဟု ငပုတောမြို့နယ် ငါးပိ၊ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမိုးက ပြောပြသည်။

ငပုတောမြို့နယ်တွင် ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးပိ၊ ငါးခြောက်များပြုလုပ်ပြီး ငါးခြောက်မျိုးစုံကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးတံခွန်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၄၀၀၀ မှ ၂၇၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါ ငါးခြောက်များ အရောင်းအဝယ်ကောင်းလာသောကြောင့် ပွဲရုံပိုင်ရှင်များ၊ ရေလုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိ အဆင်ပြေနေကြောင်း ငပုတောမြို့နယ် ငါးပိ၊ ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမိုးထံမှ သိရသည်။

ကျော်ကျော်လင်း



# ဆလတ်ရွက်နှင့် ကျန်းမာရေး

ဒေါက်တာလပြည့်ခင်

ဆလတ်ရွက်သည် ဗီတာမင်၊ သတ္တုဓာတ်နှင့် ဓာတ်ဆားများအပြင် ပရိုတင်းနှင့် အမျှင်ဓာတ်များစွာပါရှိသော ဟင်းသီးဟင်းရွက်အမျိုးအစားများထဲတွင်ပါဝင်သည်။ ဆလတ်ရွက်၏ ရုက္ခဗေဒအမည်သည် Lactuca sativa ဖြစ်ပြီး Asteraceae မျိုးရင်းထဲတွင်ပါဝင်ကာ အချို့က Aster ၊ Daisy နှင့် Sunflower မျိုးရင်းဖြစ်သည်။ ဆလတ်ရွက်ကဲ့သို့သော အသီးအရွက်များကို စားသုံးခြင်းသည် လူသားများတွင် အာဟာရဓာတ်များကို တိုးမြင့်လာစေမည်ဖြစ်ပြီး အခြားသော ဇီဝဖြစ်ပျက်မှုဆိုင်ရာရောဂါအန္တရာယ်ကိုလည်း လျော့နည်းလာစေမည်ဖြစ်သည်။

**ဆလတ်ရွက်တွင်ပါဝင်သော အာဟာရဓာတ်များ**

ဆလတ်ရွက်တွင် ကျန်းမာရေးအတွက်အကျိုးပြုသည့် အာဟာရဓာတ်များဖြစ်သော ရေဓာတ်၊ ပရိုတင်း၊ အဆီဓာတ်၊ ကာဗိုဟိုက်ဒရိတ်၊ အမျှင်ဓာတ်၊ သကြားဓာတ်၊ ဗီတာမင် B1၊ ဗီတာမင် B2၊ ဗီတာမင် B3၊ ဗီတာမင် B9၊ ဗီတာမင် B6 ၊ ဗီတာမင် C၊ ဗီတာမင် A၊ ဗီတာမင် Eနှင့် ဗီတာမင် Kကဲ့သို့ ဗီတာမင်အရင်းအမြစ်ကောင်းများနှင့် မဂ္ဂနီစီယမ်၊ ကယ်လ်စီယမ်၊ ဖော့စဖရတ်၊ သံဓာတ်၊ ပိုတက်စီယမ်၊ ဆိုဒီယမ်၊ ဇင့်ကဲ့သို့ သတ္တုဓာတ်များစွာပါဝင်သည့်အပြင် ခန္ဓာကိုယ်အတွက် နေ့စဉ်လိုအပ်သည့် နိုက်ထရိတ်နှင့် အိုမီဂါ-၃ ဖက်တီးအက်စစ်တို့ ကြွယ်ဝစွာပါဝင်နေသည်။ ဆလတ်ရွက်တွင် အရေးကြီးသော ဒြပ်ပေါင်းများဖြစ်သည့် ဘီတာကယ်ရိုတင်း၊ ဖီနော်နှင့် လူတင်ကဲ့သို့သော ဓာတ်တိုးဆန့်ကျင်အာနိသင်ပစ္စည်းများပါဝင်ပြီး ဆလတ်ရွက်သည် အလုံးစုံကျန်းမာရေးကိုပံ့ပိုးပေးသည့် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်သည်။

**ဆလတ်ရွက်အမျိုးအစားများနှင့် အာဟာရတန်ဖိုး**

ဆလတ်ရွက်တွင် Iceberg ဆလတ်နှင့် ရေခဲတောင်ဆလတ်ဟူ၍ အမျိုးအစားနှစ်မျိုးရှိပြီး Iceberg ဆလတ်သည် ကယ်လိုရီနည်းသော်လည်း အရေးကြီးသောအာဟာရများပြည့်ဝသော အစားအစာကိုစားလိုသူတိုင်းအတွက် အကောင်းဆုံးရွေးချယ်မှုတစ်ခုဖြစ်သည်။ Iceberg ဆလတ်သည် အဓိကအားဖြင့် ရေနှင့် ဖွဲ့စည်းထားသောကြောင့် Iceberg ဆလတ် ၁၀၀ ဂရမ်တွင် ရေ ၉၅ ဒသမ ၆၄ မီလီလီတာပါဝင်ပြီး ရေဓာတ်အတွက်အကောင်းဆုံးရွေးချယ်မှုတစ်ခုဖြစ်သည့်အပြင် ကောင်းမွန်သောပရိုတင်းပမာဏ သုည ဒသမ ၉ ဂရမ်၊ အဆီဓာတ် ၂ ဒသမ ၉၇ ဂရမ်၊ အမျှင်ဓာတ် ၁ ဒသမ ၂ ဂရမ်၊ သကြား ၁ ဒသမ ၉၇ ဂရမ်ခန့်နှင့် ကာဘိုဟိုက်ဒရိတ်ပမာဏလည်းသင့်တင့်စွာပါဝင်ပြီး စွမ်းအင် ၁၄ ကယ်လိုရီသာရရှိသည်။

ဒုတိယအမျိုးအစားဖြစ်သည့် ရေခဲတောင်ဆလတ်တွင် ကယ်လ်စီယမ် ၁၈ မီလီဂရမ်၊ သံဓာတ် သုည ဒသမ ၄၁ မီလီဂရမ်၊ ပိုတက်စီယမ် ၁၄၁ မီလီဂရမ်၊ ဖော့စဖရတ်၊ ဆိုဒီယမ်၊ မဂ္ဂနီစီယမ်၊ ဇင့်၊ ကြေးနီ၊ မဂ္ဂနိစ်နှင့် ဆီလီနီယမ်တို့ပါဝင်ပြီး ခန္ဓာကိုယ်၏ အခြေခံလုပ်ဆောင်ချက်များကို ပံ့ပိုးပေးရာတွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်သည်။ ထို့ပြင် ဗီတာမင် C၊ ဖောလိတ်၊ ဗီတာမင် A နှင့် ဗီတာမင် K ကဲ့သို့သော မရှိမဖြစ်လိုအပ်သော ဗီတာမင်အရင်းအမြစ်ကောင်းတစ်ခုဖြစ်ပြီး ခန္ဓာကိုယ်ကျန်းမာသန်စွမ်းရန်အတွက် မရှိမဖြစ်လိုအပ်သည့် ဗီတာမင် B1, B2, B3, B5, B6 နှင့် B9 တို့ပါဝင်ပြီး ရေခဲတောင်ဆလတ်သည် ကယ်လိုရီနည်းပြီး မရှိမဖြစ်လိုအပ်သော အာဟာရဓာတ်များ ကြွယ်ဝစွာပါဝင်သည့်အတွက် ကျန်းမာရေးနှင့်ညီညွတ်သော အကောင်းဆုံးရွေးချယ်မှုတစ်ခုဖြစ်သည်။

**နှလုံးကျန်းမာစေခြင်း**

ဆလတ်ရွက်တွင် ဘီတာကယ်ရိုတင်းနှင့် ဗီတာမင်စီပါဝင်သောကြောင့် သွေးတွင်း၌ ကိုလက်စထရောမဖြစ်စေရန် ကာကွယ်ပေးသည်။ ဆလတ်ရွက်တွင်ပါဝင်သည့် အမျှင်ဓာတ်နှင့် အိုမီဂါ-၃ ဖက်တီးအက်စစ်တို့ကလည်း နှလုံးရောဂါမဖြစ်စေရန် ကာကွယ်ပေးသည်။ ဆလတ်ရွက်စားသုံးပေးခြင်းသည် သွေးတွင်းကိုလက်စထရောကို ကျဆင်းစေနိုင်ပြီး နှလုံးသွေးကြောကျဉ်းခြင်းနှင့် အခြားအသက်အန္တရာယ်ဖြစ်စေနိုင်သောရောဂါများ ခံစားရနိုင်ခြေကို ကျဆင်းစေနိုင်သည်။ ကိုလက်စထရောအလွန်များလာသောအချိန်တွင် လေဖြတ်ခြင်းနှင့် ရုတ်တရက်နှလုံးရပ်ခြင်းထိ ခံစားရနိုင်သောကြောင့် ဆလတ်ရွက်ကို ပုံမှန်စားသုံးပေးသင့်သည်။

**အစာခြေစနစ်ကို ကောင်းမွန်စေခြင်း**

ဆလတ်ရွက်ကို ပုံမှန်စားသုံးခြင်းသည် အစာစားချင်စိတ်ကိုတိုးတက်စေပြီး အစာခြေစနစ်တွင် အကျိုးရှိနိုင်သည်။

**ဆီးချိုရောဂါကာကွယ်နိုင်ခြင်း**

ဆလတ်ရွက်တွင် ကယ်လိုရီပါဝင်မှု နည်းသောကြောင့် သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးနိုင်ပြီး ဆီးချိုရောဂါဖြစ်နိုင်ခြေကို ကျဆင်းစေနိုင်သည်။ ဆလတ်ရွက်သည် ဆီးချိုဝေဒနာရှင်များအတွက် အထူးသင့်လျော်သော ဟင်းရွက်ဖြစ်သောကြောင့် မဖြစ်မနေစားသုံးသင့်သည်။

**ရောင်ရမ်းမှုကို လျော့ပါးစေခြင်း**

ဆလတ်ရွက်တွင် အိုမီဂါ-၃ ဖက်တီးအက်စစ်အဆီပါဝင်သောကြောင့် သွားဖုံးရောင်ရမ်းပြီး သွားကိုက်ခြင်း၊ ခေါင်းတစ်ခြမ်းကိုက်ခြင်းနှင့် အဆစ်အမျက်များရောင်ရမ်းပြီး နာကျင်ကိုက်ခဲခြင်းကို လျော့ပါးသက်သာစေသည်။

**ကင်ဆာရောဂါပြန့်ပွားမှုကို ထိန်းချုပ်ပေးခြင်း**

ဆလတ်ရွက်တွင် ကင်ဆာရောဂါအမျိုးမျိုးကို ထိန်းချုပ်နိုင်သည့် အာဟာရဓာတ်များပါဝင်နေသောကြောင့် ကင်ဆာရောဂါကိုတားဆီးရာတွင် အထောက်အကူပြုနိုင်ပြီး အထူးသဖြင့် သွေးကင်ဆာဆဲလ်များနှင့် ရင်သားကင်ဆာဆဲလ်များ ပြန့်ပွားမှုကို ထိန်းချုပ်ပေးနိုင်သည်။ ဗီတာမင်အေပါဝင်သောကြောင့် ခံတွင်းကင်ဆာနှင့် အဆုတ်ကင်ဆာဖြစ်နိုင်ခြေကို ကျဆင်းစေနိုင်သည်။

**ကိုယ်တွင်းအဆိပ်အတောက်များ ဖယ်ရှားပေးခြင်း**

ဆလတ်ရွက်တွင် သတ္တုဓာတ်များစွာပါဝင်နေသောကြောင့် ကိုယ်တွင်းမှ အက်စစ်ဓာတ်များကို ထိန်းညှိပေးပြီး ကိုယ်တွင်းမှအဆိပ်အတောက်များကို ဖယ်ရှားပေးသည်။

**ကိုယ်အလေးချိန်ကျစေခြင်း**

ဆလတ်ရွက်တွင် ကယ်လိုရီ ငါးရာခိုင်နှုန်း၊ ရေဓာတ်က ၉၅ ရာခိုင်နှုန်းနှင့် အမျှင်ဓာတ်မှာ တစ်ရာခိုင်နှုန်းသာပါဝင်ပြီး အဆီပါဝင်မှုလည်းနည်းသောကြောင့် ကိုယ်အလေးချိန်လျှော့ချလိုသူများ စားသုံးပေးသင့်သည့်အရွက်ဖြစ်ပြီး ဆလတ်ရွက်ကို ခရမ်းချဉ်သီးနှင့်တွဲဖက်သုပ်စားပြီး ကိုယ်အလေးချိန်ကျဆင်းစေရန် ဓာတ်စာအနေဖြင့် စားသုံးပေးနိုင်သည်။



**ဦးနှောက်ကို ကျန်းမာစေနိုင်ခြင်း**

ဆလတ်ရွက်တွင် အဆီအနှစ်များ ပါဝင်သောကြောင့် ဦးနှောက်ကို ပြင်းထန်စွာထိခိုက်စေနိုင်သည့် ဖြစ်စဉ်များကြောင့် အာရုံကြောဆဲလ်များ ထိခိုက်ပျက်စီးမှုကိုကာကွယ်ပေးနိုင်ပြီး အယ်ဖိုင်းမားရောဂါကဲ့သို့ရောဂါများ ခံစားရစေနိုင်ခြေကို လျှော့ချပေးသည်။ အစိမ်းရောင်ဆလတ်သည် အာရုံကြောချို့တဲ့ခြင်းကို ကာကွယ်ပေးနိုင်သည်။

**အာရုံကြောထိခိုက်ပျက်စီးမှုကို ကင်းဝေးစေခြင်း**

ဆလတ်ရွက်တွင် ခန္ဓာကိုယ်အတွက် နေ့စဉ်လိုအပ်သော နိုက်ထရိတ်ဓာတ်ကြွယ်ဝစွာပါဝင်ပြီး ခန္ဓာကိုယ်ထဲသို့ ရောက်ရှိသွားချိန်တွင် နိုက်ထရစ်အောက်ဆိုက်အဖြစ်ပြောင်းသွားသည်။ အသက်အရွယ်ကြောင့်ဖြစ်သည့် အာရုံကြောထိခိုက်ပျက်စီးမှုများဖြစ်စေခြင်းကို ဆလတ်ရွက်စားပေးခြင်းဖြင့် မှတ်ဉာဏ်ဖြစ်ပေါ်စေရန်အတွက် ဆက်သွယ်မှုများလုပ်ပေးသော Nerve Cell အလွှာလေးများ၏ စွမ်းဆောင်ရည်ကိုတိုးတက်စေပြီး အာရုံကြောဆဲလ်များကို အကာအကွယ်ပေးသည်။ Neuron Cell များသေသွားပါက ဆက်သွယ်မှုများပြတ်တောက်သွားပြီး မှတ်ဉာဏ်ဆုံးရှုံးစေကာ Neuron သေဆုံးမှုများပါက အယ်ဖိုင်းမားရောဂါကိုဖြစ်စေသည်။ ဆလတ်ရွက်တွင်ပါဝင်သည့် ပါဝင်ပစ္စည်းများသည် Neuron သေဆုံးမှုကို ထိန်းချုပ်ထားနိုင်သောကြောင့် ဦးနှောက်အာရုံကြောဆုတ်ယုတ်ပျက်စီးသောရောဂါများအတွက် ဆလတ်ရွက်သည် အိမ်တွင်းဆေးဝါးတစ်မျိုးဖြစ်သည်။

**မျက်စိကျန်းမာစေခြင်း**

ဆလတ်ရွက်၌ပါရှိသော Lutein နှင့် Zeaxan-thin သည် မျက်စိကျန်းမာရေးအတွက် အရေးကြီးသော ဓာတ်တိုးဆန့်ကျင်ပစ္စည်းများဖြစ်သည်။

**ကောင်းမွန်စွာအိပ်စက်စေနိုင်ခြင်း**

ဆလတ်ရွက်တွင် အိုမီဂါ-၃ ဖက်တီးအက်စစ်ပါဝင်နေသောကြောင့် စိတ်ဓာတ်ကျခြင်းနှင့် စိတ်ဖိစီးမှုများမဖြစ်စေရန် ကာကွယ်ပေးနိုင်သည့်အပြင် ဆလတ်ရွက်တွင် Lactucarium ခေါ် သဘာဝစိတ်ငြိမ်ဓာတ် အနည်းငယ်ပါဝင်သောကြောင့် ညဘက်တွင် ကောင်းမွန်စွာအိပ်ပျော်စေရန် ကူညီပေးသည်။ တိုင်းရင်းဆေးပညာတွင် ဆလတ်ရွက်ကို အိပ်ဆေးအဖြစ် အသုံးပြုကြသည်။

**အိုင်အိုဒင်းဓာတ်အားဖြည့်ပေးခြင်း**

ဆလတ်ရွက်တွင် ဆဲလ်အသစ်များဖြစ်ပေါ်မှုကို အထောက်အကူပြုသော ဖောလိတ်ဓာတ်ပါဝင်သဖြင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် သင့်လျော်သည်။ ဆလတ်ရွက်သည် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ၊ ပြင်းထန်သောအားထုတ်မှုများပြုလုပ်ပြီးနောက် ကိုယ်ခန္ဓာအားနည်းနေသူများ၊ ခွဲစိတ်ကုသမှုများနှင့် အဝလွန်ခြင်းတို့၏ အာဟာရဆိုင်ရာအတွက် ကုထုံးတစ်ခုဖြစ်သည်။

ဆလတ်ရွက်တွင် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦး၏ ခန္ဓာကိုယ်အတွက် အလွန်လိုအပ်သော အိုင်အိုဒင်းဓာတ်ပါဝင်သဖြင့် ကိုယ်ဝန်ဆောင်မိခင်များ အိုင်အိုဒင်းဓာတ်ချို့တဲ့မှုကြောင့် သွေးတိုးခြင်း၊ ကိုယ်ခံစွမ်းအားကျဆင်းခြင်း၊ အားနည်းခြင်း၊ ကလေးငယ်၏ အာရုံကြောစနစ်အဖွဲ့အစည်း၌ ဖွံ့ဖြိုးမှုနှောင့်နှေးခြင်းနှင့် ချို့ယွင်းချက်များမဖြစ်ပွားစေရန် ကိုယ်ဝန်ဆောင်နေစဉ် အိုင်အိုဒင်းပြည့်ဝသောသဘာဝအစာအာဟာရတစ်ခုဖြစ်သည့် ဆလတ်ရွက်ကို စားသုံးပေးခြင်းဖြင့် ကာကွယ်ပေးနိုင်သည်။

**အရိုးများကို ကြံ့ခိုင်သန်စွမ်းစေခြင်း**

ဆလတ်ရွက်တွင် အရိုးစတင်ဖြစ်ပေါ်ရန် လိုအပ်သည့် ကော်လာဂျင်၊ အသားဓာတ်များကိုဖြစ်ပေါ်လာစေရန်အတွက် အရေးပါသည့်တွယ်ဆက်တစ်ရှူးများနှင့် အရိုးနုများကျန်းမာစေရန် အထောက်ကူပြုနိုင်သော ဗီတာမင်ကေ၊ အရိုးဆဲလ်အသစ်များဖြစ်ပေါ်ရန်ကူညီသော ဗီတာမင်အေနှင့် အသက်အရွယ်ကြောင့်ဖြစ်သည့် အရိုးပါးခြင်းကို တိုက်ဖျက်ပေးနိုင်သော ဗီတာမင် C တို့ ကြွယ်ဝစွာပါဝင်သောကြောင့် အရိုးပွခြင်းနှင့် အရိုးကျိုးလွယ်ခြင်းတို့ မဖြစ်စေရန် ကာကွယ်ပေးပြီး အရိုးများကို ကြံ့ခိုင်သန်စွမ်းစေနိုင်သည်။

**သွေးတိုးကျစေခြင်း**

ဆလတ်ရွက်ဖျော်ရည်သည် အစာခြေစနစ်၊ သွေးတိုးရောဂါတို့အတွက် ကိုယ်ခန္ဓာအပေါ် ကောင်းကျိုးသက်ရောက်စေနိုင်သည်။ ဆလတ်ရွက်သည် ဝမ်းနုတ်ဆေးနှင့် ဆီးဆေးကဲ့သို့လည်း အကျိုးသက်ရောက်မှုရှိသည်။ လတ်ဆတ်သောအရွက်များကို ပြုတ်ထားသည့်ဆလတ်ရွက်ပြုတ်ရည်ကို နာတာရှည် အစာအိမ်ရောင်နာ၊ ဗီတာမင်စီချို့တဲ့ရောဂါနှင့် အသည်းရောဂါများအတွက် ကုထုံးအဖြစ်လည်း အသုံးပြုကြကြောင်း သိရသည်။

**ကိုယ်ခံအားကောင်းစေခြင်း**

ဆလတ်ရွက်တွင် ရောဂါပိုးများကို သေစေနိုင်သည့်အာနိသင်ရှိသော ဗီတာမင် A နှင့် ဗီတာမင် C တို့ပါဝင်သောကြောင့် ကိုယ်ခံအားကိုကောင်းစေနိုင်သည်။ ချောင်းဆိုးခြင်းနှင့် ခန္ဓာကိုယ်အားနည်းခြင်းများကို သက်သာပျောက်ကင်းရန်အတွက် ဖျားနာနေစဉ် ဆလတ်ရွက်ကို စားသုံးသင့်သည်။

**ဆံသားကျန်းမာစေခြင်း**

ဆလတ်ရွက်သည် ဆံပင်ကြီးထွားမှုနှင့် အမြစ်များကိုသန်မာစေသည့် ဆီလီကွန်နှင့် ဖော့စဖရတ်၏ အရေးပါသောအရင်းအမြစ်တစ်ခုဖြစ်ပြီး ဆာလဖာရှစ်ရာခိုင်နှုန်းနှင့် သံဓာတ် ကိုးရာခိုင်နှုန်းပါဝင်ကာ

စာမျက်နှာ ၅ သို့ á

## ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

( ဂ ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ဧက ၁၉၁၀ စိုက်ပျိုးမည်



ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ဧက ၁၉၁၀ စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ဧက ၁၉၁၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ မတ်ပဲ ဧက ၁၉၁၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ မတ်ပဲတွေ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးကောင်းမျိုးသန့်တွေ၊ ပိုးမွှားရောဂါ ကာကွယ်ရေးနည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးသွားပါမယ်" ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

á စာမျက်နှာ ၄ မှအဆက်

သွေးလည်ပတ်မှုကို အားကောင်းစေပြီး ဆံပင်များသန်စွမ်းမှုကို ပိုမိုထိရောက်စွာမြှင့်တင်ပေးသည်။ သံဓာတ်၊ ဗီတာမင် A၊ ဗီတာမင် C နှင့်ဇင့်ဓာတ်များချို့တဲ့ပါက ဆံပင်အားနည်းခြင်းကို ဖြစ်စေနိုင်သည်။ ဆလတ်ရွက်တွင် ဗီတာမင် K ကြွယ်ဝစွာပါဝင်ပြီး အဆီစုပ်ယူမှုကို ထိန်းညှိပေးသည့်အပြင် ဆံပင်သန်စွမ်းမှုကိုလည်း ကောင်းမွန်စေကာ ဗီတာမင် C က ဆံပင်ဖောက်ထခြင်းမှကာကွယ်ပေးသဖြင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများသည် ဆံပင်ကျွတ်ခြင်းကို လျှော့ချပေးနိုင်သည်။

**ကျန်းမာရေးအကျိုးကျေးဇူးများသော ဆလတ်ဆီ**

ဆလတ်ဆီသည် အိပ်မပျော်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ အာရုံကြောရောင်ရမ်းခြင်းနှင့်နာကျင်ခြင်းတို့ကို သက်သာစေသောဆေးတစ်မျိုးဖြစ်သည်။ ဆလတ်ဆီကို တစ်ရက်လျှင် လက်ဖက်ရည်ဇွန်းနှစ်ဇွန်း သောက်သုံးသင့်ပြီး အရေပြားအတွင်းသို့ စိမ့်ဝင်အောင်ပွတ်လိမ်းပေးပါက အသားအရေကိုပိုမိုကောင်းမွန်စေသည်။ ဆလတ်ဆီသည် အရေပြားကိုအာဟာရဖြည့်ပေးပြီး အရေးအကြောင်းများကိုချောမွေ့စေကာ ကြွက်သားနှင့်အရွတ်များကို ပြန်လည်ကောင်းမွန်စေသည်။ ဆလတ်ဆီကို အာရုံကြောစနစ်ကိုကောင်းမွန်စေရန် စားသုံးပေးနိုင်ပြီး ခန္ဓာကိုယ်နှင့် မျက်နှာနှိပ်နယ်ရန်အတွက် အနှိပ်ဆီအဖြစ်လည်း အသုံးပြုကြသည်။ အိပ်ရာမဝင်မီ ဆလတ်ဆီတစ်ဇွန်းသောက်သုံးပေးခြင်းဖြင့် အိပ်စက်ခြင်းကို ပုံမှန်ဖြစ်စေသည်။

**ဆလတ်ရွက်မစားသုံးသင့်သူများ**

ဆလတ်ရွက်သုပ်သည် အူသိမ်နှင့်အူမကြီးရောင်ရမ်းခြင်း၊ ဂေါက်ရောဂါနှင့် ဆီးလမ်းကြောင်းကျောက်တည်ခြင်းရောဂါရှိသူများကို အန္တရာယ်ဖြစ်စေနိုင်ပြီး ဝမ်းပျက်ဝမ်းလျှောခြင်းနှင့် အူလမ်းကြောင်းရောဂါ ပိုမိုဆိုးရွားလာစေနိုင်သောကြောင့် အဆိုပါအူလမ်းကြောင်းဆိုင်ရာရောဂါရှိသူများအနေဖြင့် ဆလတ်ရွက်ကို မစားသင့်သကဲ့သို့ လေပွန်ရောင်ရမ်းခြင်းကဲ့သို့ ပန်းနာရင်ကျပ်ရောဂါသည်များလည်း ဆလတ်ဆီကို အသုံးမပြုသင့်ကြောင်း သိရသည်။

ဆလတ်ရွက်သည် ကိုလက်စထရောကျစေနိုင်ခြင်း၊ ကင်ဆာရောဂါများမှကာကွယ်ပေးနိုင်ခြင်း၊ အာရုံကြောဆဲလ်များကို ကာကွယ်ပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေးကို ကောင်းကျိုးပြုခြင်း၊ သွေးဖိအားထိန်းညှိပေးနိုင်ခြင်း၊ ရောင်ရမ်းမှုများကိုဆန့်ကျင်ပေးနိုင်ခြင်း၊ အသည်းပျက်စီးခြင်းမှကာကွယ်ပေးခြင်း၊ အမြင်အာရုံတိုးတက်ကောင်းမွန်စေခြင်း၊ ရောဂါပိုးမွှားများကို တိုက်ဖျက်ကာကွယ်ဆန့်ကျင်ပေးနိုင်ခြင်း၊ နှလုံးရောဂါကာကွယ်ပေးနိုင်ခြင်း၊ ပုံမှန်အိပ်ပျော်စေခြင်း၊ စိုးရိမ်ပူပန်မှုကို ထိန်းချုပ်ပေးခြင်း၊ ရောင်ရမ်းခြင်းကို လျော့ကျစေခြင်းနှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများပါဝင်ခြင်း စသည့်ကျန်းမာရေးအကျိုးကျေးဇူးများကို ရရှိစေသည်။ ထို့ပြင် ဆလတ်ရွက်သည် ချက်ပြုတ်ပြင်ဆင်ရလွယ်ကူပြီး ကျန်းမာရေးအတွက် များစွာအကျိုးပြုသည့် သဘာဝအရွက်တစ်မျိုးဖြစ်သောကြောင့် ခန္ဓာကိုယ်ကျန်းမာလန်းဆန်းစေရန်အတွက် အစာလည်းဆေး၊ ဆေးလည်းအစာဆိုကဲ့သို့ နေ့စဉ်စားသောက်မှုပုံစံတွင် လတ်ဆတ်သောဆလတ်ရွက်များကို သင့်တင့်မျှတစွာ ပုံမှန်ထည့်သွင်းစားသုံးပေးသင့်ကြောင်း ရေးသားလိုက်ရပါသည်။

## နေခွင့်ခဏ မြတ်ဖို့ရာ

\- နေခွင့်ခဏ
သည်ဘဝတွင် မကောင်းအင်ကို
ရှောင်ကြဉ်မည်တွေး ဆင်ခြင်ပေး၍
ဝဋ်ကြွေးတမူ ပြစ်မယူဘဲ
ချစ်သူမုန်းသူ အတူတူ
ကြည်ဖြူမေတ္တာ သာစေသား။

\- နေခွင့်ခဏ
သည်ဘဝမှာ ငြိမ်းချမ်းရာသော
မေတ္တာစိတ်ထား ကြင်နာများဖြင့်
ချစ်အားတည်တည် စာနာကြည်လျက်
ပီပြင်သူကောင်း ဖြစ်စေသား။

\- နေခွင့်ခဏ
သည်ဘဝအား သိမြင်ကြား၌
ခံစားဝေခွဲ သတိမြဲ၍
အစွဲမပြု မှန်မှားရှုကာ
လူ့ရွာလောက လှစေသား။

\- နေခွင့်ခဏ
ချိန်ပြည့်ဝသော် ဘဝဖော်မွန်
သွေးတော်သားစပ် ဂုဏ်ဒြပ်စုံရာ
ဘယ်မှာတည်လဲ စွန့်ရမြဲမို့
စိတ်စွဲမှတ်ကာ ဘဝနာကို
ခါခါရှုပွား လှုံ့လထား၍
အင်အားတည်တံ့ ပြည့်မီခံ့လျက်
ဝင်ဆံ့နိဗ္ဗာန် အောင်ဖို့ကြံမည်
ဇော်မုချ ရစေသား။ ။

ကိုရွှေတောသား(ဆင်ကူး)

## သရက်မြို့နယ် ဖျောက်ဆိပ်ခုံကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**သရက် စက်တင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းတဲကျေးရွာအုပ်စု ဖျောက်ဆိပ်ခုံကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးလွင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း အကြောင်းအရာများနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်အချက်များ၊ ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ကိုးဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဖျောက်ဆိပ်ခုံကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် VDP စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

ဆက်လှ

## ဂျီ-၇ စွမ်းအင်ထိပ်သီးဆွေးနွေးပွဲ ပြင်သစ် ဦးဆောင်ကျင်းပမည်

**ပဲရစ် စက်တင်ဘာ ၁၈**

ကမ္ဘာ့ စွမ်းအင်ဈေးကွက် မတည်ငြိမ်မှုများနှင့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ဂျီ-၇ စွမ်းအင်ထိပ်သီးဆွေးနွေးပွဲကြီးကို ပြင်သစ်နိုင်ငံက ဦးဆောင်ကျင်းပမည်ဟု ပြင်သစ်သမ္မတမက်ခရွန်က ကြေညာခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ထိပ်သီးဆွေးနွေးပွဲတွင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်များဆီသို့ အသွင်ကူးပြောင်းရေး၊ စွမ်းအင်လုံခြုံရေး၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုတို့ကို အဓိကထား ဆွေးနွေးသွားမည် ဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများကြား မဟာဗျူဟာမြောက် သဘောတူညီချက်များရရှိရန် ရည်ရွယ်ထားကြောင်း သိရသည်။

ကမ္ဘာ့နိုင်ငံများ အနေဖြင့် စွမ်းအင်ပြတ်တောက်မှု အန္တရာယ်များနှင့် ရင်ဆိုင်နေရချိန်နှင့် ရာသီဥတုဆိုင်ရာ ကတိကဝတ်များကို အကောင်အထည်ဖော်ရန် တွန်းအားပေးနေချိန်တွင် ယခုကဲ့သို့ ဂျီ-၇ အဆင့် စွမ်းအင်ထိပ်သီး ဆွေးနွေးပွဲ ပေါ်ပေါက်လာခြင်းက နိုင်ငံတကာအတွက် အလွန်အရေးပါသော အခန်းကဏ္ဍတွင် တည်ရှိနေသည်။

ပြင်သစ်သမ္မတ၏ ဦးဆောင်မှုဖြင့် ကျင်းပမည့် ယခုဆွေးနွေးပွဲသို့ ဂျီ-၇ အဖွဲ့ဝင်နိုင်ငံများမှ စွမ်းအင်နှင့် စီးပွားရေးဆိုင်ရာ အဆင့်မြင့်ဝန်ကြီးများ၊ အထူးကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်ပြီး ဒေသတွင်းနှင့် ကမ္ဘာ့စွမ်းအင်ဖူလုံရေးအတွက် လက်တွေ့ကျသော မူဝါဒချမှတ်မှုများကို ဖော်ဆောင်သွားမည် ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : YZA**

## တူကီယဲနိုင်ငံတွင် ငွေကြေးဈေးကွက် မမှန်မကန်လုပ်ဆောင်သူများကို ဖမ်းဆီးထိန်းသိမ်း




**အင်ကာရာ စက်တင်ဘာ ၁၈**

တူကီယဲနိုင်ငံအတွင်း ငွေကြေးဈေးကွက်များကို လက်ဝါးကြီးအုပ်ကိုင်တွယ်ခြင်းနှင့် ဈေးကွက်လိမ်လည်မှုများ လုပ်ဆောင်ခဲ့ကြသည့် သံသယရှိသူအများအပြားကို တူကီယဲလုံခြုံရေးတပ်ဖွဲ့များက ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ဖမ်းဆီးမှုများသည် နိုင်ငံ၏ ငွေကြေးတည်ငြိမ်မှုကို ထိခိုက်စေရန် ရည်ရွယ်လုပ်ဆောင်ခဲ့ကြသော ငွေကြေးဆိုင်ရာ မမှန်မကန် လုပ်ဆောင်မှုများ တားဆီးရန်နှင့် ဈေးကွက်စည်းကမ်းများကို တင်းကျပ်ရန်ရည်ရွယ်ချက်ဖြင့် အာဏာပိုင်များက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာမှ ပေါ်ပေါက်လာခြင်းဖြစ်သည်။

တူကီယဲ တရားဥပဒေစိုးမိုးရေး အာဏာပိုင်များ၏ ထုတ်ပြန်ချက်အရ ဈေးကွက်အတွင်း တရားမဝင် ငွေကြေး လွှဲပြောင်းမှုများနှင့် ရင်းနှီးမြှုပ်နှံသူများ အပေါ် လှည့်ဖြားခဲ့သည့် ကွန်ရက်များကို ခြေရာခံဖော်ထုတ်နိုင်ခဲ့ပြီး ဆက်စပ်ပစ္စည်းများနှင့် စာရွက်စာတမ်းများကိုလည်း သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထိုသို့ ငွေကြေးဈေးကွက် မမှန်မကန် လုပ်ဆောင်သူများကို တင်းကျပ်စွာ အရေးယူခြင်းဖြင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို ပြန်လည်တည်ဆောက်ရန်နှင့် စီးပွားရေးလုံခြုံမှုကိုမြှင့်တင်ရန် တူကီယဲအစိုးရက အဓိကထား ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ငွေကြေးလိမ်လည်မှု ကွန်ရက်နှင့် ပတ်သက်နေသူများကို ဆက်လက်ဖော်ထုတ်သွားမည်ဖြစ်ပြီး လိုအပ်သည့် တရားစွဲဆိုမှုများကို ဆက်လက်လုပ်ဆောင် သွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : YZA**

## ဟော်မုဇ်ရေလက်ကြားတွင် ရေနံတင် သင်္ဘောတစ်စီး ဒုံးကျည်ထိမှန်



**လန်ဒန် စက်တင်ဘာ ၁၈**

ဟော်မုဇ်ရေလက်ကြားအတွင်း ဖြတ်သန်းသွားလာနေသည့် ရေနံတင်သင်္ဘောတစ်စီးသည် အမည်မသိ ဒုံးကျည်တစ်စင်းထိမှန်ခဲ့ကြောင်း ဗြိတိန်တော်ဝင်ရေတပ်၏ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလုပ်ငန်းများဌာန (UKMTO) က ထုတ်ပြန်ကြေညာခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါဖြစ်ရပ်နှင့် ပတ်သက်၍ သင်္ဘောသားများ ထိခိုက်ဒဏ်ရာရရှိမှုအခြေအနေနှင့် ပျက်စီးဆုံးရှုံးမှုအသေးစိတ်ကို သက်ဆိုင်ရာအာဏာပိုင်များနှင့် လုံခြုံရေးတပ်ဖွဲ့များက ဆက်လက်စစ်ဆေးအတည်ပြုလျက် ရှိကြောင်း သိရသည်။

မဟာဗျူဟာမြောက် အရေးပါသော ဟော်မုဇ်ရေလက်ကြားတွင် ရေနံတင်သင်္ဘောများ တိုက်ခိုက်ခံရခြင်းသည် ဒေသတွင်းရေကြောင်းလုံခြုံရေးနှင့် ကမ္ဘာ့စွမ်းအင်ထောက်ပံ့ရေး လမ်းကြောင်းများအပေါ် ကြီးမားသောခြိမ်းခြောက်မှုတစ်ခုဖြစ်လာစေသည်။

အရှေ့အလယ်ပိုင်း ဒေသတွင်း တင်းမာမှုများ မြင့်တက်နေချိန် ထိုသို့ တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သောကြောင့် နိုင်ငံတကာ သင်္ဘောလိုင်းများနှင့် ရေနံသယ်ယူပို့ဆောင်ရေး လုပ်ငန်းများအနေဖြင့် လုံခြုံရေးအစီအမံများကို အထူးတလည် တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : YZA**

## ယူဂန်ဒါ၌ လီတာ သန်း ၃၂၀ ဆံ့ ရေနံသိုလှောင်ကန်တည်ဆောက်ရေးလုပ်ငန်း စတင်

**ကမ်ပါလာ စက်တင်ဘာ ၁၈**

ယူဂန်ဒါနိုင်ငံအတွင်း ရေနံနှင့် စွမ်းအင်လုံခြုံရေးကို မြှင့်တင်ရန်အတွက် လီတာသန်း ၃၂၀ ဆံ့သည့် ကြီးမားသော ရေနံသိုလှောင်ကန် တည်ဆောက်ရေး စီမံကိန်းအတွက် ကနဦးလုပ်ငန်းများ စတင် ဆောင်ရွက်နေပြီဖြစ်ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ စီမံကိန်းသည် နိုင်ငံတွင်း စွမ်းအင်ဖြန့်ဖြူးရေးနှင့် လောင်စာဆီ သိုလှောင်မှုစွမ်းရည်ကို သိသာထင်ရှားစွာ မြင့်တက်လာစေရန် အကောင်အထည်ဖော်ခြင်းဖြစ်ပြီး ဒေသတွင်း စွမ်းအင်ကဏ္ဍအတွက် အရေးပါသော မှတ်တိုင်တစ်ခုဖြစ်လာမည် ဖြစ်သည်။

အစိုးရ တာဝန်ရှိသူများနှင့် မိတ်ဖက်အဖွဲ့အစည်းများ တက်ရောက်ခဲ့ကြသည့် အဆိုပါအခမ်းအနားတွင် နိုင်ငံ၏ရေရှည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် စွမ်းအင် အဆောက်အအုံများ ဖွံ့ဖြိုးရေး၏ အခန်းကဏ္ဍကို အလေးပေးဆွေးနွေးခဲ့ကြသည်။

ရေနံသိုလှောင်ကန် တည်ဆောက်ပြီးစီးပါက နိုင်ငံတကာ ရေနံဈေးကွက် အတက်အကျဒဏ်ကို ခံနိုင်ရည်ရှိစေရန်နှင့် ပြည်တွင်း လောင်စာဆီပြတ်လပ်မှု မဖြစ်ပေါ်စေရန် အထောက်အကူပြုမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

စီမံကိန်းကာလအတွင်း ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ပြီး နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဘေးကင်းလုံခြုံစွာ တည်ဆောက်သွားမည် ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : YZA**

## ဆော်ဒီအာရေဗျသို့ F-35 တိုက်လေယာဉ် ၄၈ စင်း ရောင်းချရန် အမေရိကန် အတည်ပြု

**ဝါရှင်တန် စက်တင်ဘာ ၁၈**

အမေရိကန် အစိုးရသည် ဆော်ဒီအာရေဗျနိုင်ငံသို့ ရေဒါဖုံးကွယ်နည်းပညာသုံး F-35 တိုက်လေယာဉ် ၄၈ စင်းရောင်းချမည့် စစ်ဘက်ဆိုင်ရာသဘောတူညီချက်ကို တရားဝင် အတည်ပြု ပေးလိုက်ပြီဖြစ်ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ရောင်းချမှုသဘောတူညီချက်သည် အရှေ့အလယ်ပိုင်း ဒေသတွင်း မဟာမိတ်နိုင်ငံများ၏ ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ပေးရန်နှင့် ဒေသတွင်းလုံခြုံရေး မဟာဗျူဟာအရ အရေးပါသော အစိတ်အပိုင်းတစ်ခု ဖြစ်လာမည် ဖြစ်ကြောင်းသိရသည်။



အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနနှင့် ကွန်ဂရက်လွှတ်တော်တို့၏လုပ်ထုံးလုပ်နည်းများအရ အတည်ပြုချက်ရရှိခဲ့ခြင်း ဖြစ်ပြီး နှစ်နိုင်ငံကြား စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် နည်းပညာဖလှယ်ရေးလုပ်ငန်းများကို ပိုမိုတိုးမြှင့်သွားမည်ဖြစ်သည်။

F-35 ကဲ့သို့ အဆင့်မြင့် တိုက်လေယာဉ်များ တပ်ဆင်ခွင့်ရရှိခြင်းဖြင့် ဆော်ဒီအာရေဗျလေတပ်၏ တိုက်ခိုက်ရေးနှင့် ကာကွယ်ရေးစွမ်းရည်များ သိသာထင်ရှားစွာ မြင့်တက်လာမည်ဖြစ်ပြီး ဒေသတွင်းလေကြောင်း လုံခြုံရေးကို အထောက်အကူပြုမည် ဖြစ်သည်။

သို့သော် ဤလက်နက်ရောင်းချမှုနှင့်ပတ်သက်၍ ဒေသတွင်းမဟာဗျူဟာမြောက် အခြေအနေများနှင့် နိုင်ငံတကာ နိုင်ငံရေးအခြေအနေများအပေါ် မူတည်၍ အမျိုးမျိုးသော သုံးသပ်ဆွေးနွေးမှုများလည်း ထွက်ပေါ်လျက်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : YZA**

# တရုတ်နိုင်ငံက အင်တာနက်ဂြိုဟ်တုအုပ်စုသစ်ကို အောင်မြင်စွာလွှတ်တင်



**ပေကျင်း စက်တင်ဘာ ၁၈**

တရုတ်နိုင်ငံသည် အင်တာနက်ဂြိုဟ်တုများ ပါဝင်သော အုပ်စုသစ်ကို လောင်းမတ်ချ်-၁၂ ဒုံးပျံဖြင့် ဟိုင်နန်ကျွန်းရှိ အာကာသယာဉ် လွှတ်တင်ရေးစခန်းမှ အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း စက်တင်ဘာ ၁၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ ဒုံးပျံသည် ပေကျင်းစံတော်ချိန် စက်တင်ဘာ ၁၇ ရက် နံနက် ၈ နာရီ ၃၂ မိနစ်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး ဂြိုဟ်တုများသည် သတ်မှတ် ပတ်လမ်းအတွင်းသို့ အောင်မြင်စွာ ဝင်ရောက်ခဲ့ကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူများက အတည်ပြုပြောကြားခဲ့သည်။

ယခုလွှတ်တင်ခဲ့သည့်ဂြိုဟ်တုများသည် တရုတ်နိုင်ငံ၏ ၂၅ ကြိမ်မြောက် ကမ္ဘာပတ်လမ်းနိမ့် အင်တာနက်ဂြိုဟ်တုအုပ်စု (Low-Orbit Internet Satellites) ဖြစ်ပြီး ဒစ်ဂျစ်တယ် ဆက်သွယ်ရေးကွန်ရက် ပိုမိုကျယ်ပြန့်လာစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂြိုဟ်တုများသည် အရည်အသွေးမြင့်မားပြီး နှောင့်နှေးမှုမရှိသော အင်တာနက်ဝန်ဆောင်မှုများကို ကမ္ဘာတစ်ဝန်းလုံးသို့ ပေးအပ်နိုင်ရေးအတွက် အဓိက မဟာဗျူဟာမြောက် ကွန်ရက်၏ အစိတ်အပိုင်းတစ်ခု ဖြစ်ကြောင်း သိရသည်။

ထိုသို့ လွှတ်တင်မှုသည် လောင်းမတ်ချ်စီးရီး သယ်ယူပို့ဆောင်ရေးဒုံးပျံများ၏ အာကာသသို့ အောင်မြင်စွာလွှတ်တင်နိုင်ခဲ့သည့် အရေးပါသော ခရီးစဉ်တစ်ခုဖြစ်ပြီး တရုတ်နိုင်ငံ၏ အာကာသနည်းပညာနှင့် စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို ပေါ်လွင်စေကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : YZA**

# ကိုယ်ခံအားစနစ် တုံ့ပြန်မှုလွန်ကဲခြင်းက လျင်မြန်စွာ အိုမင်းရင့်ရော်မှုဖြစ်စေနိုင်

**ဂျေရုဆလင် စက်တင်ဘာ ၁၈**

အိုမင်းရင့်ရော်ခြင်းဆိုင်ရာ မျိုးရိုးဗီဇရောဂါအချို့သည် DNA ပျက်စီးမှု သက်သက်ကြောင့်သာမက ခန္ဓာကိုယ်၏ အလွန်အမင်း တုံ့ပြန်မှုလွန်ကဲခြင်းကြောင့်လည်း ဖြစ်ပေါ်လာနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ စက်တင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။

သုတေသနပြုချက်များအရ ဆဲလ်အတွင်းရှိ DNA အပိုင်းအစများ မှားယွင်းပျံ့နှံ့သွားသည့်အခါ ကိုယ်ခံအားစနစ်ဆိုင်ရာ cGAS အာရုံခံကိရိယာက ဖိုင်းရပ်ပိုး ဝင်ရောက်သည်ဟု မှားယွင်းထင်မှတ်ကာ စဉ်ဆက်မပြတ်ရောင်ရမ်းမှုများကို ဖြစ်ပွားစေပြီး ကိုယ်တိုင်ပြုပြင်နိုင်စွမ်းကိုပါ အနှောင့်အယှက်ပေးကြောင်း သိရသည်။

အစ္စရေးနိုင်ငံ ဟီးဘရူး တက္ကသိုလ်မှ ပါမောက္ခ အီတမာ ဟာရယ်နှင့် ဒေါက်တာ မာဗာ ဘာ့ဂ်မန်းတို့ ဦးဆောင်သော နိုင်ငံတကာသုတေသီများသည် အဆိုပါ ကိုယ်ခံအားစနစ်၏ မှားယွင်းသော သတိပေးချက်ကို လျှော့ချပေးနိုင်ခြင်းအားဖြင့် ခန္ဓာကိုယ်တွင်းရှိ တစ်ရှူးကျန်းမာရေးနှင့်ကိုယ်တွင်း အင်္ဂါစနစ်များကို ပိုမိုကောင်းမွန်လာစေနိုင်ကြောင်း ပြောကြားသည်။

ယခင်က မျိုးရိုးဗီဇနှင့် အိုမင်းရင့်ရော်မှုဆိုင်ရာ သုတေသနများတွင် DNA ပျက်စီးမှုကိုသာ အဓိကထားကုသရန် စဉ်းစားခဲ့ကြသော်လည်း ယခုတွေ့ရှိချက် အသစ်အရ ခန္ဓာကိုယ်၏ ရောင်ရမ်းမှုဆိုင်ရာ တုံ့ပြန်ပုံကိုထိန်းချုပ်ခြင်းဖြင့် အိုမင်းရင့်ရော်မှုနှင့် ဆက်စပ်နေသော ယိုယွင်းပျက်စီးမှုများကို ကုသနိုင်မည့် လမ်းစသစ်တစ်ခု ပေါ်ပေါက်လာပြီဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : YZA**

# ပလူတိုဂြိုဟ်၏ရေခဲပြင်များအောက်ရှိ အရည်ပျော်နေသော နိုက်ထရိုဂျင်အရည်များ အက်ကြောင်းများမှမျက်နှာပြင်ပေါ်သို့ စီးဆင်းထွက်ပေါ်လျက်ရှိ

**ဝါရှင်တန် စက်တင်ဘာ ၁၈**

ပလူတိုဂြိုဟ်၏ ရေခဲပြင်များအောက်ရှိ အရည်ပျော်နေသော နိုက်ထရိုဂျင်အရည်များ အက်ကြောင်းများမှတစ်ဆင့် မျက်နှာပြင်ပေါ်သို့ စီးဆင်းထွက်ပေါ်လျက်ရှိသည်ကို တွေ့ရှိခဲ့ကြောင်း အမေရိကန် သုတေသနဌာနမှ ပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်ဟု စက်တင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။

အဆိုပါ လေ့လာတွေ့ရှိမှုသည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ နူးမားစ်ဟော်ရီဇွန် အာကာသယာဉ်မှ ပေးပို့ခဲ့သောပုံရိပ်များနှင့် စူပါကွန်ပျူတာစံပြု ပုံစံများအပေါ် အခြေခံထားခြင်းဖြစ်ပြီး ပလူတိုဂြိုဟ်သည် ပြင်ပမှကြည့်ရသကဲ့သို့ အေးခဲငြိမ်သက်နေခြင်း မဟုတ်ဘဲ ဘူမိဗေဒအရ လှုပ်ရှားမှုများ ကြွယ်ဝနေဆဲဖြစ်ကြောင်း ပြသနေသည်။



ပလူတိုဂြိုဟ်ပေါ်မှ ကြီးမားလှသော ရေခဲမြစ်ပြင်၏ မြောက်ဘက်အစွန်းနားရှိ အမည်းစက်များနှင့် အကြောင်းရာများကို အသေးစိတ် ဆန်းစစ်ခဲ့ရာတွင် ကမ္ဘာမြေပေါ်ရှိ ရေခဲပြင်များတွင် ရေများ စီးဆင်းပြီးနောက် ဖြစ်ပေါ်တတ်သည့်ပုံစံများနှင့် ဆင်တူနေသည်ကို သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါလေ့လာမှု၏ ခေါင်းဆောင် ဒေါက်တာအလန်စတန်း၏ ပြောကြားချက်အရ အဆိုပါ ရေခဲမြစ်၏ အောက်ခြေနက်ရှိုင်းရာတွင် အပူချိန်နှင့် ဖိအားများကြောင့် နိုက်ထရိုဂျင်များသည် အရည်အဖြစ်သို့ ပြောင်းလဲသွားကာ ကျဉ်းမြောင်းသော အက်ကြောင်းများမှတစ်ဆင့် ဖိအားဖြင့် မျက်နှာပြင်ပေါ်သို့ မြင့်တက်လာခြင်းဖြစ်နိုင်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : YZA**

# ဦးနှောက်အာရုံကြောဆဲလ်များကို လေ့လာနိုင်မည့် အင်ဒိုစကုပ်နည်းပညာသစ် သုတေသီများပုံဖော်နိုင်

**ဘာလင် စက်တင်ဘာ ၁၈**

လူ့ဦးနှောက်အတွင်းရှိ အာရုံကြောဆဲလ်များ တစ်ခုနှင့်တစ်ခု အချက်အလက် ဖလှယ်ရာတွင် ဖြစ်ပေါ်သည့် ပြောင်းလဲမှုများကို အလွန်သေးငယ်သော အင်ဒိုစကုပ်ကိရိယာများအသုံးပြုကာ တိုက်ရိုက်စောင့်ကြည့်လေ့လာနိုင်မည့် နည်းပညာသစ်တစ်ရပ်ကို ဂျာမနီ သုတေသီများက ပုံဖော်နိုင်ခဲ့ကြကြောင်း စက်တင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။

အဆိုပါနည်းပညာသည် အာရုံကြောဆိုင်ရာ ရောဂါဝေဒနာများ ဖြစ်ကြသည့် အယ်ဇိုင်းမားနှင့် ပါကင်ဆန်ရောဂါများကို စောစီးစွာ ရှာဖွေဖော်ထုတ်ကုသရာတွင် ဆေးပညာလောကအတွက် ကြီးမားသော အောင်မြင်မှုတစ်ရပ် ဖြစ်လာစေမည်ဖြစ်သည်။

သာမန် ဆေးဘက်ဆိုင်ရာ ပုံရိပ်ဖော်စနစ်များဖြင့် မမြင်နိုင်သည့် ဆဲလ်အသေးစား အစိတ်အပိုင်းများကိုပါ ရှင်းလင်းစွာ မြင်တွေ့ရအောင် ဖန်တီးပေးနိုင်ခြင်းက ဤနည်းပညာ၏ အကြီးမားဆုံးအားသာချက် တစ်ရပ်ဖြစ်ကြောင်း၊ ဆေးပညာရှင်များအနေဖြင့် ဦးနှောက်အတွင်းပိုင်းရှိ ဆဲလ်များ ပျက်စီးရသည့် အကြောင်းရင်းများကို ပိုမိုတိကျစွာ လေ့လာနိုင်မည်ဖြစ်ပြီး ရောဂါကုသရေးဆိုင်ရာ ဆေးဝါးအသစ်များကိုလည်း တိကျသေချာစွာ စမ်းသပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဂျာမနီ သုတေသန ပညာရှင်များက ယခုနည်းပညာကို လူနာများတွင် လက်တွေ့အသုံးပြုကုသနိုင်ရေး အတွက် ဆေးဘက်ဆိုင်ရာ စံနှုန်းများနှင့်အညီ ဆက်လက်စမ်းသပ်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**Ref : Russia Today**
**Trs : YZA**



# ကုန်ကျစရိတ်သက်သာပြီး စွမ်းဆောင်ရည်မြင့်မားလာသည့် တရုတ်နိုင်ငံ၏ AI မော်ဒယ်များ ကမ္ဘာ့နည်းပညာဈေးကွက်ကို လွှမ်းခြုံလာ

**ပေကျင်း စက်တင်ဘာ ၁၈**

အမေရိကန်နိုင်ငံ ဆီလီကွန်တောင်ကြားရှိ နည်းပညာကုမ္ပဏီကြီးများမှ ငွေကြေးအမြောက်အမြား အကုန်အကျခံ ထုတ်လုပ်ထားသည့် အဆင့်မြင့် AI မော်ဒယ်များနှင့် နှိုင်းယှဉ်ပါက တရုတ်နိုင်ငံမှ ထုတ်လုပ်ထားသည့် ကုန်ကျစရိတ်သက်သာပြီး လူတိုင်းလွတ်လပ်စွာ အသုံးပြုနိုင်သော စွမ်းဆောင်ရည် မြင့်မားလာသည့် AI မော်ဒယ်များသည် ကမ္ဘာ့နည်းပညာဈေးကွက်ကို လွှမ်းခြုံလာပြီဖြစ်ကြောင်း စက်တင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။

နည်းပညာလေ့လာသူများ၏ ဖော်ပြချက်အရ အနောက်နိုင်ငံများမှ ထိပ်တန်း AI မော်ဒယ်များနှင့် ဈေးကွက်အတွင်း အကောင်းဆုံး တရုတ်မော်ဒယ်များကြား စွမ်းဆောင်ရည်ကွာဟချက်မှာ ယခုအလွန်ကျဉ်းမြောင်းသွားပြီဖြစ်ကြောင်းနှင့် ကုန်ကျစရိတ်မှာလည်း ငါးပုံတစ်ပုံခန့်သာ ကျသင့်တော့ကြောင်း သိရသည်။

ထိုသို့ ကုန်ကျစရိတ် သက်သာပြီး စွမ်းဆောင်ရည်ကွာဟမှု နည်းပါးလာခြင်းကြောင့် လုပ်ငန်းသုံးနှင့် နေ့စဉ်သုံး ဆောင်ရွက်ချက်များတွင် ငွေကြေးများစွာ အကုန်အကျခံရသည့် ပရီမီယံ မော်ဒယ်များအစား ပိုမိုလွယ်ကူသက်သာသည့် မော်ဒယ်များကို ပြောင်းလဲ အသုံးပြုလာကြခြင်း ဖြစ်ကြောင်း နည်းပညာလေ့လာသူများ၏ အဆိုအရ သိရသည်။

အထူးသဖြင့် တရုတ်နိုင်ငံမှ ထွက်ရှိလာသော AI နည်းပညာများသည် အမေရိကန်၏ ထိပ်တန်းနည်းပညာများနှင့် ရင်ပေါင်တန်းလာနိုင်ပြီဖြစ်ရာ ကမ္ဘာ့နည်းပညာလောကတွင် ပြိုင်ဆိုင်မှုအသစ်တစ်ခု ဖြစ်ပေါ်နေပြီဟု ကျွမ်းကျင်သူများက သုံးသပ်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : YZA**

# တိုင်ဆန်ဖြူရီနှင့် အန်သိုနီဂျိုရှူအာတို့ပွဲစဉ်ကို ဝေးလ်နိုင်ငံ ကာဒစ်ဖ်မြို့တွင် ထိုးသတ်ရန်နီးစပ်နေဟု ပွဲစီစဉ်သူ အက်ဒီဟီရန်ပြောကြား

**လန်ဒန် စက်တင်ဘာ ၁၈**

အင်္ဂလန် ထိပ်တန်းလက်ဝှေ့သမားများဖြစ်သည့် တိုင်ဆန်ဖြူရီနှင့် အန်သိုနီဂျိုရှူအာတို့ပွဲစဉ်ကို ဝေးလ်နိုင်ငံ ကာဒစ်ဖ်မြို့တွင် ကျင်းပရန် နီးစပ်နေသည်ဟု ပွဲစဉ်စီစဉ်သူ အက်ဒီဟီရန်ကပြောကြားခဲ့ကြောင်း Source Boxing သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

တိုင်ဆန်ဖြူရီနှင့် အန်သိုနီဂျိုရှူအာတို့ ထိုးသတ်ရန် နှစ်ဖက်ဆွေးနွေးနေမှုမှာ ကာလကြာရှည်နေပြီး အစောပိုင်းက ပထမအကြိမ်ဆွေးနွေးမှုကို တိုင်ဆန်ဖြူရီဘက်မှ ရပ်ဆိုင်းခဲ့သော်လည်း နောက်ပိုင်းတွင် ဒုတိယအကြိမ်ပြန်လည်ဆွေးနွေးခဲ့ရာမှ ထိုးသတ်ရန်သဘောတူညီမှုရရှိထားခြင်းဖြစ်သည်။

တိုင်ဆန်ဖြူရီနှင့် အန်သိုနီဂျိုရှူအာတို့ကြား ထိုးသတ်ရန် သဘောတူညီမှုရရှိခဲ့ပြီးနောက် အစောပိုင်းက နိုဝင်ဘာ ၂၈ ရက်တွင် ထိုးသတ်ရန်ညှိနှိုင်းခဲ့သော်လည်း ယခုအခါ ဒီဇင်ဘာ ၁၂ ရက်တွင် ထိုးသတ်ရန် နီးစပ်နေခြင်းဖြစ်သည်။

အက်ဒီဟီရန်က "ဂျိုရှူအာအနေနဲ့ ဒီပွဲကို အမေရိကန်မှာ ထိုးသတ်မယ်ဆိုရင် ထိုးသတ်ကြေး သန်းပေါင်းများစွာ ပိုမိုရရှိနိုင်တယ်ဆိုပေမဲ့သူက ဗြိတိန်မှာပဲထိုးဖို့တောင်းဆိုထားတာပါ။ ပွဲစဉ်ကို ဝေးလ်နိုင်ငံကကာဒစ်ဖ်မြို့မှာ ကျင်းပဖို့ ပိုများပါတယ်။ ဖြူရီဘက်ကလဲ ကာဒစ်ဖ်မှာ ကျင်းပချင်နေတာပါ" ဟုပြောကြားခဲ့ကြောင်း သိရသည်။

Ref : Source Boxing

Trs : STA




# La Sella Open အမျိုးသမီးဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို အန်နာဇာနူဆို ဦးဆောင်

**မက်ဒရစ် စက်တင်ဘာ ၁၈**

စပိန်နိုင်ငံတွင် ကျင်းပနေသည့် La Sella Open အမျိုးသမီးဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့ပွဲစဉ်အဖြစ် စက်တင်ဘာ ၁၇ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ အီတလီ ဂေါက်သီးရိုက်မယ် အန်နာဇာနူဆိုက သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျော့ရိုက်ပြီး အမှတ်ပေးဇယား ထိပ်ဆုံးမှ ဦးဆောင်နေကြောင်း Ladies European သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

La Sella Open အမျိုးသမီး ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့ပွဲစဉ်ကျင်းပချိန်တွင် စပိန်နိုင်ငံ ဒီနီးယားမြို့၌ မိုးသည်းထန်စွာရွာသွန်းခဲ့သည့်အတွက် ပြိုင်ပွဲကို သတ်မှတ်ချိန်ထက် နှစ်နာရီခွဲခန့်စောင့်ဆိုင်းပြီး ကျင်းပခဲ့ရခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အန်နာဇာနူဆိုသည် ပုံစံကောင်းပြသခဲ့ပြီး ပွဲစဉ်များအပြီးတွင် ပြိုင်ဘက်ကစားသမားများထက် နှစ်ချက်လျော့အသာဖြင့် ဦးဆောင်ခဲ့ခြင်းဖြစ်သည်။

La Sella Open အမျိုးသမီး ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီး အန်နာဇာနူဆို၏နောက်တွင် ပြင်သစ်ဂေါက်သီးရိုက်မယ် အာရီနီကာလို့စ်၊ ဂျမေကာဂေါက်သီးရိုက်မယ် မာကန်နက်၊ အင်္ဂလန်ဂေါက်သီးရိုက်မယ် ဂျန်မာ၊ ဂျာမနီဂေါက်သီးရိုက်မယ် ဟီလန်ဘရန်း၊ အင်္ဂလန်ဂေါက်သီးရိုက်မယ် စခရင်တို့က သတ်မှတ်ချက်ရိုက်ထက် လေးချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နေသည်။

အဆိုပါ La Sella Open အမျိုးသမီး ဂေါက်သီးရိုက်ပြိုင်ပွဲကို စက်တင်ဘာ ၂၀ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

Ref : Ladies European

Trs : STA

# တရုတ်အိုးပင်းအမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၁)မှ (၁၀)အတွင်းကစားသမားအားလုံး ပါဝင်ကစားမည်

**ပေကျင်း စက်တင်ဘာ ၁၈**



တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် တရုတ်အိုးပင်း အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွင် လက်ရှိကမ္ဘာ့အဆင့်(၁) မှ (၁၀) နေရာအတွင်းရပ်တည်နေသည့် တင်းနစ်မယ်အားလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဟု WTA အဖွဲ့ချုပ်က အတည်ပြုထားကြောင်း TNT Sports သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၅ ခုနှစ်က ကျင်းပခဲ့သည့် အဆိုပါ ပြိုင်ပွဲတွင် အမေရိကန် တင်းနစ်မယ်များဖြစ်သည့် ကိုကိုဂတ်ဖ်က ပီဂူလာကို အနိုင်ရခဲ့ကာ ချန်ပီယံဆုဆွတ်ခူးထားပြီး ယခုနှစ်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံအဖြစ် ဝင်ရောက် ကစားမည်ဖြစ်သည်။

တရုတ်အိုးပင်း အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၁) ကာဇက်စတန် တင်းနစ်မယ် ရိုင်ဘာကီနာ၊ အဆင့်(၂)နေရာမှ ဘယ်လာရုစ်တင်းနစ်မယ်ဆာဘာလင်ကာ၊ အဆင့်(၃)နေရာမှ ပီဂူလာ၊ အဆင့် (၄)နေရာမှ ကိုကိုဂတ်ဖ်၊ အဆင့်(၅)နေရာမှ ရုရှားတင်းနစ်မယ် အန်ဒရီဗာ၊ အဆင့် (၆)နေရာမှ ချက်တင်းနစ်မယ် နော့စ်ကိုဗာ၊ အဆင့်(၇)နေရာမှ ယူကရိန်းတင်းနစ်မယ် စဗစ်တိုလီနာ၊ အဆင့်(၈)နေရာမှ ချက်တင်းနစ်မယ် မူချိုဗာ၊ အဆင့်(၉) နေရာမှ ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်၊ အဆင့်(၁၀) နေရာမှ ယူကရိန်းတင်းနစ်မယ် ကော့ယူခ်တို့ အားလုံးပါဝင်ကစားမည်ဟု WTA အဖွဲ့ချုပ်ကအတည်ပြုထားခြင်းဖြစ်သည်။

တရုတ်အိုးပင်း အမျိုးသမီး တင်းနစ်ပြိုင်ပွဲသည် WTA 1000 အဆင့်ရှိပြိုင်ပွဲဖြစ်ပြီး လာမည့် အောက်တိုဘာ ၁၂ ရက်မှ ၁၈ ရက်ထိ တရုတ်နိုင်ငံ ဝူဟန်မြို့တွင် ကျင်းပမည်ဖြစ်ကာ စုစုပေါင်း တင်းနစ်မယ် ၅၆ ဦး ပါဝင် ကစားမည်ဖြစ်ကြောင်း သိရသည်။

Ref : TNT Sports

Trs : STA

# Mandalar Futsal League 2026 ပြိုင်ပွဲ ပွဲစဉ်(၂)အပြီး TG United အသင်း အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်

**မန္တလေး စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီးဖူဆယ်ဆပ်ကော်မတီက ကြီးမှူးကျင်းပနေသည့် Mandalar Futsal League 2026 ပြိုင်ပွဲ စက်တင်ဘာ ၁၇ ရက်က ပွဲစဉ်(၂)အပြီးတွင် TG United အသင်းက ဂိုးကွာခြားချက်အသာ ရမှတ်ခြောက်မှတ်ဖြင့် အမှတ်ပေးဇယား ထိပ်ဆုံးမှ ဦးဆောင်နေကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် စက်တင်ဘာ ၁၅ ရက်မှစတင်ပြီး မန္တလေးမြို့ မန္တလာသီရိ အားကစားကွင်းရှိ Multipurpose Stadium တွင် အောက်တိုဘာ ၁၅ ရက်ထိကျင်းပမည်ဖြစ်သည်။

Mandalar Futsal League 2026 ပြိုင်ပွဲ ပွဲစဉ်(၂)အပြီးတွင် TG United အသင်းက နှစ်ပွဲနိုင် ဂိုးကွာခြားချက်အသာ ရမှတ်ခြောက်မှတ်ဖြင့် ထိပ်ဆုံးမှဦးဆောင်ခဲ့ပြီး Pyae Sone အသင်းကလည်း ရမှတ် ခြောက်မှတ်ဖြင့် အဆင့်(၂)၊ Mali Kyal Sin အသင်းက ရမှတ်လေးမှတ်ဖြင့် အဆင့်(၃)၊ Black Wolves အသင်းက ရမှတ်လေးမှတ်ဖြင့် အဆင့်(၄)၊ SK အသင်းက ရမှတ်သုံးမှတ် ဂိုးကွာခြားချက်အသာဖြင့် အဆင့်(၅)၊ KH အသင်းက ရမှတ်သုံးမှတ်ဖြင့် အဆင့်(၆)၊ AYA Panpu အသင်းက ရမှတ် သုံးမှတ်ဖြင့် အဆင့်(၇)၊ Glory အသင်း၊ Mogyo အသင်း၊ MDY Youth အသင်းတို့က ရမှတ်မရရှိသေးဘဲ ဂိုးကွာခြားချက်ဖြင့် အစဉ်လိုက်ရပ်တည်နေသည်။

Mandalar Futsal League 2026 ပြိုင်ပွဲ ပွဲစဉ်(၃)ပွဲစဉ်များကို စက်တင်ဘာ ၂၀ ရက်တွင် မန္တလာသီရိအားကစားကွင်းရှိ Multipur-pose Stadium တွင် ဆက်လက်ကျင်းပ မည်ဖြစ်ကြောင်း သိရသည်။

STA

# ပီအက်စ်ဂျီအသင်းက အသင်းမှအဓိကကစားသမား ဒမ်ဘီလီကို ၂၀၃၀ ပြည့်နှစ်ထိ သက်တမ်းတိုး စာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိ

**ပဲရစ် စက်တင်ဘာ ၁၈**

ပီအက်စ်ဂျီအသင်းက အသင်းမှ အဓိက တိုက်စစ်ကစားသမား ဒမ်ဘီလီကို ၂၀၃၀ ပြည့်နှစ်ထိ သက်တမ်းတိုးစာချုပ်သစ် ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့ကြောင်း 365 Scores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၈ နှစ်ရှိ ဒမ်ဘီလီသည် ၂၀၂၃ ခုနှစ်က ဘာစီလိုနာအသင်းမှ ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး ပထမဆုံးဘောလုံးရာသီတွင် ခြေစွမ်းပြသနိုင်ရန် ရုန်းကန်ခဲ့ရသော်လည်း ၂၀၂၄-၂၀၂၅ ဘောလုံးရာသီတွင် အကောင်းဆုံးခြေစွမ်းပြသခဲ့သူဖြစ်သည်။



ဒမ်ဘီလီသည် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီက ပီအက်စ်ဂျီအသင်း ချန်ပီယံလိဂ်ဖလားအပါအဝင် ဆုဖလားခြောက်လုံးထိ ဆွတ်ခူးခဲ့ရာတွင် အဓိက ကစားသမားအဖြစ် ပါဝင်ခဲ့ကာ ပြိုင်ပွဲစုံ ၄၉ ပွဲတွင် သွင်းဂိုး ၃၃ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၃ ကြိမ်ပြုလုပ်ခဲ့ပြီး ၂၀၂၅ ခုနှစ်၏ ကမ္ဘာ့တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကိုပါ ဆွတ်ခူးခဲ့သည်။

ပီအက်စ်ဂျီအသင်းနှင့် ဒမ်ဘီလီတို့ စာချုပ်သက်တမ်းမှာ လာမည့် ၂၀၂၈ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ပီအက်စ်ဂျီအသင်းက အဓိကကစားသမားတစ်ဦးကို အသင်းတွင်ဆက်လက် ထိန်းသိမ်းထားလိုသည့်အတွက် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုများလုပ်ဆောင်ခဲ့ရာမှ ၂၀၃၀ပြည့်နှစ်ထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : 365 Scores

Trs : STA

## စပိန်နိုင်ငံ အရှေ့ပိုင်းနှင့်မြေထဲပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် လမ်းပန်းဆက်သွယ်ရေးများ အခက်အခဲဖြစ်ပေါ်နေ



**မက်ဒရစ် စက်တင်ဘာ ၁၈**

စပိန်နိုင်ငံ အရှေ့ပိုင်းနှင့် မြေထဲပင်လယ် ကမ်းရိုးတန်းတစ်လျှောက်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေသဖြင့် လမ်းပန်းဆက်သွယ်ရေးများ အခက်အခဲဖြစ်ပေါ်နေကြောင်း စပိန်နိုင်ငံ မိုးလေဝသဌာန (AEMET)၏ ယနေ့ထုတ်ပြန်ချက်များအရ သိရသည်။

ရေကြီးရေလျှံမှုကြောင့် ရေစီးနှင့်အတူ မျောပါသွားခဲ့သည့်ယာဉ်တစ်စီးမှ အမျိုးသားတစ်ဦး၏ ရုပ်အလောင်းကိုလည်း ရှာဖွေတွေ့ရှိခဲ့ကြောင်း အရေးပေါ်ကယ်ဆယ်ရေး အဖွဲ့များက ပြောကြားခဲ့သည်။

စပိန်နိုင်ငံ မိုးလေဝသဌာနက ကာတာလိုနီးယား၊ ဗလင်စီယာနှင့် အရှေ့ပိုင်းဒေသတချို့အတွက် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မုန်တိုင်း အန္တရာယ်များကြောင့် လိမ္မော်ရောင် မိုးလေဝသသတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း၊ ထို့ပြင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဗလင်စီယာဒေသတွင် လမ်းများ ရေလွှမ်းမိုးခဲ့ပြီး ဗလင်စီယာလေဆိပ်ကို ယာယီပိတ်ထားခဲ့ရကာ ဆိုက်ရောက်မည့် လေယာဉ် ၁၂ စင်းကို အခြားလေဆိပ်များသို့ လမ်းကြောင်း ပြောင်းလဲပေးခဲ့ရကြောင်း သိရသည်။

မိုးလေဝသ ခန့်မှန်းချက်များအရ ဗလင်စီယာ၊ မာစီယာ၊ ကာစတီးယား - လာမန်ချာနှင့် အယ်လ်မီးရီးယာ ဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများ ဆက်လက်ဖြစ်ပေါ်နိုင်ပြီး မိုးကြိုးမုန်တိုင်းတချို့မှာ ဘာလီယာရစ်ကျွန်းစုများဘက်သို့ ရွေ့လျားနိုင်ကြောင်း၊ ထို့ကြောင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများ ဆက်လက်ဖြစ်ပေါ်လာနိုင်ကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူများက ပြည်သူများကို သတိပေးထားပြီး မိုးလေဝသ သတိပေးချက်များကို အလေးထားလိုက်နာကြရန် တိုက်တွန်းထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KZ**

## အိန္ဒိယနိုင်ငံ မဟာရက်ရှ်သရာပြည်နယ်တွင် မိုးခေါင်မှုပြဿနာအရေးပေါ်အခြေအနေအဖြစ် သတ်မှတ်

**နယူးဒေလီ စက်တင်ဘာ ၁၈**

အိန္ဒိယနိုင်ငံ မဟာရက်ရှ်သရာပြည်နယ်တွင် မိုးခေါင်မှုပြဿနာ အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်လိုက်ကြောင်း အိန္ဒိယ မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာန(IMD) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ပြည်နယ်အစိုးရက မိုးခေါင်မှုတိုက်ဖျက်ရေးအတွက် အရေးပေါ် အစည်းအဝေးတစ်ရပ် ပြုလုပ်ပြီး စီမံချက်များဖြင့် ဆောင်ရွက်သွားရန် ကော်မတီတစ်ရပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ တောင်သူများကို ကူညီထောက်ပံ့ပေးသွားမည့် အစီအစဉ်များ ပြင်ဆင်နေပြီဖြစ်ကြောင်း မဟာရက်ရှ်သရာပြည်နယ်ဝန်ကြီးချုပ် ဘန်နီက ပြောကြားခဲ့သည်။

"မဟာရက်ရှ်သရာပြည်နယ်ရှိခရိုင်တွေမှာ မိုးခေါင်မှုပြဿနာနဲ့ ရင်ဆိုင်နေရပါတယ်။ ကျွန်တော့်အနေနဲ့ ခရိုင်ငါးခရိုင်လောက်ကိုတော့ သွားရောက်စစ်ဆေးခဲ့ပြီးဖြစ်ပါတယ်။ မိုးခေါင်မှုအခြေအနေဟာ တော်တော်လေးကို ဆိုးရွားပါတယ်။ ရက်ပေါင်း ၅၀ ကျော်လောက်ထိ မိုးမရွာတဲ့အတွက် စိုက်ပျိုးမွေးမြူရေး ကဏ္ဍအသီးသီးမှာ ကြီးမားတဲ့ ဆုံးရှုံးမှုတွေ ဖြစ်ပေါ်နေပါတယ်။ ဒါကြောင့် မဟာရက်ရှ်သရာပြည်နယ်ကို မိုးခေါင်မှုအရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ပါတယ်။ ကျွန်တော်သွားရောက်စစ်ဆေးခဲ့တဲ့ ခရိုင်တွေဟာ မိုးခေါင်မှုပြဿနာနဲ့ အဆိုးရွားဆုံး ရင်ဆိုင်နေရတဲ့ ခရိုင်တွေဖြစ်ပါတယ်။ တောင်သူတွေ တော်တော်လေးကို အခက်တွေ့နေပါတယ်။ တောင်သူတွေကို ထောက်ပံ့ရေး အစီအစဉ်တွေဆောင်ရွက်သွားဖို့လဲ ပြင်ဆင်နေပါတယ်"ဟု မဟာရက်ရှ်သရာပြည်နယ် ဝန်ကြီးချုပ် ဘန်နီက ပြောကြားခဲ့သည်။



**Ref : Sputnik News**
**Trs : Sai Sat**

## အမေရိကန်နိုင်ငံ အာကန်ဆက်ပြည်နယ် အရှေ့မြောက်ဘက်ပိုင်းဒေသများတွင် မိုးခေါင်ပြီး စီးပွားရေးဆိုင်ရာဆုံးရှုံးမှုများဖြင့် ရင်ဆိုင်နေရ

**ဝါရှင်တန် စက်တင်ဘာ ၁၈**

အမေရိကန်နိုင်ငံ အာကန်ဆက်ပြည်နယ် အရှေ့မြောက်ဘက်ပိုင်းဒေသများတွင် မိုးခေါင်ပြီး စီးပွားရေးဆိုင်ရာ ဆုံးရှုံးမှုများဖြင့် ရင်ဆိုင်နေရကြောင်း အာကန်ဆက်ပြည်နယ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင်ဖော်ပြထားသည်။

မိုးခေါင်မှုပြဿနာကြောင့် ဒေသခံပြည်သူများကို သောက်သုံးရေ အကန့်အသတ်ဖြင့် ပေးဝေသွားမည် ဖြစ်ကြောင်း၊ ထို့ပြင် စိုက်ပျိုးမွေးမြူရေးကဏ္ဍသို့ ရေပေးဝေမှုကိုလည်း အကန့်အသတ်ဖြင့် ပေးဝေသွားမည်ဖြစ်ကြောင်း အာကန်ဆက်ပြည်နယ် အာဏာပိုင် အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"မိုးခေါင်မှုပြဿနာနဲ့ ဆိုးရွားစွာ ရင်ဆိုင်နေရပါတယ်။ အထူးသဖြင့် အရှေ့မြောက်ဘက်ပိုင်း ဒေသတွေပဲဖြစ်ပါတယ်။ မိုးခေါင်မှုကြောင့် ပြည်သူတွေကို သောက်သုံးရေပေးဝေရာမှာ အကန့်အသတ်နဲ့ ပေးဝေသွားမှာဖြစ်သလို စိုက်ပျိုးမွေးမြူရေး ကဏ္ဍမှာလဲ သောက်သုံးရေကို အကန့်အသတ်နဲ့ ပေးဝေသွားမှာဖြစ်ပါတယ်။ မိုးခေါင်မှုအပြင် ရေလုံလောက်စွာ မသွန်းနိုင်တဲ့အတွက် စိုက်ခင်းတော်တော်များများ ပျက်စီးဆုံးရှုံးမှုတွေ ဖြစ်ပေါ်နေပါတယ်"ဟု အာကန်ဆက်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဘင်တန်ဖက်က ပြောကြားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

## ဂျပန်နိုင်ငံ နာဂိုယာဒေသတွင် တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်နိုင်ကြောင်း ထုတ်ပြန်

**တိုကျို စက်တင်ဘာ ၁၈**

ဂျပန်နိုင်ငံ နာဂိုယာဒေသတွင် လာမည့်ရက်ပိုင်းအတွင်း တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်လာနိုင်ပြီး မုန်တိုင်းသည် အိုင်ချီ နာဂိုယာကမ်းခြေကို ဗဟိုပြု၍ ဝင်ရောက် တိုက်ခတ်လာနိုင်ကြောင်း ဂျပန်မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တိုင်ဖွန်းမုန်တိုင်းအကြိုအနေဖြင့် နာဂိုယာဒေသတွင် မိုးသည်းထန်စွာရွာသွန်းနေပြီး ကုန်းနိမ့်ပိုင်းဧရိယာတချို့တွင် ရေလွှမ်းနေကာ လမ်းတချို့ကို ယာယီပိတ်ထားကြောင်း၊ တိုင်ဖွန်းမုန်တိုင်းသည် နောက်အကျဆုံး စက်တင်ဘာ ၂၁ ရက်တွင် ဝင်ရောက်လာနိုင်ပြီး အားကောင်းနိုင်ကြောင်း ဂျပန်မိုးလေဝသညွှန်ကြားရေး ဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

"မိုးတွေသည်းထန်စွာ ရွာသွန်းနေပါတယ်။ မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက လာမဲ့ရက်ပိုင်းအတွင်းမှာ တိုင်ဖွန်းမုန်တိုင်းဝင်ရောက်လာနိုင်ကြောင်း သတိပေးချက် ထုတ်ပြန်ထားပါတယ်။ မုန်တိုင်းဟာ 2026 Asian Game ပြိုင်ပွဲကျင်းပသွားမဲ့ အိုင်ချီနာဂိုယာကမ်းခြေကို ဗဟိုပြုတိုက်ခတ်လာနိုင်တဲ့အတွက် လိုအပ်လာရင် ပြိုင်ပွဲကို ရက်ရွှေ့ဆိုင်းဖို့ ဆောင်ရွက်သွားပါမယ်။ ဒါ့ပြင် ကြိုတင်ကာကွယ်မှုတွေ ပြုလုပ်သွားဖို့ စီစဉ်နေပါတယ်"ဟု ဂျပန်မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

## တရုတ်နိုင်ငံက အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများလျှော့ချရေး ရည်မှန်းချက်ထက် ကျော်လွန်၍ အကောင်အထည်ဖော်နိုင်ခဲ့

**ပေကျင်း စက်တင်ဘာ ၁၈**

တရုတ်နိုင်ငံက အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ လျှော့ချရေး ရည်မှန်းချက်ထက် ကျော်လွန်၍ အကောင်အထည် ဖော်နိုင်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

တရုတ်နိုင်ငံသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်လျက်ရှိပြီး အိုဇုန်းလွှာကို ပျက်စီးစေသော ဒြပ်ပစ္စည်းများ လျှော့ချရေး ရည်မှန်းချက်များကို မျှော်မှန်းထားသည်ထက်ကျော်လွန်အောင် အကောင်အထည် ဖော်နိုင်ခဲ့ကြောင်း တရုတ်နိုင်ငံဂေဟစနစ်နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဒုတိယဝန်ကြီး ရှုံးပီကျိုးက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ မွန်ထရီရယ် ပဋိညာဉ်တွင် ပါဝင်ခဲ့သည့်အချိန်မှစ၍ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းတန်ချိန် ၇၂၀၀၀၀ ခန့်ကို ဖယ်ရှားနိုင်ခဲ့ပြီး ၎င်းပမာဏမှာ ကမ္ဘာတစ်ဝန်းရှိ ဖွံ့ဖြိုးဆဲနိုင်ငံများက ဖယ်ရှားနိုင်ခဲ့သည့် စုစုပေါင်းပမာဏ၏ တစ်ဝက်ကျော်ရှိကြောင်း သိရသည်။

လက်ရှိတွင်လည်း တရုတ်နိုင်ငံသည် ၂၀၂၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အတွင်း အိုဇုန်းလွှာကို ပျက်စီးစေသော ဒြပ်ပစ္စည်းများ လျှော့ချရေးရည်မှန်းချက်များကို မျှော်မှန်းထားသည်ထက် ကျော်လွန်အောင် ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KZ**



# ရွှေပဲပုပ်ကို စားဖွယ်မျိုးစုံအသုံးပြုပုံများ အပိုင်း(၁)

မူမူ(မလှိုင်)

မြန်မာနိုင်ငံသည် ရာသီဥတုစုံလင် ရေမြေနိမ့်မြင့် အစုံနှင့် သီးနှံစုံစိုက်ပျိုး၍ရသော သဘာဝကြီးကို ပိုင်ဆိုင်ထားသော နိုင်ငံဖြစ်သည်။ နေရာဒေသ အမျိုးမျိုးမှထွက်ရှိသော သီးနှံအမည်များနှင့် တိုင်းရင်းသားတို့၏ ယဉ်ကျေးမှု၊ ကူးလူးဆက်ဆံမှု အကြောင်းရင်းများအခြေခံကာ စားဖွယ်သောက် ဖွယ်စုံလင်စွာ ပြုလုပ်စားသောက်တတ်ကြသော ဓလေ့ထုံးစံ အလေ့အထလည်းရှိကြသည်။ ဤနေရာ တွင် ပဲပုပ်သီးနှံမှရရှိနိုင်သော အစားအသောက်များ နှင့် ပါဝင်မည့် အာဟာရအထောက်အကူများ အကြောင်း၊ အသွင်ပုံစံအမျိုးမျိုး ပြုပြင်စားသောက် နိုင်သော စားသောက်ဖွယ်ရာများကို ဗဟုသုတ မျှဝေလိုသည်။

ပဲပုပ်သီးတောင့်ကို ခူးဆွတ်ပြီးသည်နှင့် ပြုတ်စား ကြသည်။ တချို့က သီးတောင့်ခြောက်အောင်ရင့်မှည့် မှ ခူးဆွတ်အခြောက်ခံ အသုံးပြုလေ့ရှိကြသည်။ ပြည်တွင်း၌ ပဲပင်ပေါက်၊ ပဲဟင်း၊ ပဲစိမ်းကြော်၊ တိုဟူး၊ တိုဟူးကြော်၊ ပဲပုပ်ဆော့ (ပဲငံပြာရည်)၊ ပဲနို့ ရည်၊ ပဲပုပ်ပြား၊ ပဲပုပ်ထောင်း၊ ပဲပြား၊ ဒိန်ချဉ်၊ ပဲပြား ပူတင်း၊ ပဲပုပ်စေ့လှော်၊ ဆီတိုဟူး၊ ကြာညို၊ ပဲမုန့်မှ ပြုပြင်စားနိုင်သော မုန့်အမျိုးမျိုး ပြုလုပ်စားသုံး နိုင်ကြသည်။ ပဲပုပ်ဆီ၊ ဆီကြိတ်ဖတ်ကိုလည်း ထုတ်လုပ်သုံးစွဲနိုင်သည်။ ဘေးထွက်ပစ္စည်းများ အဖြစ် ဖယောင်းတိုင်၊ ဇီဝလောင်စာ၊ အိမ်သုတ်ဆေး အမျိုးမျိုး၊ ဆီကြိတ်ဖတ်မှ တိရစ္ဆာန်အစာအမျိုးမျိုး ပြုလုပ်သုံးစွဲနိုင်သည်။

**ပဲနို့**

ပဲပုပ်မှ ပဲနို့ထုတ်နိုင်သည်။ ပဲနို့သည် နွားနို့အစား အာဟာရပြည့်ဝသော အပင်အခြေပြု သဘာဝအစား အစာဖြစ်ပြီး နှလုံးကျန်းမာရေး၊ အရိုးခိုင်မာမှု၊ ဦးနှောက်၏ လုပ်ဆောင်မှုစွမ်းရည်နှင့် ဟော်မုန်း ညှိနှိုင်းမှုကို ပံ့ပိုးပေးနိုင်သည်။ အာဟာရဓာတ် အခြေအနေကိုလေ့လာလျှင် ပဲနို့သည် သဘာဝအရ ပရိုတင်းများစွာပါဝင်ပြီး အရေးကြီးသော အမိုင်နို အက်စစ်ကိုးမျိုးကို ပေးစွမ်းနိုင်သည်။ ထို့ကြောင့် နွားနို့နှင့်တူညီသော အပင်အခြေပြု ပရိုတင်းအရင်း အမြစ် တစ်ခုဖြစ်သည်။ ထို့ပြင် အဆီဓာတ်နည်းပြီး ကိုလက်စထရောမပါ၊ လက်တိုစ်မပါသောကြောင့် လက်တိုစ်မခံနိုင်သူများ သို့မဟုတ် အပင်အခြေပြု အစားအစာ သက်သတ်လွတ်စားသုံးသူများအတွက် သင့်တော်သည်။ ဈေးကွက်ထဲရှိ ပဲနို့အများစုမှာ ကယ်လ်စီယမ်၊ ဗီတာမင် D၊ ဗီတာမင် B12 နှင့် ဗီတာမင် A တို့ဖြင့် ဖြည့်စွက်ထားပြီး အာဟာရ တန်ဖိုးကို မြှင့်တင်ပေးထားသည်။

နှလုံးကျန်းမာရေးအတွက်မူ ပဲနို့တွင် ပရိုတင်းနှင့် အိုဆိုဖလာဗွန်များပါဝင်ပြီး ၎င်းတို့သည် ကိုလက် စထရောနည်းခြင်းနှင့် ကိုလက်စထရော မြင့်တက် ခြင်းတို့နှင့်ဆက်စပ်ကာ နှလုံးနှင့်သွေးကြောကျန်းမာ ရေးကို ပံ့ပိုးပေးနိုင်သည်။ ပိုတက်စီယမ်ဓာတ်ပါဝင်မှု ကောင်းသည့် အရင်းအမြစ်တစ်ခုဖြစ်ပြီး သွေးပေါင် ချိန်ထိန်းညှိကာ နှလုံးခုန်သံကို စနစ်တကျ ထိန်းသိမ်းနိုင်သည်။ အရိုးကျန်းမာရေးတွက် အားဖြည့်ထားသော ပဲနို့သည် ကယ်လ်စီယမ်နှင့် ဗီတာမင် D ကို ပေးစွမ်းနိုင်ပြီး အရိုးခိုင်မာမှုအတွက် အရေးကြီးသည်။ ပဲပုပ်ထဲရှိ Isoflavones သည် အထူးသဖြင့် အမျိုးသမီးများအတွက် အရိုးထုထဲမှုကို ထိန်းသိမ်းရာတွင် အထောက်အကူဖြစ်နိုင်သည်။ အရိုးပွမှုဝေဒနာများမှ ထိခိုက်လွယ်မှုကို လျှော့ချ ပေးနိုင်သည်။

ဦးနှောက်နှင့် ဉာဏ်ရည်ပံ့ပိုးရေးအတွက် ပဲနို့ တွင် Omega-3 အဆီအမျိုးအစားများနှင့် အောက်ဆီ ဒေးရှင်းတားဆီးများပါဝင်ပြီး ဦးနှောက်ကျန်းမာရေးကို ပံ့ပိုးပေးကာ ဦးနှောက်မှတ်ဉာဏ်ကျဆင်းမှုနှင့် မှတ်ဉာဏ်ချို့ယွင်းမှုအန္တရာယ်ကို လျော့နည်းစေနိုင် သည်။ ဟော်မုန်းညှိနှိုင်းမှုအနေဖြင့် ပဲနို့ထဲရှိ အိုဆို ဖလာဗွန်များသည် Phytoestrogen အဖြစ် လုပ်ဆောင်ပြီး ကိုယ်ခန္ဓာအတွင်း Estrogen ကို တုံ့ပြန်နိုင်သည်။ ၎င်းဓာတ်ကြောင့် အမျိုးသမီးများ အတွက် အပူလောင်ခြင်းနှင့် ညအပူချိန်ခံစားရမှု ဆိုင်ရာလက္ခဏာများကို လျော့နည်းစေပြီး အမျိုး သမီးများတွင် ဟော်မုန်းညီမျှမှုကို ပံ့ပိုးပေးနိုင်သည်။

ကိုယ်အလေးချိန်နှင့် အစာအိမ်ကျန်းမာရေးတွင် ကယ်လိုရီနည်းပြီး ပရိုတင်းဓာတ်မြင့်သော ပဲနို့သည် ကိုယ်အလေးချိန် ထိန်းသိမ်းမှုကို ကူညီပေးသည်။ ၎င်း၏ အမျှင်ဓာတ်ပါဝင်မှုသည် အစာခြေမှုကိုလည်း ကူညီပေးပြီး အစာအိမ်ပိုက်ဆိုမှုကို ကာကွယ်ပေး သည်။ အပိုအကျိုးကျေးဇူးများအနေဖြင့် အသား အရေ ကျန်းမာရေးကို ရရှိစေသည်။ Isoflavones များသည် အသားအရေတင်းရင်းမှုကို တိုးတက်စေ ပြီး တင်းတိပ်ဖြစ်မှုများကိုလျှော့ချနိုင်သည်။ ထိုအာနိ သင်ကြောင့် အချို့သော အသားအရေထိန်းသိမ်းဆေး နှင့် ရေချိုးဆပ်ပြာတို့တွင်ထည့်၍ အသုံးပြုကြပြီး အရေပြားနေလောင်မှုနှင့် ကင်ဆာအန္တရာယ် လျော့နည်းစေသည်။

သုတေသနများ၏အဆိုအရ ပဲပုပ်စားသုံးခြင်း သည် ဟော်မုန်းနှင့်ဆက်စပ်သော ကင်ဆာများ၊ ဥပမာ– ရင်သားကင်ဆာနှင့် ဆီးကျိတ်ကင်ဆာများ ဖြစ်ပွားနိုင်မှုကို လျော့နည်းစေနိုင်သည်ဟု ဆိုသည်။ သွေးထဲမှသကြားစီမံခန့်ခွဲမှုကို အကူအညီရစေ သည်။ ပဲနို့တွင် ဂလိုက်ဆီမစ်ညွှန်းကိန်းနည်းပြီး သကြားဓာတ်ကို ထိန်းညှိရာတွင် ကူညီပေးသည်။ ပဲနို့ရွေးချယ်ရာတွင် ကျန်းမာရေးအကျိုးကျေးဇူးများ ကို အများဆုံးရရှိစေရန်နှင့် သကြားထည့်ခြင်း၊ မလိုအပ်သော အခြားအရာများ ထည့်သွင်းခြင်းကို ရှောင်ရှားရန်လိုအပ်သည်။ အချိုမပါသော၊ အာဟာရ ဖြည့်စွက်ထားသော အမျိုးအစားများကို ရွေးချယ် စားသုံးသင့်သည်။

**ပဲပုပ်ဆော့**

ပဲပုပ်ဆော့ ခေါ် ပဲငံပြာရည်သည် မတူကွဲပြား သည့် စွယ်စုံသုံးပစ္စည်းတစ်ခုဖြစ်ပြီး ဟင်းပွဲအမျိုးမျိုး ကို အရသာဖြည့်ပေးသည်။ အမျိုးမျိုးသော အစား အစာများအတွက် နံ့သာမျိုးအဖြစ် ပဲပိစပ်ကိုသုံးနိုင် သကဲ့သို့ ပို၍အရသာရှိစေရန် ပဲပုပ်နှင့်အတူ ချက်ပြုတ်နိုင်သည်။




ပဲပုပ်ဆော့ (ပဲငံပြာရည်)၏ ကျန်းမာရေးအကျိုး ကျေးဇူးများ–

၁။ **အစာအိမ်အူလမ်းကြောင်းအတွက် ပံ့ပိုးမှု ပေးသည်** – အသင့်ဖျော်ထားသော ပဲပုပ် ဆော့၊ အထူးသဖြင့် ဂျပန်စတိုင် "Shoyu" သည် အစာအိမ် အူလမ်းကြောင်းကို တိုးတက်စေပြီး အစာအိမ်အူလမ်းကြောင်း ထဲမှ အကျိုးရှိသော ဘက်တီးရီးယားများ ကြီးထွားစေကာ ကျန်းမာသော မိုက်ခရို ဘိုင်ယိုမ်နှင့် အာဟာရစုပ်ယူမှုကို မြှင့်တင်ပေးသည်။

၂။ **ဓာတ်တိုးဆန့်ကျင်ပစ္စည်း (အောက်ဆီ ဒေးရှင်းတားဆီး အင်္ဂါရပ်များ)** – ပဲပုပ် ဆော့တွင် သဘာဝအောက်ဆီဒေးရှင်း တားဆီးပစ္စည်းများဖြစ်သည့် ရှိုးဖလာ ဗုန်းနှင့် ဖီနိုလစ်ဓာတုများပါဝင်ပြီး ၎င်းတို့ သည် အောက်ဆီဒေးရှင်းဖိအား၊ ရောင်ရမ်း မှုနှင့် အဆီဓာတ် အောက်ဆီဒေးရှင်းများကို လျော့နည်းစေပြီး ရောဂါတချို့ဖြစ်ပွား နိုင်မှုကို လျော့နည်းစေနိုင်သည်။

၃။ **အရေပြားယားယံမှု၊ တားဆီးမှုအပေါ် အကျိုးသက်ရောက်မှုများ** – ပဲအချဉ် ဖောက်မှုအတွင်း ထုတ်လုပ်သော ပေါလီ ဆက်ကာရိုက်ဓာတ် ပြောင်းလဲမှုများသည် အရေပြားယားယံခြင်း ဆန့်ကျင်မှုကို အကျိုးရှိနိုင်ပြီး အချို့လူများတွင် အရေ ပြား ယားယံမှုလက္ခဏာငယ်များကို လျော့နည်းစေသည်။

၄။ **အန္တီမိုက်ခရိုဘိုင်ယာ လုပ်ဆောင်ချက်** – ပဲပုပ်ဆော့ထဲရှိ အချို့သောဓာတုပစ္စည်း များတွင် အန္တီမိုက်ခရိုဘိုင်ယာ အင်္ဂါရပ် များရှိပြီး ၎င်းသည် အစားအစာထိန်းသိမ်း မှုအဖြစ် အသုံးပြုရာတွင် သမိုင်းဝင် အထောက်အကူဖြစ်ခဲ့သည်။

၅။ **အာဟာရတန်ဖိုးရှိသော အရသာ တိုးတက် မှု** – ပဲပုပ်ဆော့သည် အစားအစာများတွင် မူလအရသာကိုထည့်သွင်းပေးကာ ဆား များလိုအပ်မှုကို လျော့နည်းစေပြီး ပရိုတင်း အနည်းငယ် ပေးစွမ်းနိုင်သည်။

**ပဲပုပ်ဆော့(ပဲငံပြာရည်)၏ ဘေးထွက်ဆိုးကျိုးများ နှင့် အန္တရာယ်များကိုသတိပြုသင့်**

၁။ **ဆားဓာတ်မြင့်ခြင်း** – ရိုးရာပဲပုပ်ဆော့တွင် ဆားဓာတ်အလွန်များပြီး ဇွန်းတစ်ဇွန်းတွင် မီလီဂရမ် ၉၀၀ ခန့် ပါဝင်သည်။ ၎င်းသည် အကြံပြုထားသော နေ့စဉ်ကန့်သတ်ချက် ၏ ၄၀ ရာခိုင်နှုန်းခန့်ဖြစ်သည်။ အလွန် အကျွံ စားသုံးခြင်းသည် သွေးတိုး၊ နှလုံး ရောဂါနှင့် ကျောက်ကပ်ပြဿနာများ ဖြစ်ပေါ်နိုင်မှုကို မြင့်တင်နိုင်သည်။ ဆား နည်းသော အမျိုးအစားများကို ပုံမှန် အသုံးပြုရန် အကြံပြုကြသည်။

၂။ **အရေပြားယားယံခြင်းများ** – ပဲပုပ်ဆော့ သည် အနှးည့်ဆုံးသူများတွင် အရေပြား ယားယံခြင်း တုံ့ပြန်မှုများ ဖြစ်ပေါ်စေနိုင် ပြီး ပါးစပ်တွင် တုန်လှုပ်ခြင်း၊ အသက်ရှူ ခက်ခြင်း၊ နှာရည်ယိုခြင်း၊ ဗိုက်နာခြင်း၊ အရေပြားနီခြင်းနှင့် ရောင်ရမ်းခြင်းတို့ ဖြစ်နိုင်သည်။

၃။ **ဂလူတင်ခံနိုင်ရည်** – ဆော့အများစုတွင် ဂျုံပါဝင်ပြီး ဂလူတင်မခံနိုင်သူများအတွက် ပြဿနာဖြစ်နိုင်သည်။ Tamari သည် ဂလူတင်မပါသော အစားအစာ အစား ထိုးဖြစ်သည်။

၄။ **MSG ဆက်စပ်သော သက်ရောက်မှုများ**– ပဲပုပ်ဆော့တချို့တွင် မိုနိုဆိုဒီယမ်ဂလူ တာမိတ် (MSG)–အချိုမှုန့် ထည့်သွင်း ထားသဖြင့် အာရုံခံအားနည်းသူများတွင် မျက်နှာတင်းခြင်း၊ ချွေးထွက်ခြင်းများဖြစ် စေနိုင်သည်။

၅။ **အလွန်အကျွံစားသုံးမှု အန္တရာယ်များ** – ပဲပုပ်ဆော့ကို များလွန်းစွာစားသုံးခြင်း သည် ဆားနှင့် အခြားထည့်စရာများပြား ခြင်းကြောင့် တိုက်ရိုက်အဆိပ်သက်ရောက် မှုများ ဖြစ်ပေါ်နိုင်သဖြင့် သင့်တင့်စွာ စားသောက်သင့်သည်။

ပဲငံပြာရည်စားသုံးမှုအတွက်အကြံပြုချက်များ အနေဖြင့် ပဲပုပ်ဆော့ကို အလယ်အလတ်ပမာဏဖြင့် အသုံးပြု၍ ဆားဓာတ်မများလွန်းဘဲ အကျိုးကျေးဇူး များကို ခံစားနိုင်သည်။ သွေးတိုးခြင်း သို့မဟုတ် ဂလူတင်အာရုံခံမှုရှိသူများအတွက် ဆားနည်းသော သို့မဟုတ် ဂလူတင်မပါသော အမျိုးအစားများကို ရွေးချယ်စားသုံးသင့်သည်။ ပဲပုပ်ဆော့ကို လတ်လတ် ဆတ်ဆတ်အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များတွင် ထည့်သွင်းစားသုံးခြင်းဖြင့် ကျန်းမာရေးအကျိုး ကျေးဇူးများကို အများဆုံးရရှိစေနိုင်သည်။

အကျဉ်းချုပ်အားဖြင့် ပဲပုပ်ဆော့(ပဲငံပြာရည်) ကို အလယ်အလတ်အတိုင်း အသင့်အတင့် စားသုံး ပါက အစာအိမ်ကျန်းမာရေးအတွက် ထည့်သွင်းနိုင် ပြီး အစာအိမ်၊ အောက်ဆီဒေးရှင်းတားဆီးနှင့် မိုက်ခရိုဘိုင်ယာ ကာကွယ်မှုအကျိုးကျေးဇူးများ ပေးနိုင်သော်လည်း ဆားဓာတ်ပါဝင်မှု၊ အရေပြား ယားယံတတ်သူနှင့် ဂလူတင် သို့မဟုတ် MSG– အချိုမှုန့် အာရုံခံမှုဓာတ်မတည့်သူများ သတိပြု သုံးစွဲရမည်။

ထို့ကြောင့် အစားအသောက်များကို "တန်ဆေး လွန်ဘေး" ဆိုးကျိုးမျိုးမဖြစ်ပေါ်စေရန် "အစာ လည်းဆေး ဆေးလည်းအစာ" အနေအထားဖြင့် ဂရုတစိုက် စားသောက်နေထိုင်တတ်ရန်လည်း လိုအပ်သည်။ ပဲပုပ်သီးနှံအခြေပြုစားဖွယ်ရာကဏ္ဍကို လည်း တစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးခြင်းဖြင့် သီးနှံပိုမိုစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာလိမ့်မည် ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

# မကွေးမြို့ မြသလွန်စေတီတော်၏ အကြိမ် ၂၅၉၀ မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၀ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်ထိ ကျင်းပမည်



ယခင်နှစ်က မကွေးမြသလွန်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကို တွေ့ရစဉ်။

**မကွေး စက်တင်ဘာ ၁၈**

မကွေးမြို့ မြသလွန်စေတီတော်မြတ်၏ အကြိမ် ၂၅၉၀ မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၀ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ကြောင်း မြသလွန်စေတီတော်ဘဏ္ဍာတော် ထိန်းဂေါပကအဖွဲ့ အဖွဲ့ဝင် ဦးအောင်ဆန်းထံမှ သိရသည်။

မြသလွန်စေတီတော်၏ ဗုဒ္ဓပူဇနိယပွဲတော်တွင် ဘုရားပွဲဈေးအဖြစ် ဈေးဆိုင်ခန်းပေါင်း ၁၀၀၀ ကျော် ခင်းကျင်းရောင်းချနိုင်ရန် စီစဉ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဗုဒ္ဓပူဇနိယပွဲတော်မှာ အနယ်နယ်အရပ်ရပ်က လာရောက်တဲ့ ဘုရားဖူး ပြည်သူတွေအတွက် ဘုရားပွဲဈေးခင်းကျင်းရောင်းချနိုင်အောင် စီစဉ်ပေးမှာဖြစ်ပါတယ်။ ဈေးဆိုင်ခန်းပေါင်း ၁၀၀၀ လောက် စီစဉ်ပေးမှာဖြစ်ပါတယ်။ ဘုရားဖူးပြည်သူတွေအတွက် အခမဲ့နားနေဆောင်တွေ ရေမီးအပြည့်အစုံနဲ့ လူဦးရေ ၁၀၀၀ စာ စီစဉ်ပေးထားမှာဖြစ်ပါတယ်။ ဗုဒ္ဓပူဇနိယပွဲကတော့ အသံမစဲမဟာပဋ္ဌာန်းကျမ်းတော်မြတ်ရွတ်ဖတ်ပူဇော်ပွဲ ရှိမယ်။ ပဋ္ဌာန်းပွဲသိမ်းတဲ့အခါ သံဃာတော်တွေကို ဆွမ်းကပ်လှူတာနဲ့ ဝတ္ထုငွေလှူဒါန်းတာရှိမယ်။ ပင့်သံဃာအပါး ၁၅၀၀ ကို ဆွမ်းဆန်စိမ်းလောင်းလှူမယ်။ သီတင်းကျွတ်လပြည့်နေ့ညမှာတော့ ဆီမီး ၉၀၀၀၊ နံ့သာ ၉၀၀၀၊ ပန်း ၉၀၀၀ ပူဇော်ပွဲလုပ်ပါမယ်။ အနယ်နယ်အရပ်ရပ်က ဘုရားဖူးပြည်သူတွေ လာရောက်ဖူးမြော်ကြည်ညိုကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု မြသလွန်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အဖွဲ့ဝင် ဦးအောင်ဆန်းက ပြောပြ၍ သိရသည်။

ASH

# ဗြိတိန်နာမည်ကျော်ဂီတအဖွဲ့ Oasis က ၂၀၂၇ ခုနှစ်တွင် ပွဲပေါင်း ၃၈ ပွဲပါဝင်သော ကမ္ဘာ့ဖျော်ဖြေရေးခရီးစဉ် ကျင်းပမည်

**လန်ဒန် စက်တင်ဘာ ၁၈**

ဗြိတိန်နာမည်ကျော်ဂီတအဖွဲ့ Oasis သည် ၂၀၂၇ ခုနှစ်တွင် ဖျော်ဖြေပွဲပေါင်း ၃၈ ပွဲပါဝင်သည့် ကမ္ဘာ့ဖျော်ဖြေရေးခရီးစဉ် ကျင်းပသွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဖျော်ဖြေရေးခရီးစဉ်တွင် ဂျာမနီနိုင်ငံ မြူးနစ်၊ စပိန်နိုင်ငံ ဘာစီလိုနာ၊ နယ်သာလန်နိုင်ငံ အမ်စတာဒမ်၊ ပြင်သစ်နိုင်ငံ ပဲရစ်၊ အီတလီနိုင်ငံ ရောမ အပါအဝင် အမေရိကန်နိုင်ငံ ဘော့စတွန်နှင့် လက်ဗီးဂတ်စ်မြို့တို့၌ ကျင်းပသွားရန် စီစဉ်ထားသည်။

ဂီတအဖွဲ့ကို စတင်တည်ထောင်ခဲ့သည့် ညီအစ်ကိုနှစ်ဦးဖြစ်သော နိုအယ်လ်ဂဲလက်ဂါနှင့် လီယမ်ဂဲလက်ဂါတို့သည် ၂၀၀၉ ခုနှစ်တွင် လမ်းခွဲခဲ့ကြသော်လည်း ၂၀၂၄ ခုနှစ်၌ ပြန်လည်ပေါင်းစည်းခဲ့ကြရာမှ ယခုကဲ့သို့ ကြီးကျယ်ခမ်းနားသော ကမ္ဘာ့ဖျော်ဖြေပွဲကြီးကို ပြန်လည်စတင်နိုင်ခဲ့ခြင်းဖြစ်သည်။

ယခု ၂၀၂၇ ခုနှစ် ဖျော်ဖြေပွဲအစီအစဉ်၏ အပိတ်ပွဲစဉ်များကို အင်္ဂလန်နိုင်ငံတောင်ပိုင်း နက်ဘ်ဝေါ့သ်မြို့၌ လေးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ပြုလုပ်သွားမည်ဖြစ်ရာ ကမ္ဘာတစ်ဝန်းရှိ ဂီတချစ်ပရိသတ်များ အထူးစိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : YZA



# ငါတို့သမိုင်း မရိုင်းစေရ ဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနားပြုလုပ်

**ရန်ကုန် စက်တင်ဘာ ၁၈**

Aung Myin Thu (Koe Kha Yine) Film Production က ရိုက်ကူးထုတ်လုပ်မည့် ငါတို့သမိုင်း မရိုင်းစေရဇာတ်လမ်းတွဲကန်တော့ပွဲပေးအခမ်းအနားကို စက်တင်ဘာ ၁၇ ရက်က ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ငါတို့သမိုင်း မရိုင်းစေရ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒါရိုက်တာဖော်ထွန်းက ရေးသားထားပြီး ဒါရိုက်တာဖော်ထွန်းကပင် Aung Myin Thu (Koe Kha Yine) Film Production အတွက် တာဝန်ယူပုံဖော်ရိုက်ကူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ဇာတ်ကားတွေ တော်တော်များများရိုက်ဖြစ်ခဲ့ပေမဲ့ တချို့ကလဲ ကျွန်တော့်ကို အသစ်လို့ပဲ ထင်နေတယ်။ အခုကတော့ ဇာတ်ကားတွေမရိုက်ဖြစ်တာ ရှစ်နှစ်ရှိပြီဖြစ်ပြီး သီချင်းတွေတော့ လိုက်ဆိုဖြစ်ပါတယ်။ ကျွန်တော် သီချင်းဆိုချိန်မှာလဲ အနယ်နယ်အရပ်ရပ်က အားပေးကြတယ်။ ကျွန်တော်ဇာတ်ကားတွေပြန်ရိုက်ချိန်မှာ ကျောက်ဆည်ဆင်ရဲ့ ထူးခြားမှုတွေ ချပြချင်တာကြောင့် ရိုက်ဖြစ်တာပါ"ဟု သရုပ်ဆောင် စစ်သွေးက ပြောပြသည်။



ငါတို့သမိုင်း မရိုင်းစေရ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် စစ်သွေး၊ ကျော်ဝင်းထွဋ်၊ ဇော်ထွန်း၊ ဇော်ရှိန်း၊ သဲချိုစိုးအောင်၊ သားပေါက်၊ ကရင်လေး၊ မိုးစက်ကိုကို၊ သန့်ထင်၊ လေပြည်အောင်ငြိမ်းချမ်း၊ ဇေခေတ်၊ မိုးပြည့်ပြည့်မောင်၊ နွေဦးသခင်၊ ဟေမာန်အောင်အောင်၊ ခင်စိုးပိုင်၊ ဆို့ဂျူးဒါလီထက်၊ နှင်းဇာခြည်ဖြိုး၊ သံသာရွှေရည်နှင့် သရုပ်ဆောင်များစွာ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# You Quiz On The Block အစီအစဉ်တွင် မင်းသမီး ကင်ဂျီဝွန် ပါဝင်မည်ဖြစ်

**ဆိုးလ် စက်တင်ဘာ ၁၈**

ကိုရီးယားနိုင်ငံ၏ ထင်ရှားကျော်ကြားသည့် မင်းသမီး ကင်ဂျီဝွန်သည် You Quiz On The Block တီဗီဖျော်ဖြေပွဲ အစီအစဉ်တွင် အထူးဧည့်သည်တော်အဖြစ် ပါဝင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့အခြေစိုက် ဖျော်ဖြေရေးသတင်းဌာနများနှင့် ဧည့်သည်တော်စာရင်းများအရ အဆိုပါမင်းသမီးသည် လူကြိုက်များသည့် ရုပ်သံအစီအစဉ်၏ ရိုက်ကူးရေးအလုပ်များကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

ကင်ဂျီဝွန်၏ ယခုကဲ့သို့ ဖျော်ဖြေရေးအစီအစဉ်များတွင် ပါဝင်လာမှုသည် ၎င်း၏ပရိသတ်များနှင့် ပိုမိုရင်းနှီးစွာ တွေ့ဆုံခွင့်ရရှိမည့် အခွင့်အလမ်းတစ်ရပ် ဖြစ်လာကြောင်း သိရသည်။

နာမည်ကျော် အနုပညာရှင်များ၏ ယခုကဲ့သို့ လှုပ်ရှားမှုများသည် အာရှဖျော်ဖြေရေးဈေးကွက်ကို ပိုမိုကျယ်ပြန့်လာစေရန် အဓိကအထောက်အကူ ပြုလျက်ရှိကြောင်း သိရသည်။

Ref : Russia Today
Trs : YZA



# လောကဓံ ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ZAT LENN Channel မှ ထုတ်လွှင့်သွားမည်

**ရန်ကုန် စက်တင်ဘာ ၁၈**

လောကဓံ ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN Channel မှ စက်တင်ဘာ ၂၇ ရက်တွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း ဒါရိုက်တာ စိုးမိုးမင်းထံမှ သိရသည်။

အဆိုပါလောကဓံရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ဒါရိုက်တာ စိုးမိုးမင်းက ရေးသားထားပြီး မိုးစက်ဝိုင်က ဇာတ်ညွှန်းရေးသားထားကာ ပါဝါလပ်ပ်ကီးရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ စိုးမိုးမင်းက တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားက ၂၀၂၅ ခုနှစ် မေလက ရုံတင်ပြသခဲ့ပြီးတော့ အောင်မြင်တဲ့ဇာတ်ကားတစ်ကားလဲ ဖြစ်ပါတယ်။ ကြည့်ရှုသူတွေကို အတွေးပေါင်းစုံ၊ ရသမျိုးစုံပေးနိုင်မဲ့ ဇာတ်ကားဖြစ်ပြီးတော့ ရုံတင်စဉ်ကလဲ ပရိသတ်အားပေးမှုများခဲ့တဲ့ ရုပ်ရှင်ကားဖြစ်ပါတယ်။ ရုံတင်တုန်းက မကြည့်လိုက်ရတဲ့ ပရိသတ်တွေအတွက် အိမ်မှာပဲ အေးအေးဆေးဆေး ခံစားကြည့်ရှုလို့ရမဲ့ လောကဓံရုပ်ရှင်ဇာတ်ကားကို CANAL+ZAT LENN Channel မှာ စက်တင်ဘာ ၂၇ ရက် ည ၇ နာရီခွဲမှာ စောင့်မျှော်ကြည့်ရှုအားပေးကြပါအုံး"ဟု ဒါရိုက်တာ စိုးမိုးမင်းက ပြောပြသည်။

အဆိုပါ လောကဓံရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ကျော်ထက်အောင်၊ ရှင်မွေလ၊ ဘုန်းမင်းနေလ၊ ဟိန်းသီဟ၊ ပိုင်အုပ်စိုးအောင်၊ ကျော်ဇေယျ၊ နေမျိုးအောင်၊ ကျော်ဇင်ထွဋ်၊ မင်းရဲစည်သူ၊ ရွှေသမီး၊ မေဂရေ့စ်၊ ပန်ဆုဟေသီ၊ ရှင်ပြုံးခင်နှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Wetlet Township to plant more than 4,000 aces of green gram during upcoming winter crop season



This photo captures a large thriving green gram plantation.

**Wetlet September 18**

More than 4,000 acres of green gram will be cultivated in Wetlet Township, Sagaing Region, during the upcoming winter crop season, according to statistics from the Wetlet Township Department of Agriculture.

During the 2026-2027 winter crop season, 4,565 acres of green gram have been planned for cultivation in Wetlet Township, with planting scheduled to begin in October and continue through December this year.

"We have planned to cultivate more than 4,000 acres of green gram in Wetlet Township during this year's winter crop season. We will make arrangements to ensure that the targeted acreage is fully cultivated. Green gram cultivation has been increasing from year to year. Farmers will be provided with extension education on expanding green gram cultivation and on using quality and pure seeds to achieve better yields," said Daw Kyin San, Head of the Department of Agriculture in Wetlet Township.

This year, the Wetlet Township Department of Agriculture will provide farmers cultivating green gram with technical guidance on obtaining quality and pure varieties suitable for the local area, adopting proper cultivation methods, preventing pest infestations, using fertilizers systematically, and achieving good yields.

During this year's winter crop season, the department is also working in cooperation with farmers engaged in various pulse crops to provide the necessary quality and pure seeds, agricultural inputs and post-harvest technologies to improve the yield and quality of pulse crops. 206

# Plan underway to grow over 3,000 acres of butter bean in Yinmabin District

**Yinmabin September 18**

Local authorities have earmarked cultivation of over 3,000 acres of butter bean as cold season crops in Yinmabin District of Sagaing Region this year, according to the district Agriculture Department.

During the 2026-2027 winter crop season, a total of 3,885 acres of butter beans are planned to be cultivated in Yinmabin District, with 875 acres in Yinmabin Township, 2,800 acres in Salingyi Township and 210 acres in Pale Township. Butter bean cultivation will be carried out from October through December this year, it is reported.

"We have planned to cultivate more than 3,000 acres of butter beans in Yinmabin District during the upcoming winter crop season. We will make arrangements to ensure that the planned acreage is fully cultivated. Butter beans are grown only during the winter season, and their cultivation has been successful in the region. Farmers rely on butter beans because they fetch good prices," said Daw Sandar Moe, Head of the Department of Agriculture in Yinmabin District.

In Yinmabin District, local farmers grow butter beans as a sole crop during the monsoon crop season, while some farmers cultivate them as an intercrop to earn additional income, it is reported.

This year, the respective Township Agriculture Departments in Yinmabin District are providing support and assistance to farmers growing various types of pulses to increase crop yields, encourage the cultivation of quality and pure varieties, and provide the necessary technical assistance. They will also provide farmers with knowledge on preparing and using natural pesticides to prevent crop pests and diseases, as well as on timely harvesting. 206

# Kyunhla Township to place more than 14,000 acres of croplands under winter sesame

**Kyunhla September 18**

Kyunhla Township's agricultural data showed that local farmers will grow more than 14,000 acres of winter sesame in Kyunhla Township of Sagaing Region this year.

During the 2026-2027 winter crop season, Kyunhla Township has targeted the cultivation of 14,035 acres of winter sesame, with planting scheduled to take place from October to December of this year.

"For the upcoming winter crop season in Kyunhla Township, we have targeted to plant over 14,000 acres of winter sesame. We will make sure to meet our targeted acreage. Sesame cultivation has been increasing year by year. Farmers primarily focus on growing sesame in the winter rather than the rainy season. As an oil crop, it is in a highly successful position," said Daw Myint Myint Yi, Head of the Kyunhla Township Department of Agriculture.

It is reported that the Township Department of Agriculture will educate sesame farmers in Kyunhla Township this year on expanding their cultivation, implementing proper planting techniques, utilizing Good Agricultural Practices (GAP), and using pure, high-quality, and high-yielding seed varieties.

Crops produced using the GAP system offer superior quality and fetch higher prices compared to those grown using other methods. Because they can be exported to foreign markets as well as sold domestically, farmers cultivating under the GAP system will experience greater economic benefits, which will in turn improve their socioeconomic livelihoods. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Sagaing Township plans to cultivate more than 1,000 acres of black gram this year

**Sagaing September 18**

An official of Sagaing Township Agriculture Department said that local farmers will grow more than 1,000 acres of winter black gram in Sagaing Township of Sagaing Region this year.

During the 2026-2027 winter crop season, a total of 1,910 acres of black gram have been planned for cultivation in Sagaing Township, with planting scheduled to begin in October and continue through December this year.

"We have planned to cultivate more than 1,000 acres of black gram in Sagaing Township during the upcoming winter crop season. We will make arrangements to ensure that the targeted acreage is fully cultivated. During the black gram cultivation period, we will also conduct field activities to provide the necessary technical assistance, seeds and measures for preventing pests and diseases," said U Myo Thant Aung, head of the Sagaing Township Department of Agriculture.

The Sagaing Township Department of Agriculture will provide farmers cultivating black gram with extension education on obtaining quality and pure varieties suitable for the local area, adopting proper cultivation methods, preventing pest infestations, using fertilizers systematically and achieving good yields.

During this year's winter crop season, the relevant Township Department of Agriculture is also working in cooperation with farmers cultivating various pulse crops to provide the necessary quality and pure seeds, agricultural inputs and post-harvest technologies to improve the yield and quality of pulse crops. 206

# Tamu District decides to grow over 3,000 acres of sunflower in coming winter



A thriving sunflower plantation in Tamu District.

**Tamu September 18**

For this year, local authorities have earmarked to plant more than 3,000 acres of sunflower in Tamu District of Sagaing Region, according to the district Agriculture Department.

During the upcoming 2026-2027 winter crop season in Tamu District, the targeted sunflower cultivation area by township is 153 acres in Myothit Township, 805 acres in Tamu Township, and 2,350 acres in Khampat Township, totalling 3,308 acres.

"This year, we have targeted over 3,000 acres for sunflower cultivation during the upcoming winter crop season in Tamu District. We will make efforts to ensure the targeted acreage is fully met. To reduce reliance on imported palm oil, we are expanding the cultivation of sunflowers, an oil crop. The oil yield per acre for sunflowers is higher than that of other crops like peanuts and sesame," said U Myo Thein, Head of the Tamu District Department of Agriculture.

To expand sunflower cultivation in Tamu District, the relevant Township Departments of Agriculture will accelerate educational training programs to enhance the capacity of both the staff and the farmers who will be growing the crop.

Furthermore, arrangements have been made this year to supply seeds to sunflower farmers in Tamu District and to sell urea fertilizer at affordable prices. The harvested sunflower seeds will then be distributed using a farmer-to-farmer exchange system. 206

# Mawlamyinegyun Township sends large volume of spiny eels to Yangon market in August

**Mawlamyinegyun September 18**

Large quantities of spiny eels from Mawlamyinegyun Township, Ayeyawady Region, were shipped and sold to the Yangon market in August, according to Daw Su Su Htwe, a fish trader from Mawlamyinegyun Township.

Fish-drying traders in Mawlamyinegyun Township purchase locally caught spiny eels, clean and process them systematically, and then ship them for sale. They were able to ship and sell up to 45,000 viss of spiny eels during July, while the volume increased to as much as 56,000 viss from 1 to 31 August, it is reported.

"Fishery products are shipped and sold from Mawlamyinegyun Township every month. Since the first week of last month, shipments of spiny eels to the Yangon market have been strong. We shipped and sold up to 56,000 viss of spiny eels in one month because demand from the Yangon market has increased. As orders for dried fish have increased, people involved in the fishing industry are benefiting," said Daw Su Su Htwe, a fish trader from Mawlamyinegyun Township.

Locally caught spiny eels shipped from Mawlamyinegyun Township to the Yangon market are currently priced at between K19,500 and K27,000 per viss. The increased shipments and sales of spiny eels from the area have benefited fishery entrepreneurs and fishermen.

Kyaw Kyaw Lin

# Ngaputaw Township supplies large quantities of Ribbonfish to Yangon market in August

**Ngaputaw September 18**

Local businesspersons from Ngaputaw Township sold a large quantities of dried Ribbonfish to Yangon market in August, said Daw Aye Moe, the owner of seafood trading in Ngaputaw Township of Ayeyawady Region.

Dried ribbonfish shipments from Ngaputaw Township to the Yangon market increased to 47,000 viss in August, compared with 40,000 viss in July.

During July, up to 40,000 viss of dried ribbonfish were sold to the Yangon market from Ngaputaw Township. The volume increased to 47,000 viss during the month from 1 to 31 August, according to reports.

"We systematically produce dried ribbonfish caught from the sea in our area and mainly ship it to the Yangon market. We sold up to 47,000 viss during the past month. We have been shipping and selling the dried fish because demand from the Yangon market has been strong.

"The dried fish currently being traded was produced from marine fish caught since the summer. Dried marine fish is in high demand because it is widely consumed domestically. Sweetened dried fish products are also included," said Daw Aye Moe, an entrepreneur operating a trading depot for fermented fish paste, fish sauce and various dried fish products in Ngaputaw Township.

In Ngaputaw Township, fishery-product traders produce fermented fish paste and dried fish and ship various dried fish products, including locally produced dried fish, to the Yangon market. Dried ribbonfish is currently priced at K24,000 to K27,000 per viss.

Kyaw Kyaw Lin

# Trump says he is approaching major crossroads in Iran war: report

**Washington September 18**

U.S. President Donald Trump said Thursday that he is approaching a critical juncture in the Iran war over whether to resume massive attacks to bring the conflict to a close, U.S. online news outlet Axios reported.

"I have a big decision coming up. Do I want to go in and annihilate them or do I not? It's a big decision. Anything could happen with me," Trump told Axios.

Though Trump has made similar threats before, his comments came ahead of a planned meeting next Tuesday with leaders from six Gulf countries on the sidelines of the UN General Assembly in New York, said the report, adding that the meeting could shape the next phase of the war, including whether to make another push for diplomacy or intensify military action.

The six Gulf countries are Saudi Arabia, the United Arab Emirates, Qatar, Bahrain, Kuwait and Oman.

If Trump wants to resume major combat operations, he would need the support of his regional allies, the report said. Trump has said several times in recent days that the war will end soon. Xinhua

# At least 16 killed in bomb blast in northwest Pakistan

**Islamabad September 18**

A suicide car bomber and accompanying gunmen struck a police facility in northwestern Pakistan on Friday, killing at least 16 people – including five police officers – during prayers at a mosque, officials have said.

The vehicle rammed into an outer wall of the police facility in Khyber Pakhtunkhwa province's Kohat city, provincial police chief Zulfikar Hameed was reported as saying. "It was a suicide attack," he added.

Police personnel, their family members, and other civilians were offering Friday prayers at the mosque when the attackers struck. The explosion damaged the mosque and nearby structures, and created a crater in the area, reports said.

Security forces were engaged in a gun battle with the attackers and one assailant wearing an explosives-vest was killed, the police said in a statement.

No group has claimed responsibility for the blast. Pakistani President Asif Ali Zardari and Prime Minister Shehbaz Sharif expressed grief over the casualties.

Militant attacks have risen in Pakistan's border areas in recent months, with violence flaring up after each attack. Fifteen police officers were killed in a similar car bombing and ambush in Bannu in the Khyber Pakhtunkhwa province in May.

RT



Pakistani security officials at the scene of a car bomb attack at a police post in Bannu, Pakistan, on May 10, 2026.

# ရုရှားစစ်အင်ဂျင်နီယာတပ်ဖွဲ့များက အာဆီယံနိုင်ငံတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ မိုင်းရှင်းလင်းရေးလေ့ကျင့်မှုများ ပြုလုပ်



ရုရှားနိုင်ငံ၏ စစ်အင်ဂျင်နီယာတပ်ဖွဲ့များသည် အာဆီယံနိုင်ငံတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိုင်းရှင်းလင်းရေးလေ့ကျင့်မှုများကို ရုရှားနိုင်ငံ နစ်ဇနီနေ့ဗ်ဂိုရော့ဒ်ဒေသ၌ ပြုလုပ်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်ဟု TASS သတင်းဌာနက စက်တင်ဘာ ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရုရှားစစ်အင်ဂျင်နီယာတပ်ဖွဲ့ အကြီးအကဲရုံးသည် အာဆီယံနိုင်ငံတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိုင်းရှင်းလင်းရေးလေ့ကျင့်မှုကို စက်တင်ဘာလအစောပိုင်းတွင် နစ်ဇနီနေ့ဗ်ဂိုရော့ဒ်အစောင့်တပ်ဖွဲ့အဆင့်မြင့်စစ်အင်ဂျင်နီယာ ကွပ်ကဲမှုကျောင်း၏ လေ့ကျင့်ရေးကွင်း၌ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး လေ့ကျင့်မှုတွင် ပါဝင်ခဲ့ကြသည့် နိုင်ငံအားလုံးက ဂုဏ်ယူဝင့်ကြွားစွာ ချီးကျူးခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီးဌာန၏ နိုင်ငံတကာ စစ်ဘက်ပူးပေါင်းဆောင်ရွက်ရေး ပင်မညွှန်ကြားရေးမှူးဌာန၏ ညှိနှိုင်းမှုဖြင့် ပြုလုပ်ခဲ့သည့် အဆိုပါလေ့ကျင့်မှုတွင် ဘရူနိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ စင်ကာပူ၊ လာအို၊ မလေးရှား၊ မြန်မာ၊ ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ စစ်ဘက်ဝန်ထမ်း ၁၀၀ ကျော် ပါဝင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဖော်ပြခဲ့သည်။

အဆိုပါလေ့ကျင့်မှုတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိုင်းရှင်းလင်းရေးလုပ်ငန်းများ၊ စစ်အင်ဂျင်နီယာတပ်ဖွဲ့များကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှု၊ မပေါက်ကွဲသေးသော လက်နက်ခဲယမ်းများကို ဖယ်ရှားဖျက်ဆီးခြင်းနှင့် အထူးပြုစက်ကိရိယာများ အသုံးပြုခြင်းတို့ကို အဓိကထားလေ့ကျင့်ခဲ့ပြီး ခေတ်မီမြေပြင် စက်ရုပ်စနစ်များကိုလည်း တက်ကြွစွာ အသုံးပြုခဲ့ကြကြောင်း သိရသည်။

ထို့ပြင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိုင်းရှင်းလင်းရေးဆိုင်ရာ ADMM-Plus ကျွမ်းကျင်သူလုပ်ငန်းအဖွဲ့၏ ရုရှား-လာအို ပူးတွဲဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခဲ့သည့် သုံးနှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများ၏ ရလဒ်များကို စုစည်းသုံးသပ်မည့် အစည်းအဝေးကို ၂၀၂၇ ခုနှစ်တွင် လာအိုနိုင်ငံ၌ ကျင်းပသွားမည်ဖြစ်သည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါလေ့ကျင့်မှုသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများကြား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိုင်းရှင်းလင်းရေးလုပ်ငန်းများတွင် အတွေ့အကြုံနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရန် အထောက်အကူပြုသည့် လေ့ကျင့်မှုတစ်ရပ်လည်းဖြစ်သည်။

အထူးသဖြင့် မိုင်းနှင့် မပေါက်ကွဲသေးသော လက်နက်ခဲယမ်းများ ရှာဖွေဖယ်ရှားခြင်း၊ စစ်အင်ဂျင်နီယာတပ်ဖွဲ့များကြား လုပ်ငန်းတာဝန်များ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ခေတ်မီမြေပြင်စက်ရုပ်စနစ်များ အသုံးချခြင်းတို့ကို လက်တွေ့လေ့ကျင့်ခဲ့ခြင်းအားဖြင့် ပါဝင်သည့်နိုင်ငံများအနေဖြင့် မိုင်းရှင်းလင်းရေးလုပ်ငန်းများအတွက် နည်းပညာနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အတွေ့အကြုံများကို အပြန်အလှန် လေ့လာနိုင်ခဲ့ကြောင်း သိရသည်။

**Russian Armed Forces hold military engineer exercises for ASEAN ကို ဘာသာပြန်ဆိုထားပါသည်။**

# နယ်သာလန်က Saab GlobalEye လေယာဉ်များဝယ်ယူရန် ဆွီဒင်နှင့် လက်မှတ်ရေးထိုး

နယ်သာလန်နိုင်ငံသည် လက်ရှိ NATO လေကြောင်းနယ်ပယ်ကို စောင့်ကြည့်ထိန်းချုပ်ပေးနေသည့် သက်တမ်းရင့် နိုင်ငံစုံအသုံးပြုနေသော Boeing E-3A Sentry လေယာဉ်များနေရာတွင် အစားထိုးရန်ရည်ရွယ်၍ Saab GlobalEye ဝေဟင်ကြိုတင်သတိပေးနှင့် ကွပ်ကဲထိန်းချုပ်ရေး (Airborne Early Warning and Control – AEW&C)လေယာဉ်များ ဝယ်ယူရန် ဆွီဒင်နိုင်ငံနှင့် လက်မှတ်ရေးထိုးခဲ့ကြောင်း The Defense Post သတင်းဌာနက စက်တင်ဘာ ၁၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

နယ်သာလန်နိုင်ငံသည် NATO အဖွဲ့ဝင် ၁၁ နိုင်ငံအနက် တစ်နိုင်ငံဖြစ်ပြီး ကနေဒါနိုင်ငံထုတ် Bombardier Global 6500 စီးပွားရေးသုံး ဂျက်လေယာဉ်များကို အခြေခံတည်ဆောက်ထားသည့် Saab GlobalEye လေယာဉ် ၁၀ စင်းထိ ဝယ်ယူရန် အစီအစဉ်များကို ကြေညာထားကြောင်း သိရသည်။

နယ်သာလန်နိုင်ငံ အစိုးရသည် ယခင်က Boeing E-7 Wedgetail AEW&C လေယာဉ် ခြောက်စင်းဝယ်ယူရန် စီစဉ်ခဲ့သော်လည်း အမေရိကန်နိုင်ငံက Boeing E-7 လေယာဉ် ဝယ်ယူရေးအစီအစဉ်ကို ရပ်ဆိုင်းကာ အာကာသအခြေပြုစောင့်ကြည့်ထောက်လှမ်းရေးစနစ်များကို ဦးစားပေးခဲ့ပြီးနောက် အဆိုပါအစီအစဉ်ကို ၂၀၂၅ ခုနှစ်တွင် ဖျက်သိမ်းခဲ့သည်။

NATO ၏ Boeing E-3A Sentry လေယာဉ်များကို ၁၉၈၀ ပြည့်လွန်နှစ်အစောပိုင်းကတည်းက ဝယ်ယူအသုံးပြုခဲ့ခြင်းဖြစ်ပြီး ၎င်းတို့ကို ၂၀၃၅ ခုနှစ်တွင် အနားပေးရန်စီစဉ်ထားသည်။ လေယာဉ်များ၏ သက်တမ်းကြာမြင့်လာမှုအပြင် လည်ပတ်ပျံသန်းချိန်တွင် ဆူညံသံမြင့်မားခြင်းကြောင့် အခြေစိုက်စခန်းများအနီးနေထိုင်သူများအတွက်လည်း အနှောင့်အယှက်ဖြစ်စေခဲ့သည်။

Saab GlobalEye လေယာဉ်ကို ရွေးချယ်လာခြင်းသည် အမေရိကန်နိုင်ငံက Boeing E-7 အစီအစဉ်မှ နုတ်ထွက်ပြီးနောက် နယ်သာလန်နိုင်ငံက ဥရောပကာကွယ်ရေးစက်မှုလုပ်ငန်းအပေါ် ပိုမိုအလေးထားရင်းနှီးမြှုပ်နှံရန် ကြိုးပမ်းလာခြင်းကိုလည်း ထင်ဟပ်စေသည်။

Saab GlobalEye လေယာဉ်သည် နယ်သာလန်နိုင်ငံအနေဖြင့် ခြိမ်းခြောက်မှုများကို ပိုမိုစောစီးစွာ ရှာဖွေတွေ့ရှိနိုင်ရန်၊ ပိုမိုလျင်မြန်စွာတုံ့ပြန်နိုင်ရန်နှင့် နိုင်ငံတော်အဆင့်သာမက စုပေါင်းကာကွယ်ရေးစွမ်းရည်ကိုပါ မြှင့်တင်နိုင်ရန် အထောက်အကူပြုမည်ဖြစ်သည်။ ဆွီဒင်နိုင်ငံ၏ ဆန်းသစ်တီထွင်မှုနှင့် ကျွမ်းကျင်မှုများဖြင့် အဆိုပါ စွမ်းရည်ကို အပြည့်အဝထောက်ပံ့ပေးနိုင်သည်။

Saab GlobalEye လေယာဉ်သည် ဆွီဒင်နိုင်ငံအခြေစိုက် Saab ကုမ္ပဏီ၏ နယ်ပယ်စုံသုံး ဝေဟင်ကြိုတင်သတိပေးနှင့် ကွပ်ကဲထိန်းချုပ်ရေး (AEW&C) လေယာဉ်ဖြစ်ပြီး Erieye Extended Range (ER) ရေဒါနှင့်အတူ ပင်လယ်ရေပြင်နှင့် မြေပြင်စောင့်ကြည့်ရေးရေဒါများ၊ Electro-Optical အာရုံခံစနစ်များနှင့် Electronic Intelligence စနစ်များကို



ပေါင်းစပ်တပ်ဆင်ထားသည်။

Erieye ER ရေဒါသည် အရွယ်အစားသေးငယ်ပြီး Radar Signature နည်းပါးသည့် ပစ်မှတ်များအပါအဝင် ဝေဟင်ပစ်မှတ်များကို အကွာအဝေးရှည်လျားစွာ ရှာဖွေထောက်လှမ်းခြင်းနှင့် ခြေရာခံခြင်းများ ဆောင်ရွက်နိုင်သည်။ ထို့ပြင် သီးခြားအာရုံခံစနစ်များဖြင့် မြေပြင်ပေါ်ရှိ ရွေ့လျားမှုများနှင့် ပင်လယ်ရေပြင်အတွင်း လှုပ်ရှားမှုများကို စောင့်ကြည့်နိုင်သည်။ Saab GlobalEye လေယာဉ်၏ အာရုံခံစနစ်များသည် ရာသီဥတုဆိုးရွားသည့် အခြေအနေများ၊ ရှုပ်ထွေးသော နောက်ခံအချက်အလက်များရှိသည့် ပတ်ဝန်းကျင်များနှင့် အီလက်ထရွန်နစ် အနှောင့်အယှက်များ ကြုံတွေ့နေရသည့် အခြေအနေများတွင်ပင် လည်ပတ်နိုင်သည်။ ထို့ကြောင့် လေယာဉ်များ၊ မြေပြင်ပေါ်ရှိ ရွေ့လျားယာဉ်များမှသည် အရွယ်အစားသေးငယ်သည့်ရေယာဉ်များထိ ပစ်မှတ်အမျိုးမျိုးနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ပေးပို့နိုင်ကြောင်း သိရသည်။

လက်ရှိတွင် Saab GlobalEye လေယာဉ်ကို အာရပ်စော်ဘွားများပြည်ထောင်စု (UAE)၊ ဆွီဒင်နှင့် ပြင်သစ်နိုင်ငံတို့က ရွေးချယ်ထားပြီး UAE က လေယာဉ် ငါးစင်း၊ ဆွီဒင်က သုံးစင်းနှင့် ပြင်သစ်က နှစ်စင်းမှာယူထားကြောင်း သိရသည်။

ပြင်သစ်နိုင်ငံအနေဖြင့် Saab GlobalEye လေယာဉ် နှစ်စင်းထပ်မံမှာယူနိုင်မည့် ရွေးချယ်ခွင့်လည်းရရှိထားပြီး ၎င်း၏ လေယာဉ်များကို ၂၀၂၉ ခုနှစ်မှ ၂၀၃၂ ခုနှစ်အတွင်း လက်ခံရရှိရန် စီစဉ်ထားကြောင်း သိရသည်။

**Netherlands Moves to Acquire Saab GlobalEye AEW&C Aircraft ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၄၀၃၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ကျွန်းလှ စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၄၀၃၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နှမ်း ၁၄၀၃၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ်အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်းလှမြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ နှမ်း ဧက ၁၄၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ယခုနှစ် ကျွန်းလှမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

(၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးမြွေထိုးပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးမြွေထိုး ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်းက ငါးမြွေထိုးပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ငါးမြွေထိုး ပိဿာချိန် ၅၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။



"မော်လမြိုင်ကျွန်းမြို့နယ်ကနေ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဆင်ပြေပြေတင်ပို့ရောင်းချနေပါတယ်။ ဩဂုတ်လပထမပတ်လောက် ကတည်းက ရန်ကုန်ဈေးကွက်ကို ငါးမြွေထိုးတွေ တင်ပို့ရောင်းချအားကောင်းခဲ့ပါတယ်။ ဩဂုတ်လအတွင်း ငါးမြွေထိုးပိဿာချိန် ၅၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ပါတယ်။ အခုလို ငါးမြွေထိုးတွေ တင်ပို့ကအားကောင်းလာတာကြောင့် ငါးလုပ်ငန်းနဲ့ဆက်စပ်သူတွေ အကုန်အဆင်ပြေလာပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးမြွေထိုး တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀ မှ ၂၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မင်းတုန်းမြို့နယ် စွန်သိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းတုန်း စက်တင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပဲမြောက်ကျေးရွာအုပ်စု စွန်သိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းတုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှံက စွန်သိုက်ကျေးရွာ၌ ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၂ ဒသမ ၆ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက စွန်သိုက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၂၄ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၁၀ ဒသမ ၄ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၁၀ဦးကို ငွေကျပ် ရှစ်သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၉ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၂ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နေဝ်လူး**






# မော်လမြိုင်မြို့နယ် ပတ္တလူးကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး



**မော်လမြိုင် စက်တင်ဘာ ၁၈**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေဖြင့် ပတ္တလူးကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်း၊ မော်လမြိုင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာသင်းနှင့် ဝန်ထမ်းများက ပတ္တလူးကုန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်း၊ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

အဆိုပါ ပတ္တလူးကုန်းကျေးရွာ၌ အကျယ် ၄ လက်မခွဲ၊ အနက်ပေ ၃၅၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်း၊ ရေပိုက်လိုင်းပေ ၁၃၀၀ သွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၆၂ ဒသမ ၉၆ သန်းဖြင့် တင်ဒါအောင်မြင်သည့် သီးသန့်ကမ္ဘာကုမ္ပဏီကတာဝန်ယူ၍ ၂၀၂၆ ခုနှစ် ဩဂုတ်လဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မွန်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်းထံမှ သိရသည်။

**သုတ**


ကိုဗစ် -၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။






နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။






ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။

အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရ သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။





အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဇေ သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။



ရှေ့ဖုံးမှအဆက်

ပြည်သူ့စစ်မှုထမ်းများသည် ယခုအခါ သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။

အလားတူ ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်နေသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်လျက်ရှိသူကို ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန် ကာလ၏တစ်ဝက်ထိလျှော့ပေါ့ပေးလျက်ရှိသည်။ထို့အတူ ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်နေသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်လျက်ရှိသူကို ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံထိ လျှော့ပေါ့ပေးလျက်ရှိသည်။

ထိုသို့ တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅)မှ ပြည်သူ့စစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းကာလ လျှော့ပေါ့ခွင့်ရရှိကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၃)မှ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်းတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်ပုံစံ(၁၂) ချီးမြှင့်ပေးအပ်ခြင်းအခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သတ်မှတ်စစ်မှုထမ်းကာလကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီးမြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများက ဂုဏ်ပြုအမှာစကားများအသီးသီး ပြောကြားကြသည်။ ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်၍ သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားသို့တက်ရောက်လာကြသူများကို လက်ဖက်ရည်ဝိုင်းများ၊ ဂုဏ်ပြုနေ့လယ်စာများဖြင့် တည်ခင်းဧည့်ခံခဲ့၍ နိုင်ငံ့သားကောင်းစစ်သည်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းကာလ လျှော့ပေါ့ခွင့်ရရှိကြသည့် ပြည်သူ့စစ်မှုထမ်းများအနေဖြင့် ၎င်းတို့၏ဘဝတွင် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု၊ စည်းကမ်းလိုက်နာမှု၊ ကိုယ်ကျိုးမဖက် စွန့်လွှတ်အနစ်နာခံမှုတို့ဖြင့် ပေးအပ်လာသော နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ခဲ့ကြသူများအဖြစ်လည်းကောင်း၊ နိုင်ငံကြီးသားပီသစွာဖြင့် ဥပဒေပါတာဝန်များကို ကျေပွန်ခဲ့ကြသူများအဖြစ်လည်းကောင်း သမိုင်းဝင်ကမ္ပည်းမော်ကွန်းထိုးမှတ်တမ်းဝင်ခဲ့ကြပြီဖြစ်သည်။ နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့်လည်း ၎င်းတို့စစ်မှုထမ်းဆောင်စဉ် ကာလတစ်လျှောက်တွင် ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာ၊အခြားထောက်ပံ့မှုများရရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ပေးခဲ့သည့်အပြင် နိုင်ငံတော်အတွက် လိုအပ်နေသည့်အချိန်တွင် အသက်ကိုပဓာနမထားဘဲ နိုင်ငံ့အကျိုးအတွက် တပ်မတော်၏ အရန်အင်အားအဖြစ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုအပေါ် နိုင်ငံတော်နှင့် တပ်မတော်က တန်ဖိုးထားလေးစားဂုဏ်ပြုလျက်ရှိသည်။

ပြည်သူ့စစ်မှုထမ်းများသည် သတ်မှတ်စစ်မှုထမ်းကာလပြီးဆုံးပါက မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် ဆက်လက်အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင် သို့မဟုတ် အလားတူ ရာထူးအတိုင်း ပြန်လည်ခန့်အပ်ခံရခြင်း၊ နိုင်ငံတော်က ပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သောအကျိုးခံစားခွင့်များကိုရရှိမည်ဖြစ်သည်။ ထို့ပြင် သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ပြီးသူများအနေဖြင့် အလုပ်အကိုင်ရရှိရေးများနှင့်ပတ်သက်၍လည်း ၎င်းတို့ဆန္ဒရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့တက်ရောက်နိုင်ရေး၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း၊ပြည်ပကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်နိုင်ရေး၊ ၎င်းတို့၏ရပ်ရွာများ၌ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နိုင်ရေးတို့အတွက် "စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ"က သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်းအချို့အနေဖြင့် သက်ဆိုင်ရာ ရုံး၊ ဌာနများနှင့်လုပ်ငန်းခွင်များတွင် ဝင်ရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းအချို့သည်လည်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို




မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ဇော်ထွေး သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။

တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။






တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးကျော်ထက် သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။

အရှေ့တောင် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုး သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။





အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။

အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။



ဆက်လက် ထမ်းဆောင်လိုသည့်အတွက် ကိုယ်တိုင်ဆန္ဒပြု၍ တပ်မတော်တွင် ဆက်လက်တာဝန်ထမ်းဆောင်ကြသည်များလည်းရှိကြကြောင်း သိရသည်။

ယခုကဲ့သို့ နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်၍သတ်မှတ်ကာလပြည့်မြောက်ခဲ့ကြသည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများကို ဂုဏ်ပြုချီးမြှင့်သည့်အခမ်းအနားသည် နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်းများပီပီ တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသူများကို ထိုက်ထိုက်တန်တန် တန်ဖိုးထားခြင်းဖြစ်ပြီး တပ်မတော်နှင့် ပြည်သူကြား ယုံကြည်မှု၊ အပြန်အလှန်လေးစားမှု၊ ကိုယ်ချင်းစာနားလည်မှုနှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံသားတိုင်း၏ တာဝန်ရှိမှု၊ တာဝန်သိမှုတို့ကိုဖော်ပြသည့် သမိုင်းဝင်မှတ်တိုင်တစ်ခုဖြစ်ရာ လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်သူ့စစ်မှုထမ်းများ၊ သင်တန်းတက်ရောက်နေဆဲဖြစ်သည့် ပြည်သူ့စစ်မှုထမ်းများနှင့် နောင်လာနောက်သား မျိုးဆက်သစ် လူငယ်လူရွယ်များအတွက်လည်း စံနမူနာကောင်းတစ်ခုပင်ဖြစ်သည်။ ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းများ၏ တာဝန်ကျေပွန်မှုများသည် နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးကဏ္ဍတွင် ပြည်သူတစ်ရပ်လုံးက စိတ်အားထက်သန်စွာပူးပေါင်းပါဝင်လာပြီး တပ်မတော်နှင့်ပြည်သူ တစ်သားတည်းဖြစ်တည်မှုကို အပြည့်အဝသက်သေထူသည့် သမိုင်းဝင်မှတ်တိုင်တစ်ခုလည်းဖြစ်သည်။

သတ်မှတ်ကာလပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများ၏စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-

"မိသားစုတွေနဲ့လဲ ပြန်လည်ဆုံတွေ့ရတော့မယ်ဆိုတော့ အတိုင်းမသိဝမ်းသာမိပါတယ်။ နှစ်နှစ်တာကာလ တာဝန်ထမ်းဆောင်ခဲ့တဲ့အချိန်မှာ အခက်အခဲတွေကအများကြီးပါ။ အရာရာအားလုံးကပျော်ဖို့တော့ကောင်းပါတယ်။ စိတ်ဓာတ်၊ စည်းကမ်း၊ နေထိုင်မှုစားသောက်မှုတွေ၊ သွားလာမှုတွေအားလုံးပြောင်းလဲခဲ့ပါတယ်။ မိသားစုတွေကတော့ အများကြီးအားပေးခဲ့ပါတယ်။ ကောင်းကောင်းမွန်မွန်နေထိုင်ဖို့၊ အစစအရာရာဂရုစိုက်ဖို့ အတွက်မှာခဲ့ပါတယ်။ ကိုယ်တိုင်တာဝန်ထမ်းဆောင်တဲ့အခါမှ အများကြီးနားလည်မှုတွေရလာပါတယ်။ ရဲရဲဝံ့ဝံ့ဝင်ဖို့အတွက် ဆုံးဖြတ်ချက်ချစေချင်ပါတယ်။ အပြင်လောကမှာ ပြောဆိုတဲ့အရာတွေအကုန်လုံးထက် ဒီမှာလက်တွေ့ထမ်းဆောင်ခဲ့တဲ့အရာတွေနဲ့ ကွဲပြားခြားနားမှုတွေ အများကြီးရှိပါတယ်။ ကျွန်တော်တို့က နှစ်နှစ်တာဝန်ထမ်းဆောင်ခဲ့ပြီးဖြစ်တဲ့အတွက် အကုန်လုံးကိုလဲ နားလည်ခဲ့ပါပြီ။ နှစ်နှစ်တာကာလထမ်းဆောင်ခဲ့ပြီးဖြစ်ခဲ့ပေမယ့် နိုင်ငံ့တာဝန်ကို ထပ်ပြီးတော့ ထမ်းဆောင်ချင်တဲ့စိတ်ရှိတဲ့အတွက်ကြောင့် ထပ်ပြီးထမ်းဆောင်ခဲ့ခြင်းဖြစ်ပါတယ်"ဟု ပြောသည်။









"ကျွန်တော် နှစ်နှစ်ပြည့်လို့ရှိရင် ဆက်လက်ပြီးတော့ ကျွန်တော်သန္ဓေအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်မယ်လို့ ခံယူချက်ထားပါတယ်။ ကျွန်တော်နဂိုကတည်းက တပ်မတော်ထဲဝင်ဖို့စဉ်းစားခဲ့ဖူးတယ်။ အခုလို ပြည်သူ့စစ်မှုထမ်းတွေခေါ်တော့မှ ကျွန်တော် ပြည်သူ့စစ်မှုထမ်းထဲကို ဝင်ရောက်ဖြစ်ခဲ့ပါတယ်။ ကျွန်တော်ရွာကိုလဲ မပြန်ရတော့ဘူးဆိုတော့ ဒီမှာပဲဆက်နေတော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။ တာဝန်ကိုကျေပွန်စွာထမ်းဆောင်မယ်လို့ စိတ်ကူးထားပါတယ်။ အမေကလဲလုပ်မယ်ဆိုဆက်လုပ်ဖို့ပြောပါတယ်။ ရတဲ့လစာလဲ မိသားစုတွေကိုအကုန်လွှဲပေးခဲ့ပါတယ်။ အခုတာဝန်ထမ်းဆောင်နေတဲ့တပ်က ကျွန်တော့်မိခင်တပ်ရင်းဖြစ်နေတော့ ကျွန်တော် ကိုယ့်ကိုယ်ကိုယ်လဲတော်တော်လေး အဲဒီမှာနေရတာပျော်လို့လဲပါပါတယ်။ ကျွန်တော့်လိုမျိုး တပ်မတော်မှာသန္ဓေအဖြစ် ဆက်လက်တာဝန်ပြန်ထမ်းဆောင်တဲ့သူတွေရှိရင် ဂုဏ်ယူပါတယ်လို့ ပြောချင်ပါတယ်"ဟု ပြောသည်။

"မိဘတွေနဲ့ ပြန်တွေ့ရတော့မယ်ဆိုတော့ အရမ်းဝမ်းသာပါတယ်။ နေပုံထိုင်ပုံ၊ သွားပုံလာပုံ၊ စားပုံသောက်ပုံ စည်းကမ်းတွေ အကုန်လုံးပြောင်းလဲလာပါတယ်။ အခက်အခဲတွေကတော့ အများကြီးရင်ဆိုင်ခဲ့ရတယ်။ တိုက်ပွဲတွေလဲ အများကြီးကြုံခဲ့ရတယ်။ ရှေ့ဆက်ရမယ့်ဘဝမှာတော့ ကိုယ့်ကိုယ်ကိုယ်တော့ အများကြီးပြောင်းလဲလာမယ်လို့ထင်တယ်။ အများကြီးလဲ ကြိုးစားရအုံးမယ်လို့ထင်ပါတယ်။ မိဘတွေကလဲ အများကြီးအားပေးခဲ့ပါတယ်။ ထပ်ပြီး တာဝန်ထမ်းဆောင်မယ့် သူငယ်ချင်းတွေကိုလဲ အစစအရာရာဂရုစိုက်ပါလို့ ပြောချင်ပါတယ်။ နောင်ပြည်သူ့စစ်မှုထမ်းမယ့်သူတွေလဲ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိပြီး နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြပါလို့ ပြောကြားလိုပါတယ်"ဟု ပြောသည်။(၅၀၁)

## လူငယ်တွေ ပညာတတ်ဖြစ်အောင်လုပ်၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်၊ အပျော်အပါးတွေလျှော့

**လူငယ်တွေအနေနဲ့ ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင်လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေ လျှော့စေချင်တယ်။ လူငယ်တွေ ကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေ အများကြီးရှိပါတယ်။**

**(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၃၁-၇-၂၀၂၆ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့သို့ တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ ပြည့် အခြေပြမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းမှုများအပေါ် ဖြေကြားချက်မှ ကောက်နုတ်ချက်)**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့ကိုယ်စားလှယ်များတွေ့ဆုံပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၈**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးရရှိရေးနှင့် ဒီမိုကရေစီ နှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်နိုင်ရေး လုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် နိုင်ငံရေးပါတီများနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ ဆွေးနွေးညှိနှိုင်းနိုင်ရန် ရည်ရွယ်၍ နိုင်ငံရေးပါတီများအစုအဖွဲ့ ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲ ဒုတိယ နေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၂၀) အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ ဆက်လက်ကျင်းပသည်။



တွေ့ဆုံပွဲသို့ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီးရာပြည့်နှင့် ညှိနှိုင်းရေး ကော်မတီဝင်များ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ အဖွဲ့ဝင်၊ နိုင်ငံရေးပါတီများအစုအဖွဲ့ ၃၂ ပါတီမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေ အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီးရာပြည့်က NSPNC နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးမည့် အခြေအနေများ၊ ဆွေးနွေးညှိနှိုင်းမည့် အကြောင်းအရာကိစ္စများ၊ ရှေ့ဆက် ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် များကို ဆွေးနွေးပြောကြားသည်။

ထို့အတူ ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း (ငြိမ်း)က နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ရွေးချယ်မည့်ကိစ္စ၊ မဲပေး ရွေးချယ်မည့် အစီအစဉ်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး တွေ့ဆုံပွဲသို့တက် ရောက်လာသည့် နိုင်ငံရေးပါတီများ အစုအဖွဲ့ ၃၂ ပါတီမှ ကိုယ်စားလှယ်များက မဲပေးရွေးချယ်မည့် အစီအစဉ်နှင့် ပတ်သက်၍ အကြံပြုဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံရေးပါတီများအစု အဖွဲ့၏အလုပ်အဖွဲ့ရွေးချယ်ရေးသဘာပတိ အဖွဲ့ကိုဖွဲ့စည်းပြီး နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အမြဲတမ်းအလုပ်အဖွဲ့ ၁၆ ဦး အတွက် တက်ရောက်လာသည့် နိုင်ငံရေး ပါတီကိုယ်စားလှယ်များက မဲပေး ရွေးချယ်ကြကာ နိုင်ငံရေးပါတီများအစု အဖွဲ့၏အလုပ်အဖွဲ့ ရွေးချယ်ရေး သဘာပတိအဖွဲ့က နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အမြဲတမ်းအလုပ်အဖွဲ့ ကိုယ်စားလှယ် ၁၆ ဦးနှင့် အလှည့်ကျ ကိုယ်စားလှယ် ၁၆ ဦး ရွေးချယ်ထားမှုကို အတည်ပြုပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် တက်ရောက်လာသူ များက နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့နှင့် ဆက်လက်တွေ့ဆုံဆွေးနွေး ရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးပါတီများ အနေဖြင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်နိုင်မည့်နည်းလမ်းများ၊ ပဋိပက္ခ ဖြစ်ပွားနေသည့်ဒေသများကို ယခင်ပုံစံ အတိုင်း ပြန်လည်ရောက်ရှိနိုင်ရေး၊ အနာဂတ်ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အတွက် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ် များ၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများကြား ဆက်ဆံရေး၊ ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် မပါဝင် လာသေးသည့် အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံမှုမြှင့်တင်နိုင်ရေးအတွက် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍ၊ Bilat-eral တွေ့ဆုံဆွေးနွေးပြီး Ceasefire ဖော်ဆောင်နိုင်ရေးကိစ္စတို့ကို အကြံပြု ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က နှစ်ရက် တာဆွေးနွေးချက်များမှ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ဖက်ဒရယ်ဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးပါတီများ၏အခန်းကဏ္ဍ၊ Cease-fire နှင့် Political Dialogue တို့၏ ဆက်သွယ်မှု၊ ဒေသခံပြည်သူများ၏လုံခြုံ ရေးနှင့် လူမှုစီးပွားလိုအပ်ချက်များ၊ ငြိမ်းချမ်းရေးအခန်းကဏ္ဍတွင် အမျိုး သမီးများ၏ ပါဝင်နိုင်မှု၊ ယခင်ငြိမ်းချမ်း ရေးယန္တရားမှ အတွေ့အကြုံရှိသူများကို ပြန်လည်အသုံးချနိုင်ရေး၊ နိုင်ငံတကာနှင့် သံတမန်ရေးရာ ဆက်ဆံမှုဆိုင်ရာများ၊ လက်ရှိပဋိပက္ခအတွင်းပေါ်ပေါက်လာသည့် လက်နက်ကိုင်အဖွဲ့သစ်များနှင့် ဆက် သွယ်နိုင်မည့်နည်းလမ်းများကို ပြန်လည် သုံးသပ်ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီမှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဒေါက်တာအောင်မြတ်ဦးနှင့် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့က နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

# လွှတ်တော်ကိုယ်စားလှယ်များကို ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းထားရှိ

**နေပြည်တော် စက်တင်ဘာ ၁၈**

တတိယအကြိမ် ပြည်ထောင်စု အဆင့်လွှတ်တော်များ၏ တတိယပုံမှန် အစည်းအဝေးများ အောင်မြင်စွာကျင်းပ နိုင်ရေး ကျန်းမာရေးနှင့်အစားအသောက် စစ်ဆေးရေးကော်မတီ ညှိနှိုင်းအစည်း အဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လွှတ်တော် အစည်းအဝေးများကျင်းပရေး ကျန်းမာ ရေးနှင့် အစားအသောက်စစ်ဆေးရေး ကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက လွှတ်တော်ကိုယ်စား လှယ်များကို ကျန်းမာရေးစောင့်ရှောက်မှု ပေးရန်အတွက် လုပ်ငန်းအဖွဲ့များဖွဲ့စည်း ထားရှိပြီးဖြစ်ရာ လွှတ်တော်ကိုယ်စား လှယ်များလိုအပ်ပါက ဆေးကုသမှုခံယူ နိုင်ရေး၊ အစားအသောက်များ ကျန်းမာ ရေးနှင့်ညီညွတ်စေရေး၊ ကူးစက်ရောဂါများ ကာကွယ်ရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်း ရေးလုပ်ငန်းများကို လွှတ်တော်အဆောက် အအုံနှင့် တည်းခိုနေထိုင်ရာနေရာများ တွင် လွှတ်တော်မကျင်းပမီမှစတင်၍ ကျင်းပစဉ်တစ်လျှောက် လုပ်ငန်းအဖွဲ့ အလိုက် စနစ်တကျပုံမှန်ဆောင်ရွက် နိုင်ရန်၊ အရေးပေါ်ကျန်းမာရေးစောင့် ရှောက်မှုများကို လိုအပ်သည့်အချိန်တွင် ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်၊ လွှတ်တော် ကိုယ်စားလှယ်ကြီးများကို ကျန်းမာရေးစစ်ဆေးခြင်း(Medical Check-up)နှင့် လိုအပ်သောကာကွယ်ဆေးထိုးနှံ ခြင်းတို့ကိုဆောင်ရွက်ပေးရန်၊ လုပ်ငန်းများ လစ်ဟင်းမှုမရှိစေရေးအတွက် လုပ်ငန်းအဖွဲ့ အလိုက် Checklist များဖြင့်ဆောင်ရွက်ရန်၊ အဆင့်ဆင့် ကြီးကြပ်ဆောင်ရွက်ရန်နှင့် လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ တင်ပြကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။



ဆက်လက်၍ ကျန်းမာရေးနှင့်အစား အသောက်စစ်ဆေးရေးကော်မတီ အတွင်း ရေးမှူး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြတ်ဝဏ္ဏစိုးက လုပ်ငန်းဆောင်ရွက်ထား ရှိမှုအခြေအနေကိုတင်ပြပြီး ဆေးကုသ ရေးလုပ်ငန်းအဖွဲ့၊ ရေကောင်းရေသန့်သုံးစွဲ ရေးနှင့် အစားအစာကြီးကြပ်မှုလုပ်ငန်း အဖွဲ့၊ ကူးစက်ရောဂါနှိမ်နင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းအဖွဲ့ များမှ အဖွဲ့ခေါင်းဆောင် ဒုတိယညွှန်ကြား ရေးမှူးချုပ်များက ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ ကို ရှင်းလင်းတင်ပြကြသည်။

ထို့ပြင် ကျန်းမာရေးနှင့်အစား အသောက်စစ်ဆေးရေးကော်မတီအဖွဲ့ဝင် ဌာနများအလိုက် တက်ရောက်လာကြ သူများက ကဏ္ဍအလိုက်ဆွေးနွေးတင်ပြ ကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ တရုတ်-အာဆီယံ ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ဝန်ကြီးများအဆင့် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ




**နေပြည်တော် စက်တင်ဘာ ၁၈**

တရုတ်-အာဆီယံ ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ဝန်ကြီးများအဆင့် စကားဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၇ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ပါဝင်တက်ရောက်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများကြား ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှု၊ မျှတမှုနှင့် လုံခြုံမှုရှိသော ဉာဏ်ရည်တုနည်းပညာ ဖြစ်ပေါ်လာရေး၊ မြန်မာနိုင်ငံတွင်လည်း ဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်နေမှုများ၊ တရုတ်-အာဆီယံနိုင်ငံများကြား ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရရှိလာနိုင်မည့်အကျိုးကျေးဇူးများကို ဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများကြား ဉာဏ်ရည်တုနည်းပညာဆိုင်ရာ စီမံခန့်ခွဲမှုကိစ္စရပ်များ၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ဉာဏ်ရည်တုနည်းပညာဆိုင်ရာ မျိုးဆက်သစ်လူငယ်များ လေ့ကျင့်ပြုစုပျိုးထောင်နိုင်မည့် အခွင့်အလမ်းများကိုလည်း ဆွေးနွေးခဲ့ကြသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအစိုးရ ဒုတိယအကြီးအကဲက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

ယနေ့နံနက်ပိုင်းတွင် နန်နင်းမြို့ရှိ China–ASEAN Information Harbor Co., Ltd (CAIH)ကို သွားရောက်လေ့လာခဲ့ပြီး ကုမ္ပဏီအမှုဆောင်အရာရှိချုပ်နှင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံစဉ် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံကြား ဉာဏ်ရည်တုနည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်နိုင်ရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် စိုက်ပျိုးရေးကဏ္ဍများကို အထောက်အကူပြုနိုင်မည့် ဉာဏ်ရည်တုနည်းပညာအခြေပြု Application များ ရေးဆွဲနိုင်ရေး၊ ဉာဏ်ရည်တုနည်းပညာဆိုင်ရာ နည်းပညာရှင်များ ပြုစုပျိုးထောင်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နီကာရာဂွာသမ္မတနိုင်ငံ၏ ၂၀၅ နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်ဧည့်ခံပွဲ ကျင်းပ



**ရန်ကုန် စက်တင်ဘာ ၁၈**

နီကာရာဂွာသမ္မတနိုင်ငံ၏ ၂၀၅ နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ဧည့်ခံပွဲကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ ကျင်းပရာ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့် ဇနီးတို့ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွာနိုင်ငံ သံအမတ်ကြီး H.E. Mr. Segundo Martin Calero Escorcia နှင့် တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ တက်ရောက်လာကြသည့် ဧည့်သည်တော်များကို ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် နီကာရာဂွာသမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကိုဖွင့်လှစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွာနိုင်ငံသံအမတ်ကြီးနှင့် ပြည်ထောင်စုဝန်ကြီးတို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသော ဧည့်သည်တော်များကို သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ သံတမန်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့ကြား စိုက်ပျိုးမွေးမြူရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၈**

မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့ကြား စိုက်ပျိုးမွေးမြူရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးနှင့် နည်းပညာရပ်ဆိုင်ရာများလေ့လာနိုင်ရန် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့တွင် ရောက်ရှိနေသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၅ ရက်က ဘယ်လာရုစ်နိုင်ငံ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Ivan Smilgin နှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့ကြား စိုက်ပျိုးမွေးမြူရေးဆိုင်ရာ နည်းပညာပူးပေါင်းဆောင်ရွက်မှု၊ ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့အတူ The Belarusian State Association for livestock breeding "Belplemzhivoboedinenie"တွင် General Director နှင့် တာဝန်ရှိသူများကို သွားရောက်တွေ့ဆုံပြီး နို့စားနွားမျိုး ထုတ်လုပ်မှုနှင့် အစာထုတ်လုပ်မှုဆိုင်ရာများကို ဆွေးနွေးကာ နွားမျိုးရည်ထုတ်ခြံခွဲခန်းအတွင်း ကြည့်ရှုလေ့လာကြသည်။

အလားတူ Minsk Tractor Plant တွင် ထွန်စက်ထုတ်လုပ်မှုနှင့် စက်အလိုက် အရည်အသွေးကို သွားရောက်ကြည့်ရှုလေ့လာသည်။

စက်တင်ဘာ ၁၆ ရက်တွင် The scientific and production center of the national academy of sciences of Belarus for agriculture ရှိ စိုက်ပျိုးရေးနှင့် တိရစ္ဆာန်အစာပင် စိုက်ပျိုးမှု၊ မျိုးစေ့ထုတ်လုပ်မှုလုပ်ငန်းများနှင့် စိုက်ပျိုးရေးစနစ်များ၊ တိရစ္ဆာန်မျိုးထုတ်လုပ်ခြင်းလုပ်ငန်းများ၊ သန္ဓေကူးပြောင်းခြံခွဲခန်း၊ အာဟာရဗေဒ ခြံခွဲခန်းများကိုလည်းကောင်း၊ ZhodinoAgroPlemElita breeding enterprise ၏ နို့စားနွားမွေးမြူရေး၊ တိရစ္ဆာန်အစာထုတ်လုပ်မှုနှင့် နို့ညှစ်လုပ်ငန်းများကိုလည်းကောင်း၊ စက်တင်ဘာ ၁၇ ရက်တွင် The Belarusian National Biotechnology Corporation ၏ တိရစ္ဆာန်အစာထုတ်လုပ်မှု၊ အစာရောစပ်



ဖြည့်စွက်အားဆေးများ ထုတ်လုပ်မှု၊ အမိုင်နိုအက်စစ်များ ထုတ်လုပ်နေမှုနှင့် JSC Agrokombinat Dzerzhinsky ၏ ကြက်မွေးမြူခြင်းနှင့် အသားထုတ်ကုန်များ ထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

# သီတဂူဆရာတော်ကြီးက ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည့် လေးမျက်နှာမြို့နယ်အတွက် ငွေကျပ်သိန်း တစ်ထောင် လှူဒါန်း



**ရန်ကုန် စက်တင်ဘာ ၁၈**

နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယသာသနာပိုင် သီတဂူဆရာတော်ကြီးသည် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် ငွေကျပ်သိန်းတစ်ထောင်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ သီတဂူဗုဒ္ဓတက္ကသိုလ်(ရန်ကုန်)၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး သီတဂူဆရာတော်ကြီး ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်းတစ်ထောင်ကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက ဥပါသကာအဖြစ် ဆောင်ရွက်ပေးအပ်ရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က လက်ခံရယူ၍ သီတဂူဆရာတော်ကြီးထံ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ဆက်ကပ်သည်။

ဆက်လက်၍ သီတဂူဆရာတော်ကြီးအား ဝါဆိုသင်္ကန်းနှင့် သီတဂူမျက်စိအလှူတော်အတွက် အလှူငွေဆက်ကပ်လှူဒါန်းကြသည်။

သီတဂူဆရာတော်ကြီးသည် သာသနာတော် ထွန်းကားပြန့်ပွားစေရန်အတွက် ပြည်တွင်း၊ ပြည်ပသာသနာပြုလုပ်ငန်းများကို ဆောင်ရွက်နေသည့်အပြင် ၁၉၉၀ ပြည့်နှစ် မတ် ၁၀ ရက်တွင် စစ်ကိုင်းတောင်ရိုး၌ သီတဂူအာယုဒါနဆေးရုံကို စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဆေးရုံ ၄၄ ရုံထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကာ မျက်စိဝေဒနာရှင်ပေါင်း နှစ်သန်းကျော်ကို ကုသပေးနိုင်ခဲ့ပြီး ငါးသိန်းခန့်ကို မျက်စိအလင်းအလှူပေးနိုင်ခဲ့သည်။

ထို့ပြင် မျက်စိဝေဒနာရှင်များအတွက် ပဒေသာပင်ငွေကျပ် သိန်းငါးသောင်းထိ ရည်ရွယ်ထားပြီး လှူဒါန်းလိုသည့် ကုသိုလ်ရှင်များအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ သီတဂူစက္ခုဒါနဆေးရုံတွင် ကုသိုလ်ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ရန်ကုန်မြို့ ရွှေထွဋ်တင်(Hexagon Complex)၌ ဂဏေရှ်ပွဲတော် ကျင်းပ



**ရန်ကုန် စက်တင်ဘာ ၁၈**

ဂဏေရှ်ပွဲတော် (ယုံကြည်ကိုးကွယ်မှု၊ ယဉ်ကျေးမှုနှင့် လူမှုအသိုက်အဝန်းပွဲတော်)ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ ရွှေထွဋ်တင်(Hexagon Complex)၌ ကျင်းပသည်။

ပွဲတော်တွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E Mr. Abahay Thakur က အဖွင့်အမှာစကားပြောကြားပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဧည့်သည်တော်များက ဆုတောင်းမေတ္တာပို့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသည့်ပွဲတော်သည် မြန်မာနိုင်ငံရှိ ဟိန္ဒူဘာသာဝင်များအတွက် ဘာသာရေးနှင့် ယဉ်ကျေးမှုအစဉ်အလာများကို ဆက်လက်ထိန်းသိမ်းနိုင်သည့်အခမ်းအနားကောင်းတစ်ရပ်ဖြစ်ကြောင်း၊ ယနေ့အခမ်းအနားမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းရှိ ဘာသာပေါင်းစုံနှင့် လူမျိုးပေါင်းစုံကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှု၊ စည်းလုံးညီညွတ်မှုများ ပိုမိုတိုးတက်ခိုင်မာစေပါကြောင်း ပြောကြားပြီး အိန္ဒိယယဉ်ကျေးမှုအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ၁၈-၉-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၅.၆ ~ ၃၆၆၆.၉ | ၅၅၈.၁ ~ ၅၅၈.၃ | ၁၂၅.၄ ~ ၁၂၅.၅ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၂,၈၉၅,၂၉၃.၃၅ | ၃၀,၇၅၇,၆၀၅.၀၀ | ၄၀,၄၂၇,၃၈၁.၅၃ | - |

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မျိုးပပထွန်းအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက် ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်
အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက် ကြေညာခြင်း

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ၂၀၂၆ ပညာသင်နှစ် အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက်များကို အောက်ပါအတိုင်းကြေညာလိုက်သည်-

| သင်တန်း | | စာမေးပွဲဖြေဆိုမည့်ရက် |
|---|---|---|
| ပထမအသုတ် အဝေးသင် သိပ္ပံအထူးပြု ဘာသာရပ်များအားလုံး | - | ၁-၁၀-၂၀၂၆ မှ ၇-၁၀-၂၀၂၆ ထိ |
| ဒုတိယအသုတ် အဝေးသင် ဝိဇ္ဇာအထူးပြုများ (ဘာသာရပ်-အင်္ဂလိပ်စာ၊ ဥပဒေ၊ ပထဝီ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ဒဿနိကဗေဒ) | - | ၂၂-၁၀-၂၀၂၆ မှ ၃၀-၁၀-၂၀၂၆ ထိ |
| တတိယအသုတ် အဝေးသင် ဝိဇ္ဇာအထူးပြုများ (ဘာသာရပ်-မြန်မာစာ၊ သမိုင်း၊ စီးပွားရေးပညာ၊ စီးပွားစီမံပညာ) | - | ၁၆-၁၁-၂၀၂၆ မှ ၂၅-၁၁-၂၀၂၆ ထိ |

အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန

## ကေဗွီ ၂၃၀ သာစည်ပင်မဓာတ်အားခွဲရုံတွင် ကြိုးအစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို ဓာတ်အားပိတ်ဆောင်ရွက်မည်

**နေပြည်တော် စက်တင်ဘာ ၁၈**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားမျှတတည်ငြိမ်စွာ စဉ်ဆက်မပြတ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ပင်မဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းများကို ထိန်းသိမ်းပြုပြင်ခြင်းနှင့် လိုအပ်ပါက အသစ်တိုးချဲ့တည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ကေဗွီ ၂၃၀ သာစည်ပင်မဓာတ်အားခွဲရုံရှိ ၁၃၂ ကေဗွီ သာစည်-မြင်းခြံဓာတ်အားလိုင်းတွင် ကြိုးလွန်းပွမှုဖြစ်ပေါ်နေသော ကြိုးများကို အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို စက်တင်ဘာ ၂၀ ရက် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီထိ ဓာတ်အားပိတ်ဆောင်ရွက်မည်ဖြစ်သည်။

ထိုသို့ ဓာတ်အားပိတ်ဆောင်ရွက်စဉ် တောင်သာမြို့၊ မြင်းခြံမြို့၊ နွားထိုးကြီးမြို့တို့ရှိ အချို့ရပ်ကွက်၊ ကျေးရွာများ၊ စက်ရုံ၊ အလုပ်ရုံများ အချိန်လေးနာရီကြာခန့် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ပြီး ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူမိဘပြည်သူများကို သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်သည်။

ထို့အတူ ကေဗွီ ၂၃၀ လှော်ကားပင်မဓာတ်အားခွဲရုံရှိ ချို့ယွင်းမှုဖြစ်ပေါ်နေသော ဗို့အားတိုင်းတာရေးပစ္စည်းကို အစားထိုးလဲလှယ်ခြင်းနှင့် အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေသော ဓာတ်အားလွှတ်ကြားခံပစ္စည်းများကို အစားထိုးလဲလှယ်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ခွဲရုံအတွင်းရှိ ၃၃ ကေဗွီ ပင်မဖြန့်ဖြူးရေးလိုင်း(၁)ကို စက်တင်ဘာ ၂၀ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီထိ ဓာတ်အားပိတ်ဆောင်ရွက်မည်ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မင်္ဂလာဒုံမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ လှည်းကူးမြို့နယ်တို့ရှိ အချို့ရပ်ကွက်၊ ကျေးရွာများ၊ စက်ရုံ၊ အလုပ်ရုံများ၊ စက်မှုဇုန်များတွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများကို သက်ဆိုင်ရာ မြို့နယ် လျှပ်စစ်မန်နေဂျာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၃၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၅၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ဇော်ထွေး ဆေးကုသမှု ခံယူနေသူတစ်ဦးကို အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန် ဆေးကုသမှု ခံယူနေသူတစ်ဦးကို အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမြတ်ထွဋ် ဆေးကုသမှု ခံယူနေသူတစ်ဦးကို အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



အနောက်မြောက် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်သူရ ဆေးကုသမှု ခံယူနေသူတစ်ဦးကို အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦး ဆေးကုသမှု ခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကား ပြောကြားစဉ်။






ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ် ဆေးကုသမှု ခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကား ပြောကြားစဉ်။



အနောက်တောင် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ခိုင် ဆေးကုသမှု ခံယူနေသူတစ်ဦးကို အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေး ဆေးကုသမှု ခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကား ပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၈**

တပ်မတော်အနေဖြင့် တိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့် အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဒေသခံ တိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ကယားပြည်နယ် လွိုင်ကော်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)၊ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ဆေးတပ်ရင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တပ်မတော်ဆေးရုံ၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသားပြည်သူများကို တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဒေသခံပြည်သူများက ရေဘေးတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

**❑ ညောင်တုန်းကျွန်းတာမှ**

ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည် တိုက်စားမှုဖြစ်ပွားသည့်နေရာနှင့်စက်တင်ဘာ ၁၇ ရက်တွင် အဆိုပါ ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)၌ ရေတိုက်စားမှုကြောင့် တာမိုင် (၁၂/၂)နှင့် (၁၂/၃) ကြားရှိ စွန့်ပစ်တာ အလျား ပေ ၁၆၀ ခန့် တာပြိုကျမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ တာကိုယ်ထည်တိုက်စားခံရမှုဖြစ်ပေါ်လျက်ရှိသည့် နေရာများ၌ ရေတိုက်စားမှု ကာကွယ်နိုင်ရန်အတွက် ရေလမ်းသောင်တူးလုပ်ငန်း ဆောင်ရွက်ခြင်း၊ စွန့်ပစ်တာ အလျား ပေ ၁၆၀ ခန့် ထပ်မံပြိုကျသည့်နေရာကို မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်း၊ Geotextine လုပ်ငန်းဆောင်ရွက်ခြင်း၊ သံမဏိကြိုးအသုံးပြု ရေစီးထိန်းလုပ်ငန်းဆောင်ရွက်ခြင်း၊ ယာယီပန်းတာတည်ဆောက်ခြင်းနှင့် ကမ်းရင်းတာခြေ တုတ်ရိုက်သဲဖြည့်ခြင်း စသည့်မြစ်ကမ်းထိန်းလုပ်ငန်း ဆောင်ရွက်ခြင်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်၊ ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာအချို့တွင် ယနေ့ထိ ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ငဝန်ပန်းတာတမံ နိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေး လုပ်ငန်းများကို လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့ရွာ၊ ရပ်ကွက်များရှိဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေး စခန်းများရှိ ရေဘေးသင့်ပြည်သူများကို ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများကသွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ပြည်သူများကို စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးစဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

**✱ ခမောက်ကြီးချောင်းရေမြင့်တက်မှုမှ**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ယာယီရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ခြင်း၊ နီးစပ်ရာဆွေမျိုးများ၏ နေအိမ်များ၊ ဘုန်းတော်ကြီး ကျောင်းများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများလိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ခမောက်ကြီးချောင်းရေမြင့်တက်မှုကြောင့် ခမောက်ကြီးမြို့အနီး ဘုတ်ပြင်း – ကော့သောင်း ပြည်ထောင်စုလမ်းမကြီးပေါ်၌ ပေ ၂၀၀ ခန့် ရေကျော်လျက်ရှိသဖြင့် မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး တပ်မတော်သားများနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များက လမ်းကြောင်းပြအမှတ်အသားများ ပြုလုပ်ပေးခြင်း၊ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ချောင်းရေမြင့်တက်မှုအခြေအနေကို စောင့်ကြည့်၍ လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အသင့်စုဖွဲ့စောင့်ကြည့်လျက်ရှိသည်။ ထိုသို့ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

**❍ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန်ကြေညာမှ**

စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၁၆ ရက်ထိ စနေနေ့၊ တနင်္ဂနွေနေ့၊ ရုံးပိတ်ရက်များအပါအဝင်(ပိတ်ရက်မရှိ) အောက်ပါတက္ကသိုလ်များတွင် လက်ခံမည်ဖြစ်ပါသည်–

| | | | |
|---|---|---|---|
| (၁) | မြစ်ကြီးနားတက္ကသိုလ် | (၁၄) | မန္တလေးအဝေးသင်တက္ကသိုလ် |
| (၂) | လွိုင်ကော်တက္ကသိုလ် | (၁၅) | မိတ္ထီလာတက္ကသိုလ် |
| (၃) | ဘားအံတက္ကသိုလ် | (၁၆) | ကျောက်ဆည်တက္ကသိုလ် |
| (၄) | ဟားခါးတက္ကသိုလ် | (၁၇) | မော်လမြိုင်တက္ကသိုလ် |
| (၅) | မုံရွာတက္ကသိုလ် | (၁၈) | စစ်တွေတက္ကသိုလ် |
| (၆) | ရွှေဘိုတက္ကသိုလ် | (၁၉) | ရန်ကုန်အဝေးသင်တက္ကသိုလ် |
| (၇) | စစ်ကိုင်းတက္ကသိုလ် | (၂၀) | တောင်ကြီးတက္ကသိုလ် |
| (၈) | ထားဝယ်တက္ကသိုလ် | (၂၁) | ကျိုင်းတုံတက္ကသိုလ် |
| (၉) | တောင်ငူတက္ကသိုလ် | (၂၂) | လားရှိုးတက္ကသိုလ် |
| (၁၀) | ပြည်တက္ကသိုလ် | (၂၃) | ပုသိမ်တက္ကသိုလ် |
| (၁၁) | ပဲခူးတက္ကသိုလ် | (၂၄) | ဟင်္သာတတက္ကသိုလ် |
| (၁၂) | မကွေးတက္ကသိုလ် | (၂၅) | မအူပင်တက္ကသိုလ် |
| (၁၃) | ပခုက္ကူတက္ကသိုလ် | | |

သတ်မှတ်ရက်ကျော်လွန်မှ လျှောက်ထားသူများသည် အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ) သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားရမည်။

အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ) သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း– ၀၁၇-၅၀၃၁၄၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**❖ ဖလမ်းမြို့မှ**

အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရှလွယ်ခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ ဖလမ်းမြို့ပေါ်ကျောင်းများမှ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် ပြိုင်ပွဲဝင် ကျောင်းသား၊ကျောင်းသူ ၅၉ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ကျောင်းသား၊ ကျောင်းသူများ၏ ပြိုင်ပွဲယှဉ်ပြိုင်မှုကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် ချင်းပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့် အတူ သွားရောက်ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲအပြီးတွင် မြို့ပြနှင့်အိုးအိမ်ဦးစီးဌာန လေးခန်းတွဲ နှစ်ထပ်အိမ်ရာ နှစ်လုံးပြုပြင်နေမှု၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယမန်နေ့ကလည်း ဖလမ်းမြို့သို့ ပြန်လည်ရောက်ရှိလာသည့် ဒေသခံပြည်သူများကို ဒုတိယဝန်ကြီးနှင့် အဖွဲ့က ကျင်မွာလ်ရပ်ကွက် လွတ်လပ်ရေးစေတီ၌ ကြိုဆိုကြသည်။

ဆက်လက်၍ သက်ဆိုင်ရာ ဌာနဆိုင်ရာများက နေရပ်ပြန်လာသူဒေသခံပြည်သူ ၁၁၁ ဦးကို အချက်အလက်ကောက်ယူမှုကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများကို ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ဖလမ်းမြို့ကို တပ်မတော်က ထိန်းချုပ်ပြီး ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာများသည် မေ ၆ ရက်မှစတင်ကာ နေရပ်သို့ နေ့စဉ်ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိသည့်အပြင် ဌာနဆိုင်ရာရုံးများသည် ပုံမှန်လည်ပတ်လျက်ရှိကာ ဖလမ်းမြို့ပေါ် လူဦးရေ၏ ၂၁ ဒသမ ၆၄ ရာခိုင်နှုန်း ပြန်လည်နေထိုင်နေပြီဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဖလမ်းမြို့တွင် အခြေခံအဆောက်အအုံပြုပြင်ခြင်းလုပ်ငန်းများ၊ နေရပ်ပြန် ပြည်သူများကို ကူညီထောက်ပံ့ရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ၅၄ နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၈**

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ၅၄ နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့ နေ့လယ်ပိုင်းက တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့်တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် မိန့်ခွန်းပြောကြားသည်။ ထို့နောက် ၅၄ နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်ဆုချီးမြှင့်ခြင်းကို ဆက်လက်ပြုလုပ်ရာ အရာရှိ၊ စစ်သည်များနှင့် အရပ်သား(အစားခန့်) ဝန်ထမ်းများအတွက် ဝတ်စုံများပေးအပ်ခြင်း၊ အားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ထူးချွန်အားကစားသမားများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဆုရရှိခဲ့ကြသည့် အားကစားသမားများ၊ သင်တန်းများတွင် ထူးချွန်ဆုရရှိကြသူများ၊ အိမ်ထောင်သည်လိုင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သန့်ရှင်းရေးအကောင်းဆုံးဆု ရရှိကြသူများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ၊ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြပြီး အရာရှိ၊ စစ်သည်၊မိသားစုဝင်များအတွက် ဗလာမပါကံစမ်းမဲများ မဲဖောက်ပေးခဲ့ကြသည်။

ယင်းနောက် ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် ဗလာမပါကံစမ်းမဲများ မဲဖောက်ပေးအပ်စဉ်။

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ





တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ ကြည့်ရှုလေ့လာကြစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၈**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များကို မျိုးချစ်စိတ် ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ(နေပြည်တော်) တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း (မကျီးပင်)မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ရောက်ရှိကြပြီး ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများရိုက်ကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပြတိုက်အတွင်းရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ရှုကြပြီး ကျောင်းသား၊ ကျောင်းသူများအတွက် ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များ မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ကြသည်။

လေ့လာရေး လာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း အခုလိုပဲကြားသိခဲ့ရပါတယ်-

“နေပြည်တော် တပ်ကုန်းမြို့နယ် အထက မကျီးပင်ကျောင်းက ကျောင်းအုပ်ကြီးပါရှင်။ ခရီးထွက်လာရတဲ့အတွက် သူတို့စိတ်တွေ ပေါ့ပါးလန်းဆန်းသွားတယ်။ ပြင်ပလောကနဲ့ သူတို့စာသင်ခန်းနဲ့



ချိတ်ဆက်တယ်။ အဲ့တော့ စူးစမ်းလေ့လာလိုစိတ်တွေ တိုးတက်လာတယ်၊ ပေါင်းသင်းဆက်ဆံရေးတွေလဲ ပိုပြီးတော့ နိုးကြားလာတယ်။ အခု ဒီစစ်သမိုင်းပြတိုက်မှာ ပြတဲ့အသိပညာတွေ၊ ပြကွက်တွေနဲ့ သူတို့လေ့လာကြည့်ပြီးတဲ့အခါကျမှ သူတို့က နိုင်ငံရဲ့သမိုင်းကြောင်းတွေလဲ သိရှိလာတယ်။ နိုင်ငံချစ်စိတ် မျိုးချစ်စိတ်တွေ နိုးကြားတက်ကြွလာတယ်။ သားကောင်း သမီးကောင်းလေးတွေ ဖြစ်လာစေမယ့် အကျိုးကျေးဇူးတွေရရှိနိုင်ပါတယ်ရှင်။ လေ့လာရေးကိုစီစဉ်ပေးတဲ့ အထက်လူကြီးတွေအားလုံးကိုလဲ ကျောင်းသား၊ ကျောင်းသူတွေအတွက်ရော၊ ဆရာ၊ ဆရာမတွေအတွက်ရော အကျိုးကျေးဇူးတွေ အများကြီးပေးနိုင်တဲ့အတွက် ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားလိုပါတယ်ရှင်”ဟု ပြောသည်။

“သမီး စစ်သမိုင်းပြတိုက်ကို လာရောက်ဖြစ်ခဲ့တဲ့ ခရီးစဉ်လေးကတော့ ကျောင်းက ဆရာမတွေကလဲ ဗဟုသုတတွေ အများကြီးရှိတယ်။ အဲ့ဒါကြောင့်မို့လို့ သွားဖို့အတွက် သူတို့တွေကလဲ အများကြီး တိုက်တွန်းတယ်။ ဒါ့ပြင် တာဝန်ရှိလူကြီးတွေကနေပြီးတော့လဲ သမီးတို့ကို အဘက်ဘက်ကနေပြီးတော့ ဖြည့်ဆည်း



ပေးတဲ့အတွက်ကြောင့်မို့လို့ လာရောက်လေ့လာရခြင်းဖြစ်ပါတယ်ရှင်။ သမီး ဒီကိုလာရောက်ပြီး လေ့လာရတဲ့အခါမှာ မြန်မာနိုင်ငံ လွတ်လပ်ရေးရဖို့အတွက် သူတို့ရဲ့အသက်နဲ့ ချွေးတွေကို ဘယ်လိုရင်းခဲ့ရတယ်၊ သူတို့ရဲ့ ရဲစွမ်းသတ္တိတွေကိုလဲ တွေ့မြင်ခဲ့ရပါတယ်ရှင်”ဟု ပြောသည်။ (၅၀၁)

# မွေးမြူရေးတိရစ္ဆာန်ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

ရာသီဥတုပြင်းထန်ခြင်းနှင့် ရာသီအကူးအပြောင်းကာလ၌ တိရစ္ဆာန်များတွင် ကူးစက်ရောဂါများ ကျရောက်ဖြစ်ပွားနိုင်ပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်ပါသဖြင့် ကူးစက်ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) မိုးဦးရာသီသို့ ကျရောက်လာပြီဖြစ်၍ ကျွဲနွားများ ကာကွယ်ဆေးများကို ထိုးနှံကြရန်၊
(၂) တိရစ္ဆာန်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊
(၃) မွေးမြူရေးခြံများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျပုံမှန်ဆောင်ရွက်ရန်၊
(၄) ရောဂါဖြစ်သည်ဟု သံသယဖြစ်သော တိရစ္ဆာန်များကို သီးခြားခွဲထားရန်၊
(၅) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားသည်ဟု သံသယဖြစ်ဖွယ်တွေ့ရှိရပါက နီးစပ်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အမြန်ဆက်သွယ်ရန်၊
(၆) ရောဂါဖြစ်သော တိရစ္ဆာန်ကို အခြားတိရစ္ဆာန်များနှင့်ဝေးရာတွင် သီးခြားချည်နှောင်ထားရန်နှင့် လွှတ်ကျောင်းခြင်း၊ အခြားနေရာသို့ မောင်းနှင်ရွှေ့ပြောင်းခြင်းမပြုရန်၊
(၇) တိရစ္ဆာန်အသေကောင်များကို စားသောက်ခြင်းမပြုရန်နှင့် စနစ်တကျမြေမြှုပ်ဖျက်ဆီးရန်၊
(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များ၊ တိရစ္ဆာန်များပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးမှုများရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်၊
(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

# ၆၂ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း



**နေပြည်တော် စက်တင်ဘာ ၁၈** ၆၂ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၃) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူး ရဲမှူးချုပ် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများသည် ယနေ့တွင် မန္တလေးမြို့ နန်းမြို့တွင်းရှိ နယ်မြေခံဆေးတပ်ရင်း၌ စုပေါင်း သွေးလှူဒါန်းကြသည်။

ထိုသို့ စုပေါင်းသွေးလှူဒါန်းမှုကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ငွေး၊ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က သွားရောက်ကြည့်ရှုအားပေးပြီး သွေးအလှူရှင်များကို ချီးမြှင့်ငွေနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ☆ ကျောဖုံးမှအဆက်

ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ကြသော ရှေ့တန်းပြန်တပ်မတော်သားများကို တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များ ကမ်း၍လည်းကောင်း၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(၅၀၁)**

## ■ နေရာကွက်၍ မိုးကြီးနိုင်မှ

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် လေထုမငြိမ်သက်မှုများ ဖြစ်ပေါ်နိုင်ခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။

**(မိုး/ဇလ)**

## ● ယူ-၂၀ ပြိုင်ပွဲမှ

ရန်ကုန်မြို့တွင်ကျင်းပခဲ့ရာ ရှမ်းယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲများ ရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ် (၁၅) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက သီဟဒီပအားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ချင်းလန်းအက်ဖ်စီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက ရှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၀ မိနစ်တွင် မျိုးမင်းခန့်၊ ၂၁ မိနစ်၊ ၄၄ မိနစ်၊ ၆၄ မိနစ်တို့တွင် ကောင်းထက်၊ ၂၈ မိနစ်တွင် ဝေလွမ်းရှိုင်း၊ ၃၈ မိနစ်တွင် အောင်ချစ်၊ ၅၉ မိနစ်တွင် ကောင်းခန့်ဟိန်း၊ ၇၇ မိနစ်တွင် ရှိုင်းအောင်တို့က သွင်းယူနိုင်ခဲ့ပြီး ချင်းလန်းအက်ဖ်စီအသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၅၅ မိနစ်တွင် လွမ်းယာဂျင်က သွင်းယူနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ဗဟန်းအားကစားကွင်းတွင် ISPE အသင်းနှင့် စစ်ကိုင်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ISPE အသင်းက ငါးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ISPE အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၁ မိနစ်၊ ၄၇ မိနစ်၊ ၆၁ မိနစ်တွင် စစ်ငြိမ်းချမ်း၊ ပွဲချိန် ၆၆ မိနစ်၊ မိနစ် ၉၀ တို့တွင် ချစ်ဝိုင်းခန့်တို့က သွင်းယူနိုင်ခဲ့ပြီး စစ်ကိုင်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၆၈ မိနစ်၊ ၇၉ မိနစ်တို့တွင် ဇင်ယော်နီက သွင်းယူနိုင်ခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီခွဲက YUSC အားကစားကွင်းတွင် ရတနာပုံအက်ဖ်စီအသင်းနှင့် သစ္စာအားမာန်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး သစ္စာအားမာန်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၄၂ မိနစ်တွင် မျိုးမင်းခန့်က သွင်းယူနိုင်ခဲ့ကာ ရတနာပုံအက်ဖ်စီအသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၄၇ မိနစ်တွင် သန်းထက်နောင်က သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

**STA**

## ◆ တက်ဂ်ဘောပြိုင်ပွဲမှ

ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲတို့တွင် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

အာရှအားကစားပြိုင်ပွဲ အမျိုးသမီး တက်ဂ်ဘောပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့တွင် ခင်နှင်းဝေသည် ကာဂျစ်စတန်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ လက်ဘနွန်နိုင်ငံတို့မှ ကစားသမားများနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲစဉ်တိုင်း နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ခင်နှင်းဝေသည် အာရှအားကစားပြိုင်ပွဲ အမျိုးသမီးတက်ဂ်ဘောပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် စက်တင်ဘာ ၁၉ ရက်တွင် လက်ဘနွန်နိုင်ငံမှ ကစားသမားနှင့် ဆက်လက်ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

အလားတူ အမျိုးသမီး နှစ်ယောက်တွဲ တက်ဂ်ဘောပြိုင်ပွဲတွင် မြန်မာအသင်းမှ ဆုမွန်အောင်နှင့် ဖြူဖြူသန်းတို့အတွဲဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ရာ အုပ်စုပွဲစဉ်များ၌ ထိုင်းအသင်းနှင့်ပွဲစဉ်တွင် နှစ်ပွဲပြတ်ဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ကမ္ဘောဒီးယားအသင်းနှင့် လက်ဘနွန်အသင်းတို့ကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့ကာ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ် စက်တင်ဘာ ၁၉ ရက်တွင် လက်ဘနွန်အသင်းနှင့် ဆက်လက်ယှဉ်ပြိုင် ကစားရမည်ဖြစ်ကြောင်း သိရသည်။

**STA**

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် ကာလလျှော့ပေါ့ခွင့်ပြုသူများ**

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# ကျိုင်းတုံမြို့နယ်တွင် ငွေကျပ်သိန်း ၈၀ တန်ဖိုး၊ တာချီလိတ်မြို့တွင် ငွေကျပ်သိန်း ၃၉၁၀ တန်ဖိုး၊ တာချီလိတ်မြို့တွင် ငွေကျပ် ၃၆ သိန်းတန်ဖိုးရှိ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ



ကျန်းကို ဖမ်းဆီးရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။



စိုင်းဝင်း၊ စိုင်းစံဟောင်၊ စိုင်းပုံ၊ စိုင်းခေးလှိုင်းတို့ကို သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း)များနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၈**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၅ ရက် ညနေ ၅ နာရီခွဲတွင် သတင်းအရ ကျိုင်းတုံမြို့နယ် နောင်ငင်းရွာအနီး ကျိုင်းတုံ-မိုင်းလားသွား ကားလမ်းတွင် ကျိုင်းတုံမြို့နယ် ဟွေပုံအောက်ရွာနေ ကျန်း၂၀ နှစ် မောင်းနှင်လာသော HONDA WAVE i 110 အမျိုးအစားဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွဆေးပြား ၈၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၈၀)ဖမ်းဆီးရမိသဖြင့် ကျန်းကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

အလားတူ စက်တင်ဘာ ၁၅ ရက် ည ၇ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တာချီလိတ်မြို့ ဆန်ဆိုင်း (ခ) ရပ်ကွက် ဝမ်မိုင်ရပ် နော်ရှဲလားဟူလမ်းတွင် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်နေ စိုင်းခေးလှိုင်း ၁၈ နှစ် မောင်းနှင်ပြီး တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက်နေ စိုင်းပုံ ၃၄ နှစ် လိုက်ပါလာသော TOYOTA MARK II အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ အိုက်စ် (မက်သ်အဖက်တမင်း) ၄၆ ကီလို (တစ်ကီလိုလျှင်ငွေကျပ် ၈၅ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် သိန်း ၃၉၁၀) ဖမ်းဆီးရမိပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ အိုက်စ်(မက်သ်အဖက်တမင်း)များ ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများ ဖြစ်သည့် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်နေ စိုင်းဝင်း ၅၄ နှစ်ကို နော်ရှဲလားဟူလမ်းထိပ်တွင် MGZS အမျိုးအစား မော်တော်ယာဉ်တစ်စီးနှင့် လည်းကောင်း၊ စိုင်းစံဟောင်၃၃ နှစ်ကို တာချီလိတ်မြို့နယ် မယ်ယန်းရွာရှိ နေအိမ်၌လည်းကောင်း ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် စိုင်းခေးလှိုင်း၊ စိုင်းပုံ၊ စိုင်းဝင်း၊ စိုင်းစံဟောင်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားသည်။

ထို့အတူ စက်တင်ဘာ ၁၆ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်တွင် လမ်းလျှောက်လာသူ တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက်နေ မျိုးမင်းနောင် ၂၇ နှစ်ကို စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွဆေးပြား ၆၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၆၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃၆ သိန်း) ဖမ်းဆီးရမိသဖြင့် မျိုးမင်းနောင်ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ အမျိုးသမီးငယ် နှစ်ဦးကို သွေးဆောင်ဖမ်းဆီးခေါ်ဆောင်၍ အဓမ္မပြုကျင့်ကာ ငွေခြောက်လှန့်တောင်းယူသူ တရားခံအမျိုးသားတစ်ဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးအရေးယူ





ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ အမျိုးသမီးငယ် နှစ်ဦးကို သွေးဆောင်ဖမ်းဆီးခေါ်ဆောင်၍ အဓမ္မပြုကျင့်ကာ ငွေခြောက်လှန့်တောင်းယူသူ တရားခံ သီဟအောင်ကို သက်သေခံပစ္စည်းများ၊ ပြစ်မှုကျူးလွန်စဉ် အသုံးပြုခဲ့သည့် သက်သေခံမော်တော်ယာဉ်နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် စက်တင်ဘာ ၁၈**

၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၆ ရက် ည ၇ နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်နေ အမျိုးသမီးငယ် နှစ်ဦးသည် City Mall သို့ Hot Pot သွားစားမည်ဟု ပြောဆိုကာ နေအိမ်မှထွက်ခွာသွားပြီးနောက် ပြန်လည်ရောက်ရှိလာခြင်း မရှိဘဲ ပျောက်ဆုံးနေသဖြင့် မိခင်ဖြစ်သူက ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့မရဲစခန်းသို့ ကူညီစုံစမ်းပေးနိုင်ပါရန် သတင်းပေးပို့ချက်အရ ပျောက်ဆုံးနေသည့် အမျိုးသမီးငယ် နှစ်ဦးကို ရှာဖွေတွေ့ရှိရေး စုံစမ်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ပျောက်ဆုံးနေသည့် အမျိုးသမီးငယ် နှစ်ဦးကို ရှာဖွေကယ်တင်နိုင်ရေး ဆောင်ရွက်နေစဉ် စက်တင်ဘာ ၁၆ ရက် ည ၁၁ နာရီခန့်တွင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၃၃)ရပ်ကွက် ငါးမာန်အောင်ဘုရားလမ်းရှိ တို့အင်းလေး လက်ဖက်ရည်ဆိုင်အနီး၌ ၁၈ နှစ်အရွယ် အမျိုးသမီးတစ်ဦးကို လည်းကောင်း၊ စက်တင်ဘာ ၁၇ ရက် နံနက် ၄ နာရီ မိနစ် ၄၀ တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၃)ရပ်ကွက် ငါးမာန်အောင်ဘုရားလမ်းရှိ Capital ဆိုင်အနီး၌ ၁၆ နှစ်အရွယ် အမျိုးသမီး တစ်ဦးကိုလည်းကောင်း မိဘများက ပြန်လည်ရှာဖွေတွေ့ရှိခဲ့သည်။

အမျိုးသမီးငယ် နှစ်ဦးတို့၏ ထွက်ဆိုချက်အရ ၎င်းတို့ နှစ်ဦးသည် စက်တင်ဘာ ၁၆ ရက် ည ၈ နာရီခန့်တွင် City Mall မှ နေအိမ်သို့ပြန်လာစဉ် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၂၇)ရပ်ကွက် ဆရာစံလမ်းအရောက်၌ အမည်မသိ အမျိုးသား တစ်ဦးက မော်တော်ယာဉ် တစ်စီးဖြင့်ရောက်ရှိလာပြီး ၎င်းတို့အနီး၌ ရပ်တန့်ကာ အသက်အရွယ်နှင့် ဘယ်က ပြန်လာကြောင်း မေးမြန်းသဖြင့် ပြန်လည် ပြောကြားခဲ့ရာ အဆိုပါအမျိုးသားက အသက်မပြည့်သေးသည့် အမျိုးသမီးငယ်များဖြစ်၍ နေအိမ်သို့လိုက်ပို့ပေးမည်ဖြစ်ကြောင်း ယုံကြည်အောင်ပြောဆိုသဖြင့် ၎င်းတို့ နှစ်ဦးသည် အဆိုပါယာဉ်ဖြင့် လိုက်ပါခဲ့ကြောင်း၊ ၎င်းအမျိုးသားသည် မော်တော်ယာဉ်ကို ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်အတွင်း ပတ်၍မောင်းနေခဲ့ပြီး နာရီဝက်ခန့်အကြာတွင် အဆိုပါအမျိုးသမီးငယ် နှစ်ဦးတို့ကို အသင့်ပါလာသော သေနတ်၊ ဓားတို့ဖြင့် ခြိမ်းခြောက်ပြောဆိုကာ တစ်ယောက်လျှင် ငွေကျပ် ငါးသိန်းဖြင့် ငွေကျပ် ၁၀ သိန်း ပေးရမည်ဖြစ်ကြောင်း၊ ငွေလက်ခံရရှိပါက ပြန်လည်ပို့ပေးမည်ဖြစ်ကြောင်း မိဘများထံဖုန်းဖြင့် ဆက်သွယ်၍ ခြိမ်းခြောက်ပြောဆိုကာ ၁၈နှစ်အရွယ် အမျိုးသမီးငယ်ကို ယင်းနေ့ ည ၁၁ နာရီခန့်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၃၃)ရပ်ကွက် ငါးမာန်အောင်ဘုရားလမ်း တို့အင်းလေး လက်ဖက်ရည်ဆိုင်အနီး၌ ချထားပေးခဲ့ကြောင်း။

ဆက်လက်၍ ၎င်းအမျိုးသားသည် ၁၆ နှစ်အရွယ် အမျိုးသမီးငယ်ကို မော်တော်ယာဉ်ဖြင့် ဆက်လက်ခေါ်ဆောင်သွားကာ တောင်ဥက္ကလာပမြို့နယ်နှင့် မြောက်ဥက္ကလာပ မြို့နယ်များအတွင်း မော်တော်ယာဉ်ကို ပတ်၍မောင်းနှင်ခဲ့ပြီး လမ်းတစ်နေရာအရောက်၌ ယာဉ်ကို ရပ်တန့်ကာ အမျိုးသမီးငယ်ကို ဓားဖြင့် ခြိမ်းခြောက်၍ အဓမ္မ တစ်ကြိမ်ပြုကျင့်ခဲ့ကြောင်း၊ အမျိုးသမီးငယ်၏ မိဘများထံမှ ငွေကျပ် ၁၀ သိန်းကို KBZ Pay မှတစ်ဆင့် လက်ခံရယူပြီးနောက် တောင်ဥက္ကလာပ မြို့နယ် လမ်းတစ်နေရာ၌ အဓမ္မ တစ်ကြိမ် ထပ်မံပြုကျင့်ကာ စက်တင်ဘာ ၁၇ ရက် နံနက် ၄ နာရီခန့်တွင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၃၃)ရပ်ကွက် ငါးမာန်အောင်ဘုရားလမ်း Capital ဆိုင် အနီး၌ အမျိုးသမီးငယ်ကို ထားခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့မရဲစခန်းက (ပ)၈၉၇/ ၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၆၅/၃၈၇/၃၇၆ ဖြင့် အမှုရေးဖွင့်ပြီး တရားခံကို ဖမ်းဆီး ရမိရေး ဆက်လက်ဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားခံ ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၇ ရက် ညပိုင်းတွင် တရားခံ သီဟအောင်၂၈ နှစ်ကို အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် ၄/ တောင်လမ်းပေါ်၌ ပြစ်မှုကျူးလွန်စဉ် အသုံးပြုခဲ့သည့် YGN-9 3J-5625 TOYOTA PRADO အမျိုးအစား မော်တော်ယာဉ် တစ်စီး၊ ZTE အမျိုးအစားဖုန်း တစ်လုံး၊ Hangun စာတန်းပါ ကော်သေနတ် တစ်လက်၊ အရိုး၊ အသွား ကိုးလက်မခန့်ရှိ ဓားဦးချွန် တစ်ချောင်း၊ Redmi Note 15 Pro ဖုန်း တစ်လုံးတို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။(၅၀၁)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | | | |
|---|---|---|---|---|
| ၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm) | ၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm) | ၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm) | ၄။ Myawady Webportal (https://myawady.net.mm) | ၅။ Myanmar National Portal (https://myanmar.gov.mm) |

Korea - Myanmar Association for Economic & Security Studies

# စတင်ဖွဲ့စည်းတည်ထောင်ခြင်း အထိမ်းအမှတ် စီးပွားရေးဖိုရမ် ကျင်းပ

**ဆိုးလ် စက်တင်ဘာ ၁၈**

ကိုရီးယား-မြန်မာ စီးပွားရေး လုံခြုံမှုဆိုင်ရာ သုတေသနအသင်း (Korea-Myanmar Association for Economic & Security Studies - KMAESS) ၏ စတင်ဖွဲ့စည်းတည်ထောင်ခြင်း အထိမ်းအမှတ်ပြုလုပ်သည့် စီးပွားရေးဖိုရမ်ကို စက်တင်ဘာ ၁၅ ရက်တွင် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ရှိ LS Tower (MIR Hall) ၌ ကျင်းပသည်။

အခမ်းအနားတွင် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် Mr. Lim Jong-deck၊ ဆိုးလ်မြို့ မြန်မာသံရုံး ယာယီတာဝန်ခံ/ သံအမတ်ကြီး ဦးမျိုးမြင့်မောင်နှင့် ကိုရီးယားနိုင်ငံကာကွယ်ရေးသံတမန်ရေးရာအသင်း ဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် KMAESS ဥက္ကဋ္ဌ Mr. Choi Shin Il က ကျေးဇူးတင်စကားပြောကြားပြီး ကိုရီးယား-မြန်မာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုအောင်မြင်စေရန်နှင့် KMAESS ဖွဲ့စည်းတည်ထောင်ရာတွင် စိတ်အားတက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးခဲ့သူ မြန်မာသံရုံး ယာယီတာဝန်ခံ/ သံအမတ်ကြီးအား ကျေးဇူးတင်အသိအမှတ်ပြုတံဆိပ်ပေးအပ်သည်။

KMAESS သည် ကိုရီးယားသမ္မတနိုင်ငံ စက်မှု၊ ကုန်သွယ်ရေးနှင့် သယံဇာတဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် အကျိုးအမြတ် မယူသော တရားဝင် Think Tank အဖွဲ့အစည်းတစ်ခုအဖြစ် ဖွဲ့စည်းတည်ထောင်ထားပြီး ကိုရီးယားသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား စီးပွားရေး လုံခြုံမှုဆိုင်ရာ နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာလာစေရန်၊ သုတေသနနှင့် မူဝါဒဆိုင်ရာ ဆွေးနွေးဖလှယ်မှုများ




မြှင့်တင်ရန်နှင့် နှစ်နိုင်ငံအကြား အပြန်အလှန်အကျိုးရှိမည့် ပူးပေါင်းဆောင်ရွက်မှုများ ဖော်ဆောင်နိုင်ရန် ရည်ရွယ်ဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပုစွန်အစုံပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် စက်တင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပုစွန်အစုံပိဿာချိန် အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဦးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ပြီးခဲ့သည့် ဇူလိုင်လအတွင်း ပုစွန်အစုံပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ပုစွန်အစုံ ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေ ရေထွက်ကုန်တွေ အများစုကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း ပုစွန်အစုံ ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပုစွန်တွေအပါအဝင် ရေထွက်ကုန်တွေ ကုန်ချိန်များများ တင်ပို့ ရောင်းချနေရတာကြောင့်



ရေလုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေလဲ အလုပ်အကိုင် အခွင့်အလမ်းကောင်းလာပါတယ်"ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဦးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပုစွန်များ၏ ဈေးနှုန်းမှာ ပုစွန်ဘော့ချိတ် တစ်ပိဿာလျှင် ငွေကျပ် ၂၃၅၀၀ မှ ၂၇၀၀၀၊ ပုစွန်ဆိတ်သေး တစ်ပိဿာလျှင်ငွေကျပ် ၁၈၅၀၀ မှ ၂၄၅၀၀၊ ပုစွန်ဆိတ်ကြီး တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀ မှ ၂၅၅၀၀၊ ပုစွန်ပြောင်ထုပ်ကြီး တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀၀ မှ ၆၅၀၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# အောင်လံမြို့နယ် ကျောက်အိုးတောင်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**အောင်လံ စက်တင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်အိုးတောင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ အောင်လံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ စီမံကိန်း လက်စွဲစာစောင်ပါ ကော်မတီဝင်များ ရွေးချယ်ရာတွင် လိုက်နာရန်အချက်များ၊ ကော်မတီဝင်များ၏ တာဝန်များနှင့် အကျုံးဝင်သော စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီထံမှ သိရသည်။

အထွေး

# သနပ်ပင်မြို့နယ် မကြက်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သနပ်ပင် စက်တင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မကြက်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်း ဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မကြက်စုကျေးရွာရှိမြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မကြက်စုကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူခြောက်ဦးကို ငွေကျပ် ၄၃ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၄၃သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၁၈၁ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၃၃ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၄ ဦးကို စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းထံမှ သိရသည်။

နွံ့ယဉ်

# ဟင်္သာတမြို့နယ် အနောက်မြို့ကွက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

**ဟင်္သာတ စက်တင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယုန်သလင်းကျေးရွာအုပ်စု အနောက်မြို့ကွက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းရာတွင် ဟင်္သာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ အနောက်မြို့ကွက်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များကို လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရန် မှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာ၌ လမ်းအရှည်ပေ ၅၀၀၊ အကျယ် ရှစ်ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၀ စုစုပေါင်းငွေကျပ်သိန်း ၁၈၀ ဖြင့် မြို့နယ်စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ် ၃၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဟင်္သာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းထံမှ သိရသည်။

ဇင်မာ

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# ကန္တာရအပူဒဏ်ကြား ရှင်သန်နေထိုင်ကျက်စားသော တိရစ္ဆာန်များ

ခိုင်ဇင်

ကမ္ဘာမြေပေါ်တွင် သစ်တောများ၊ မြက်ခင်းပြင်များ၊ ရေဝပ်ဒေသများနှင့် ပင်လယ်သမုဒ္ဒရာများကဲ့သို့ သဘာဝပတ်ဝန်းကျင်အမျိုးမျိုးရှိသကဲ့သို့ မိုးရေချိန်အလွန်နည်းပါးပြီး ရေရှားပါးသည့်ကန္တာရဒေသများလည်းရှိသည်။ ကန္တာရများသည် တစ်နှစ်ပတ်လုံးပူပြင်းခြောက်သွေ့နေသည့်နေရာများဖြစ်သည်။ ကန္တာရဒေသများသည် နေ့ဘက်အပူချိန်အလွန်မြင့်မားသကဲ့သို့ ညဘက်တွင် အပူချိန်သိသိသာသာကျဆင်းလေ့ရှိသည်။ ထိုသို့ အပူချိန်အပြောင်းအလဲမြန်ခြင်း၊ ရေရှားပါးခြင်းနှင့် အစာအာဟာရ ရရှိရန်ခက်ခဲခြင်းတို့ကြောင့် တိရစ္ဆာန်တိုင်းရှင်သန်နေထိုင်ကြရန် မလွယ်ကူပေ။

ယခုဖော်ပြမည့် ကန္တာရတွင်ကျက်စားသောတိရစ္ဆာန်များ၏ ခန္ဓာကိုယ်ဖွဲ့စည်းပုံ၊ အစာရှာဖွေသည့်အချိန်၊ ရေသုံးစွဲပုံနှင့် အပူဒဏ်ရှောင်ရှားသည့်နည်းလမ်းများသည် အခြားဒေသများရှိ တိရစ္ဆာန်များနှင့် မတူညီကြပေ။ အချို့သည် နေ့အပူဒဏ်ကိုရှောင်ရန် မြေအောက်တွင်းများတွင်နေထိုင်ကြပြီး အချို့သည် ညအချိန်မှသာ အစာရှာထွက်ကြသည်။ ကန္တာရတွင်နေထိုင်သောတိရစ္ဆာန်တို့အနက် ကန္တာရပတ်ဝန်းကျင်နှင့် အထူးလိုက်လျောညီထွေဖြစ်နေသည့် တိရစ္ဆာန်ငါးမျိုးကို ကောက်နုတ်ဖော်ပြသွားပါမည်။



**ကုလားအုတ်**

ကုလားအုတ်သည် ကန္တာရဒေသနှင့်အထူးဆက်စပ်နေသည့် တိရစ္ဆာန်တစ်မျိုးဖြစ်သည်။ လူသားများသည် ကန္တာရကိုဖြတ်သန်းသွားလာရာတွင် ရှေးယခင်ကတည်းက ကုလားအုတ်များကို အသုံးပြုခဲ့ကြပြီး ရေရှားပါးသည့်ပတ်ဝန်းကျင်တွင် သယ်ယူပို့ဆောင်ရေးအတွက် အရေးပါခဲ့သည်။ ကုလားအုတ်များ၏ခန္ဓာကိုယ်တွင် ကန္တာရပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေဖြစ်သည့် ထူးခြားချက်များစွာရှိသည်။ ကျောပေါ်ရှိ Hump ဟုခေါ်သောဘုသည် ရေသိုလှောင်ထားသည့်နေရာမဟုတ်ဘဲ အဆီသိုလှောင်ထားသည့်နေရာဖြစ်သည်။ အစာရေစာရှားပါးလာသည့်အခါ ထိုအဆီကို စွမ်းအင်အဖြစ်အသုံးချနိုင်သည်။ ထို့ပြင် ကုလားအုတ်များ၏ နှာခေါင်းနှင့်မျက်လုံးများသည် သဲမုန်တိုင်းများဒဏ်မှကာကွယ်နိုင်ရန် ဖွဲ့စည်းထားသည်။ မျက်တောင်ရှည်များက သဲမှုန်များ မျက်လုံးအတွင်းဝင်ရောက်ခြင်းကို တားဆီးပေးနိုင်သည့်အပြင် ကျယ်ပြန့်သောခြေဖဝါးများသည် သဲထဲသို့ နက်နက်မကျဘဲ လမ်းလျှောက်နိုင်ရန် အထောက်အကူပြုသည်။

**ဖန်နက်မြေခွေး**



ဖန်နက်မြေခွေးသည် အာဖရိကမြောက်ပိုင်းရှိ ဆာဟာရကန္တာရဒေသများတွင်နေထိုင်သော မြေခွေးမျိုးစိတ်ဖြစ်သည်။ ၎င်း၏ခန္ဓာကိုယ်အရွယ်အစားနှင့်နှိုင်းယှဉ်ပါက နားရွက်များသည် အလွန်ကြီးမားသည်။ နားရွက်ကြီးများသည် ခန္ဓာကိုယ်အတွင်းရှိအပူကို ပြင်ပသို့ထုတ်လွှတ်ပေးနိုင်သောကြောင့် ပူပြင်းသောကန္တာရတွင် အပူဒဏ်ခံနိုင်ရန် အထောက်အကူပြုသည်။ ဖန်နက်မြေခွေးများသည် နေ့အချိန်တွင် အပူဒဏ်ကိုရှောင်ရှားရန် မြေအောက်တွင်းများတွင် နေထိုင်လေ့ရှိပြီး ညအချိန်တွင် အစာရှာဖွေထွက်ကြသည်။ ၎င်းတို့သည် အင်းဆက်ပိုးမွှားများ၊ ကြွက်ငယ်များ၊ အိမ်မြှောင်များနှင့် အပင်များကို စားသုံးသည်။ ထို့ကြောင့် ရရှိနိုင်သည့်အစာအမျိုးအစားကို လိုက်လျောညီထွေပြောင်းလဲစားသုံးနိုင်ခြင်းသည်လည်း ကန္တာရကဲ့သို့ အစာရှားပါးသည့်ပတ်ဝန်းကျင်တွင်ရှင်သန်နိုင်ရန် အရေးပါသော အားသာချက်တစ်ခုဖြစ်သည်။

**ကန္တာရလိပ်**



ကန္တာရလိပ်သည် ရေရှားပါးသည့်ကန္တာရဒေသများတွင် ရှင်သန်နိုင်သော တွားသွားသတ္တဝါတစ်မျိုးဖြစ်သည်။ ကန္တာရ၏ နေ့ခင်းဘက်အပူချိန်မြင့်မားချိန်တွင် အပြင်ထွက်လှုပ်ရှားခြင်းထက် မြေအောက်တွင်းများအတွင်းနေထိုင်ခြင်းဖြင့် အပူဒဏ်ကိုရှောင်ရှားသည်။ ကန္တာရလိပ်များသည် အပင်များ၊ မြက်များကို စားသုံးကြသည်။ ကန္တာရလိပ်သည် မိုးရွာသည့်အချိန်၌ ရရှိနိုင်သောရေကို ခန္ဓာကိုယ်ထဲတွင် ထိန်းသိမ်း၍ အကျိုးရှိစွာအသုံးချသည်။ ထို့ကြောင့် ရေရှားပါးသည့်ကာလများတွင်ပင် အချိန်အတော်ကြာရှင်သန်နိုင်သည်။ ကန္တာရလိပ်များသည် သဲကန္တာရ၏ ကျောက်တောင်များ၌ နေထိုင်ကြသည်။

**ကန္တာရပုတ်သင်ညို**



ကန္တာရပုတ်သင်ညိုများသည် ပူပြင်းခြောက်သွေ့သည့် ကန္တာရပတ်ဝန်းကျင်တွင် ရှင်သန်နိုင်သည့် တွားသွားသတ္တဝါများဖြစ်သည်။ ပုတ်သင်ညိုမျိုးစိတ်များသည် မိမိတို့နေထိုင်ရာဒေသ၏ အပူချိန်နှင့် မြေမျက်နှာပြင်အခြေအနေအလိုက် အပြုအမူများကိုပြောင်းလဲကြသည်။ နေ့အချိန်တွင် အပူချိန်မြင့်တက်လာပါက ကျောက်တုံးအောက်၊ သဲအောက်၊ မြေအောက်တွင်းများတွင် ခိုအောင်းကြပြီး အပူချိန်လျော့နည်းသည့်အချိန်တွင် အစာရှာထွက်ကြသည်။ ခန္ဓာကိုယ်အရောင်ကို ပတ်ဝန်းကျင်နှင့်လိုက်ဖက်အောင်အသုံးချ၍ သားရဲများ၏ရန်မှကာကွယ်နိုင်ကြသည်။ ပုတ်သင်ညိုများသည် အင်းဆက်ပိုးမွှားများနှင့် အခြားတိရစ္ဆာန်ငယ်များကို စားသုံးကြသဖြင့် ကန္တာရဂေဟစနစ်အတွင်း အစာကွင်းဆက်၏အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ၎င်းတို့ကိုယ်တိုင်သည်လည်း ပိုမိုကြီးမားသည့် သားရဲတိရစ္ဆာန်များအတွက် အစာဖြစ်လာကြသဖြင့် သဘာဝအစာကွင်းဆက်ကို ဆက်လက်လည်ပတ်စေသည်။

**ကန္တာရကင်းမြီးကောက်**



ကန္တာရကင်းမြီးကောက်များသည် ကန္တာရတွင်တွေ့ရလေ့ရှိသော တိရစ္ဆာန်များဖြစ်သည်။ ၎င်းတို့သည် ကန္တာရ၏ အလွန်ပူပြင်းသော နေ့ခင်းအချိန်ကိုရှောင်ရှားရန် ကျောက်တုံးများအောက်၊ သဲအောက်နှင့် မြေအောက်တွင်းများတွင် ပုန်းအောင်းနေတတ်ကြသည်။ ညအချိန် အပူချိန်လျော့ကျလာသည့်အခါ အစာရှာထွက်လေ့ရှိပြီး အင်းဆက်ပိုးမွှားများနှင့် တိရစ္ဆာန်ငယ်များကို အစာအဖြစ်စားသုံးကြသည်။ ရေရှားပါးသောပတ်ဝန်းကျင်တွင် ရေဓာတ်ဆုံးရှုံးမှုကိုလျှော့ချနိုင်သည့် ခန္ဓာကိုယ်ဖွဲ့စည်းပုံရှိခြင်းကြောင့် ကန္တာရတွင် ရှင်သန်နိုင်ခြင်းဖြစ်သည်။ ကင်းမြီးကောက်များသည် လူသားများအတွက် အန္တရာယ်ရှိနိုင်သည့်မျိုးစိတ်များဖြစ်သော်လည်း သဘာဝအရ ၎င်းတို့သည် ကန္တာရဂေဟစနစ်၏ အရေးပါသောအစိတ်အပိုင်းတစ်ခုဖြစ်သည်။ အင်းဆက်ပိုးမွှားများကိုစားသုံးခြင်းဖြင့် ၎င်းတို့၏ အရေအတွက်ကို သဘာဝအတိုင်းထိန်းညှိပေးသကဲ့သို့ ၎င်းတို့ကိုယ်တိုင်လည်း အခြားသားရဲတိရစ္ဆာန်များအတွက် အစာဖြစ်ကြသည်။

ကန္တာရသည် လူသားများနှင့် သက်ရှိများအတွက် နေထိုင်ရန်ခက်ခဲသည့်နေရာတစ်ခုဖြစ်သော်လည်း အမှန်တကယ်တွင် ကန္တာရများသည် ကိုယ်ပိုင်ဂေဟစနစ်နှင့် အစာကွင်းဆက်များရှိသည့် သဘာဝပတ်ဝန်းကျင်ဖြစ်သည်။ ကုလားအုတ်၊ ဖန်နက်မြေခွေး၊ ကန္တာရလိပ်၊ ကန္တာရပုတ်သင်ညိုနှင့် ကန္တာရကင်းမြီးကောက်တို့ကဲ့သို့ တိရစ္ဆာန်များသည် ထိုဂေဟစနစ်အတွင်း ရှင်သန်နေထိုင်နိုင်ကြသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် အပူချိန်မြင့်တက်လာခြင်း၊ မိုးရေချိန်နှင့်ရေအရင်းအမြစ်များ ပြောင်းလဲလာခြင်းတို့သည် ကန္တာရဂေဟစနစ်အပေါ် သက်ရောက်မှုရှိလာပြီး လူသားများ၏မြေယာအသုံးချမှုများတိုးချဲ့ခြင်း၊ သဘာဝနေထိုင်ရာများကိုဖျက်ဆီးခြင်းနှင့် တရားမဝင်တောရိုင်းတိရစ္ဆာန်ကုန်သွယ်မှုများသည် ကန္တာရနေတိရစ္ဆာန်များအတွက် ခြိမ်းခြောက်မှုများဖြစ်လာလျက်ရှိသည်။


ထို့ကြောင့် ကန္တာရများနှင့် ၎င်းတို့ကိုမှီခိုရှင်သန်နေကြသည့် တိရစ္ဆာန်များကို ထိန်းသိမ်းကာကွယ်ရန်လိုအပ်သည်။ တိရစ္ဆာန်တစ်မျိုးပျောက်ကွယ်သွားခြင်းသည် တစ်မျိုးတည်း၏ ဆုံးရှုံးမှုသာမက အစာကွင်းဆက်နှင့် ဂေဟစနစ်တစ်ခုလုံးအပေါ် သက်ရောက်မှုရှိနိုင်သည်။ ကန္တာရကဲ့သို့ ကြမ်းတမ်းသောပတ်ဝန်းကျင်တွင် ရှင်သန်နေထိုင်ကြသောတိရစ္ဆာန်များသည် ကမ္ဘာမြေ၏ သဘာဝအလှနှင့် ဇီဝမျိုးစုံမျိုးကွဲများ၏ အံ့ဖွယ်ကောင်းမှုကို ဖော်ပြနေခြင်းဖြစ်သဖြင့် ၎င်းတို့ မပျောက်ကွယ်စေရန် လူသားများအနေဖြင့် သဘာဝပတ်ဝန်းကျင်ကို တန်ဖိုးထားကာ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

**ကိုးကား**

– Five Remarkable Desert Animals.

# သောင်ကမ်းတစ်ဖက် ယင်းတစ်ဖက်

မောင်ခြိမ့်



"လူကလေး မင်းတက်ပြောကွာ၊ အဘ လှေထဲမှာပဲစောင့်နေမယ်"

လေးလေးကန်ကန်နှင့် ငါးဒိုင် ရေဆင်းတံတားပေါ်သို့တက်သွားသော မြေးဖြစ်သူ သာအောင်ကို ငေးကြည့်ရင်း ဦးတောကျော် လှေထဲတွင် ကျန်ရစ်သည်။

ရေဆင်းတံတားကလေးနှင့်ကပ်၍ လက်ခုပ်တစ်ဖောင်ခန့်မြင့်အောင် ဆောက်ထားသော မော်တော်ကပ်သည့် တံတားအမြင့်ကြီးက ဦးတောကျော်ကို ငုံ့ကြည့်နေသည် ထင်ရ၏။ အုန်းပင်ရင့်ရင့်ကြီးများကိုတိုင်လုပ်၍ အုန်းသားခွဲခြမ်းများခင်းထားသော တံတားကြီးပေါ်တွင် "မတင်"ဟု ထုံးဖြင့် အမည်ရေးထားသည့် ငါး၊ ပုစွန်များထည့်သော သေတ္တာကြီးများက နှစ်လုံးထပ်၊ သုံးလုံးထပ် တန်းစီလျက်ရှိသည်။ ဘေးတွင် ရေလုံသစ်သားစည်ပိုင်းကြီးများကိုလည်း တွေ့နေရသည်။ ထိုသေတ္တာများထံမှ ငါးညှီ၊ ငါးဟောက်နံ့တို့သည် နံနက်စောစော၏ လေပြည်ထဲတွင် ပျံ့လွင့်လျက်ရှိသည်။

ချောင်းကြို၊ မြောင်းကြား၊ အင်း၊ အိုင်၊ တမံမြစ်ယံတစ်ကြောတွင် လှေကလေးများဖြင့် ရှာဖွေဖမ်းဆီးရလာသမျှ ကွန်သမား၊ ပိုက်သမား၊ ဘဝန်းသမား၊ ဒိုင်းဝန်းသမား၊ အုန်းသီးတန်းခတ်သမား၊ လက်ထွန်သမားအားလုံးတို့၏ ငါး၊ ပုစွန်များ လာရောက်ပေါင်းဆုံရသော လက်ကားဒိုင်ကြီး ဖြစ်လေသည်။

သူတို့မြို့ကလေးသည် မြစ်ဝကျွန်းပေါ်ဒေသတွင်တည်ရှိသဖြင့် ရေချို ငါး၊ ပုစွန်၊ ငါးပိ၊ ငါးခြောက်များ၊ ထုတ်လုပ်ဖြန့်ဖြူးရာ အချက်အချာကျသည့် နေရာလည်းဖြစ်သည်။ တံငါများ ရှာဖွေရရှိလာသည့် ငါး၊ ပုစွန်မျိုးစုံတို့ကို စုစည်းဝယ်ယူကာ ရေခဲရိုက်တန်တာရိုက်၊ အရှင်လှောင်သင့်တာလှောင်၍ "ချွန်း" ဟုခေါ်သည့် စပါးနှစ်ရာ၊ သုံးရာပါ သစ်သားခွံ သမ္ဗန်တွင် စက်တပ်ထားသည့် စက်လှေများဖြင့် ရန်ကုန်သို့ ပို့ကာ စီးပွားရှာနေကြသော ငါး၊ ပုစွန်ဒိုင်ကြီးများ အခြေစိုက်ရာ နေရာလည်းဖြစ်သည်။

ငွေရှင်းငွေနီး အပေါင်းအသင်း၊ အဆက်အသွယ်ကောင်းသည့် ငါးဒိုင်ပိုင်ရှင်များသည် ရန်ကုန်ပေါက်ဈေးနှင့် အဆမတန်ခွာ၍ ကောက်ယူရရှိလာသည့် ငါး၊ ပုစွန် လုပ်ငန်းများဖြင့် ကြွယ်ဝချမ်းသာလာသလို၊ အရင်းအနှီးမရှိသည့် တံငါများအား လှေ၊ ပိုက်၊ ကွန်၊ ဘဝန်း၊ ယင်းလိပ်စသည့် ကိရိယာတန်ဆာများထုတ်ပေးကာ ဖမ်းယူစေခြင်းဖြင့်လည်း ကုန်ကြမ်းများမပြတ်စေရန် စီစဉ်ထားလေ၏။

ဖြတ်သန်းခုတ်မောင်းသွားသော မော်တော်တစ်စင်းကြောင့် ဖြစ်ပေါ်လာသော လှိုင်းများက ဦးတောကျော်၏ အလျားတစ်ဆယ့်သုံးတောင်ရှိ တံငါလှေအိုကလေးအား ဦးစိုက်ပဲ့ထောင်ဖြစ်သွားစေရုံမက ဆိုက်ကပ်ထားသော ရေဆင်းတံတားနှင့်လည်း တဒိုင်းဒိုင်းဝင်ဆောင့်လေရာ ဦးတောကျော်သည် တံတားတိုင်ကို လက်နှင့် တွန်းကာ ခွာထားရစဉ် လှေထဲသို့ခုန်ဆင်းလာသော သာအောင်က–

"ယူချင်သလိုလို မယူချင်သလိုလိုနှင့် ရောင်းရတာအောက်ကျလိုက်တာ အဘရယ်"ဟု မကျေမနပ်ပြောရင်း လှေတပ်များကိုဖွင့်၍ ငါး၊ ပုစွန်များပေါ်သို့ မြစ်ရေကို ပက်ခွန့်ဖြင့်ခပ်၍ ပက်နေတော့သည်။

အားနည်းမှုန်မွှားလှသော ရေနံဆီ (ဒီဇယ်ဆီ) မီးတိုင်ခွက်၏ အလင်းရောင်ဖြင့် လတာပြင် ရွှံ့နွံများကြားတွင် လက်နှင့် ကျုံးကာ၊ ယက်ကာဖမ်းဆီးလာခဲ့ရသည်မို့ အမှိုက်များ၊ ရွှံ့နွံများရောနှောပေကျံလျက်ရှိသည်။

ရေနှင့်ပက်၍ ဆေးကြောလိုက်တော့မှ ဖြူဖွေးသန့်စင်သွားတော့၏။ ဖြူဖြူဖွေးဖွေး ရေဆေးငါးဟုပင် တင်စားတတ်သည်မဟုတ်လား။

မြစ်ကမ်း၊ ချောင်းစပ်တို့တွင် ဘဝန်းပိတ်၍ရလာသော ငါး၊ ပုစွန်ဟူသည် တတယ်တော့ ငါးကြီးငါးကောင်းများမဟုတ်ကြပါ။

ငါးခုံးမ၊ ငါးစင်ရိုင်း၊ ငါးနုသန်း၊ ငါးဖယ်အောင်း၊ ပုစွန်ဘေးကျား၊ ပုစွန်ဆိတ်၊ ပုစွန်ဆတ်တုပ်၊ ပုစွန်ကြာရိုးများသာ အမိများပါ၏။ တစ်ခါတစ်ရံမှသာ ငါးပတ်၊ ငါးဖယ်၊ ငါးရံ့များရတတ်ပါသည်။

ထိုအခိုက် လှေထဲသို့ တောင်းတစ်လုံးကို ပစ်ချလိုက်ရင်း "ခင်ဗျားတို့ဟာတွေကလဲ အမှိုက်တွေပါလှချေလား၊ ရွေးစမ်းပါအုံး" စကားသံခပ်မာမာနှင့် ပြောလာသော ငါးဒိုင်မှ အလုပ်သမား၏အသံကြောင့် ဦးတောကျော်မော့၍ ကြည့်မိ၏။ "အဘိုးကြီး ကြည့်မနေနဲ့ အမှိုက်တွေစင်အောင်ရွေးပြီးမှ တောင်းထဲထည့်ပြီး အပေါ်ယူလာခဲ့၊ ဟိုမှာ အင်းချောင်းက ငါးတွေချိန်နေရလို့ ကျုပ်မအားဘူး"

ပြောပြောဆိုဆို တက်သွားတော့မှ–

"ဪ – ကိုယ့်ပစ္စည်းကိုယ်ရောင်းတာတောင် အောက်ကျလိုက်တာနော်" ခပ်တိုးတိုး ညည်းတွားမိသည်။

"အမြဲတမ်းဖောက်သည်မှ မဟုတ်တာဘဲ အဘရဲ့၊ သူများ ငါးဒိုင်မှာ အဆင်မပြေလို့လာရောင်းတာမှန်းသိတော့ နှိမ်တာပေါ့"

သာအောင်ကပြောရင်း အမှိုက်များကို ကုန်း၍ ရွေးနေတော့သည်။

နောက်ကျမှလည်း ချိန်ရသေးဈေးကလည်း နှိမ်လိုက်သေး၍ အိမ်အပြန်ခရီးတွင် ဦးတောကျော်၏ စိတ်တို့သည် မရွှင်ပျချေ။ အိမ်မှာ တစ်ယောက်တည်း ကျန်ရစ်ရှာသည့် မခင်ရွှေအတွက်လည်း စိတ်ကမချ။ မမာနေသည်မှာ တစ်လခန့်ရှိပြီး မြန်မာသမားတော်နှင့်သာ ကုသနေရသည်။ အသက်အရွယ်ကရလာပြီမို့ နာလန်ထူရန်ကမလွယ်၊ မြို့က ဆေးရုံမှာသွားပြီး ကုပါဟု အကြံပေးလာသူများရှိသော်လည်း ကိုယ့်ဝမ်းနာ ကိုယ်သာသိသမို့ စိတ်သွားတိုင်းကိုယ်မပါနိုင်ခဲ့။

လင်နဲ့မယား ချမ်းသာအတူဆင်းရဲအမျှ ဟူသည့် ဆိုစကားရှိသော်လည်း ချမ်းသာဖို့အရေးက သူတို့နှင့် အလှမ်းကွာလွန်းသောအခါ ဆင်းရဲမှုတွေချည်း မျှဝေခံစားနေရသော ဇနီးသည်အတွက် စိတ်က မကောင်းပေ။

ထိုအခါ ကြံမိကြံရာကြံဖြစ်ရတော့၏။ ယနေ့ည ဘဝန်းပိတ်၍ရလာသမျှကို ဖောက်သည်ဒိုင်တွင် မရောင်းတော့ဘဲ အခြားဒိုင်တွေမှာသာ ရောင်းခဲ့ခြင်းဖြစ်၏။ သူတို့ သတ်မှတ်ပေးထားသော လှေနှင့် ယင်းများအသုံးပြု၍ ရလာသမျှကို သူတို့သတ်မှတ်သည့် ဈေးနှင့် သွင်းရသည်။ ကျန်သမျှငွေကို တစ်ဝက်ခွဲကာ ကြွေးဆပ်ရသေး၏။ ထို့ကြောင့် တစ်ခါမျှမလုပ်ခဲ့ဖူးသော အလုပ်ကိုလုပ်ခဲ့မိခြင်းဖြစ်ပါ၏။

မဟုတ်တာလုပ်မိသူတို့ သဘာဝအရစိတ်ကမလုံ၊ တကြောင့်ကြကြဖြစ်နေသည်။ ယနေ့ရောက်မလာသည့်အတွက် မနက်ဖြန်သွားလျှင် မေးတော့မည်။ မေးလျှင် မည်သို့ဖြေမည်နည်း။ ဇနီးဖြစ်သူနေမကောင်း၍ ဘဝန်းပိတ် မထွက်နိုင်ဟု ဖြေမည် စိတ်ကူးထားသည်။

သို့သော် စိတ်ကမချ။ သူ့လိုပင်ဘဝတူ ပိုက်သမား၊ ကွန်သမား၊ တန်းသမားတွေက အပုံပင်၊ သူတို့ကိုမေးလျှင် အလိမ်ပေါ်လိမ့်မည်။ အားလုံးကို လိုက်၍ ပိတ်ထားရန်မဖြစ်နိုင်။ ဟူးခနဲ သက်ပြင်းတစ်ချက်မှုတ်ထုတ်မိတော့၏။ မတတ်နိုင်တော့ လုပ်မိပြီ၊ လိမ်မိပြီ၊ ဖြစ်သမျှအကြောင်း အကောင်းပေါ့လေဟု တွေးရင်း အိမ်ရှေ့ကမ်းစပ်ကို ရောက်လာခဲ့သည်။

သူတို့မြေးအဘိုး လမ်းသမိုင်ရွာတစ်ဖက်ကမ်းကို ရောက်တော့ နေညိုတော့မည်။ ကြီးတော်ကွင်း၊ အရှေ့ဒရင်း၊ ဆင်ကူး၊ ထိပ်ဝ၊ ကုလားစု၊ ညောင်တန်းစသည့်နေရာ သောင်ကမ်းများတွင် ဘဝန်းသမားများ ခြေချင်းလိမ်မျှ နေရာဦးထားကြပြီ။ အခုတလော ထိုနေရာများတွင် ငါး၊ ပုစွန်အထိ အမိများလှသဖြင့် အလုအယက်သွားကြသောကြောင့် လှေချင်းဆက်လုမတတ် စည်ကားနေတော့၏။

အင်းချောင်းဂရန်မှ အလွတ်၊ အများပိုင်ရှာဖွေစားခွင့်ရှိသောနေရာများဖြစ်၍ အရင်ရောက်သူက ကမ်းဦးခွင့်၊ ဘဝန်းပိတ်ခွင့်ရှိလေသည်။

ထို့ကြောင့် ဦးတောကျော်သည် ငါး၊ ပုစွန်အရနည်းသဖြင့် ဘဝန်းသမားများ ခြေဦးမလှည့်သော လမ်းသမိုင်သောင်ဘက်သို့ လာခဲ့ခြင်းဖြစ်ပါ၏။

တကယ်တော့ ဘဝန်းပိတ်ခြင်းဆိုသည်မှာ ဦးတောကျော်တို့ငယ်စဉ်တုန်းက အသုံးပြုသည့် ကိရိယာမှာ တစ်မျိုးတည်းသာရှိသေး၏။ ၎င်းကား ဝါးနှင့် ပြုလုပ်ထားသော ယင်းလိပ်များပင်တည်း။ အနံ ငါးပေခွဲ၊ အလျား ဆယ်ပေ၊ ဆယ့်နှစ်ပေခန့် ထိုယင်းလိပ်များကို မိမိလုပ်နိုင်သလောက်ချင့်ချိန်၍ တချို့က အလိပ်ငါးဆယ်၊ ခြောက်ဆယ် စသည်ဖြင့် အသုံးပြု၍ဘဝန်းပိတ်တတ်ကြ၏။

သောင်စပ်၊ ချောင်းစပ်တိုင်းတွင် ဘဝန်းပိတ်၍ မဖြစ် သောင်ပြန့်ကုန်း ပေါ်လွန်းလျှင်၊ သို့မဟုတ် ကမ်းပါးစောက်နက်လျှင် ဘဝန်းပိတ်၍မရပါ။

ခပ်ပြေပြေ ဆင်ခြေလျှောဖြစ်ခြင်း၊ ကမ်းစပ်တွင် ငါး၊ ပုစွန်တို့ ခိုအောင်းပျော်မြူးချင်စရာကောင်းသည့် ချုံနွယ်၊ ချုံစပ်တန်းများ၊ ကဇန်းပင်၊ ကိုယ်ရံကြီးပင်လိုမျိုး ရေစပ်အရိပ်အာဝါသကောင်းသည့်အပင်များ၊ ငါးတန်ပိန်းပင်၊ ဝက်လာပင်စသည့် ရေအောက်တွင် ရှင်သန်တတ်သည့် အပင်ကလေးများရှိသော သောင်စပ်၊ ကမ်းစပ်သည် ငါး၊ ပုစွန်တို့ ခိုအောင်းပျော်မြူးလေ့ရှိသဖြင့် ထိုနေရာများတွင် ဘဝန်းပိတ်ပါမှ အထိအမိများတတ်ပါ၏။

အရေးအကြီးဆုံးတစ်ချက်လည်း ရှိပါသေး၏။ တစ်ထပ်၊ နှစ်ထပ်၊ သုံးထပ်သင်္ဘောကြီးများ မပြတ်သွားလာတတ်သည့် ခရီးလမ်းကြောင်းကျသည့် နေရာမျိုးတွင်လည်း ဘဝန်းပိတ်၍ အဆင်မပြေပါ။ ပြင်းပြင်းထန်ထန်ရိုက်ပုတ်တတ်သော လှိုင်းများကြောင့် ငါး၊ ပုစွန်တို့ ကမ်းမကပ်နိုင်ခြင်း၊ ပိတ်ကာထားသော ဘဝန်း၊ ယင်းလိပ်များ ပြုတ်ထွက်မျောပါခြင်းဖြစ်တတ်သဖြင့် ဘဝန်းသမားများ ရှောင်ကြလေ့ရှိပါ၏။

ဆက်လက်ဖော်ပြပါမည်။

# တနင်္ဂနွေနေ့ညကစားမဲ့ ဥရောပပြိုင်ပွဲတွေထဲက ထိပ်တိုက်တွေ့ဆုံမှုမှာ အသာရထားတဲ့ လီဗာပူးအသင်း၊ ဂျူဗင်တပ်အသင်း၊ ရီးရဲလ်မက်ဒရစ်အသင်းတို့ကို အားပေးရမှာပါ

ML



ဥရောပအမှတ်ပေးပြိုင်ပွဲတွေ ကစားလာတာဆိုရင် ပွဲစဉ် (၅) ရောက်လာချိန်မှာ ပရီးမီးယားလိဂ်မှာ အာဆင်နယ်က အမှတ်ပေးဇယားကို ဦးဆောင်နေပြီး လာလီဂါမှာ ဘာစီလိုနာ၊ စီးရီးအေမှာ ရိုးမား၊ ဘွန်ဒက်လီဂါမှာ ဖရိုင်းဘတ်၊ ပြင်သစ်လီဂူးမှာ လိုင်လီအသင်းတို့က အမှတ်ပေးဇယားထိပ်မှာ ရောက်ရှိနေတာကိုတွေ့ရမှာပါ။ ဒီတစ်ပတ် အသင်းကြီးတွေကိုချဉ်းကပ်တဲ့အခါ ကစားကွက်နဲ့ စုဖွဲ့မှုကိုသာ မဟုတ်ဘဲ အသင်းရဲ့နိုင်လိုစိတ်ပြင်းထန်မှုကိုလဲ ထည့်သွင်းစဉ်းစားရမှာဖြစ်လို့ လာမဲ့တနင်္ဂနွေနေ့ညမှာတော့ အသင်းကြီးတွေထဲက တွေ့ဆုံမှုမှာအသာရထားတဲ့ လီဗာပူးအသင်း၊ ဂျူဗင်တပ်အသင်း၊ ရီးရဲလ်မက်ဒရစ်အသင်းတို့ကို အားပေးရမှာဖြစ်ပါတယ်။

## လီဗာပူးအသင်းကို အားပေးရမှာပါ

တနင်္ဂနွေနေ့ညကစားမဲ့ ပရီးမီးယားလိဂ် ပွဲစဉ် (၅)မှာအကြိုက်တွေ့မိတာကတော့ ဘုန်းမောက်အသင်းနဲ့ လီဗာပူးအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘုန်းမောက်အသင်းဟာ အမှတ်ပေးပွဲလေးပွဲမှာ သုံးပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ရယူခဲ့တာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်တွေမှာ သူတို့အသင်းရဲ့တိုက်စစ်က ပြိုင်ဘက်တိုင်းကို ဂိုးသွင်းယူနိုင်ခဲ့ပေမဲ့ခံစစ်ကတော့ပွဲတိုင်းပေးဂိုးရှိခဲ့တာကိုသတိပြုရမှာပါ။ သူတို့ရမှတ်ခွဲပေးရတဲ့ပွဲတွေကိုကြည့်ရင်လဲ နာကျင်အချိန်ပိုမှာ ဂိုးပေးနေရတဲ့အခြေအနေရှိနေပြီး ပွဲချိန်ကြာလာတာနဲ့ ခံစစ်ပိုင်းကအားနည်းသွားခဲ့တာကိုတွေ့ရမှာပါ။ဘုန်းမောက်အသင်းအနေနဲ့ လီဗာပူးအသင်းလိုမြန်နှုန်းမြင့်ကစားသမားတွေနဲ့ ထိပ်တန်းအဆင့်ကစားသမားတွေ ပိုင်ဆိုင်ထားတဲ့အသင်းကိုပွဲချိန်ပြည့်ထိန်းချုပ်ကစားဖို့တော့အခက်တွေ့မှာပါ။

လီဗာပူးအသင်းကတော့ ပရီးမီးယားလိဂ်အတွေ့အကြုံရှိတဲ့ နည်းပြအီရာအိုလာကိုခန့်အပ်ထားပေမဲ့ ထိပ်တန်းအဆင့်ကစားသမားတွေကို အသုံးချနိုင်ဖို့ နည်းပြအနေနဲ့နည်းလမ်းကောင်းတွေ မတွေ့သေးတာကြောင့် အချို့ပွဲတွေမှာ မလိုအပ်ဘဲ ရမှတ်ခွဲပေးနေရတာဖြစ်ပါတယ်။ ဒါကြောင့် ပရီးမီးယားလိဂ်လေးပွဲမှာ သုံးပွဲသရေ၊ တစ်ပွဲနိုင်နဲ့ အမှတ်ပေးဇယား အဆင့် (၈) မှာရောက်ရှိနေတာဖြစ်လို့ ချန်ပီယံစိန်ခေါ်ခွင့်ရဖို့ဆိုရင် အခုပွဲကို နိုင်ပွဲရှာနိုင်မှဖြစ်မှာပါ။နည်းပြအီရာအိုလာအနေနဲ့ တောင်ပံခံစစ်ကစားသမားတွေကို တိုက်စစ်လိုက်ပါကစားခိုင်းတာကြောင့် ခံစစ်ပိုင်းအားနည်းသွားပြီး ပေးဂိုးတွေ များသွားတာဖြစ်လို့ အခုပွဲမှာ ဒီအချက်ကိုပြင်နိုင်ရင်တော့ ဘုန်းမောက်အသင်းကို ဂိုးပြတ်နိုင်ပွဲရမှာသေချာပါတယ်။ လက်ရှိမှာ လီဗာပူးအသင်းဗဟိုခံစစ်အတွဲအချိတ်အဆက်မိလာတာကြောင့် ပြိုင်ဘက်တိုက်စစ်တွေအနေနဲ့ အဝေးကန်ချက်တွေကို အားပြုကစားမှသာ ဂိုးသွင်းခွင့်ရဖို့အခွင့်အရေးရမှာဖြစ်ပါတယ်။ ဒါပေမဲ့ ဘုန်းမောက်ကွင်းလယ်က အဒမ်နဲ့ စကော့တို့အနေနဲ့ လီဗာပူးရဲ့ အစ်ဆက်ခ်၊ ဖလိုရီယန်ဝစ်၊ မူနို့ဇ်၊ ဘာကိုလာတို့အတွဲကိုတော့ ထိန်းချုပ်ဖို့ မဖြစ်နိုင်တာကြောင့် အခုပွဲမှာ အဘက်ဘက်ကသာနေတဲ့ လီဗာပူးအသင်းကိုပဲအားပေးရမှာပါ။

### ဘုန်းမောက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘုန်းမောက် | ၁ | - | ၁ | အဲဗာတန် |
| နယူးကာဆယ် | ၂ | - | ၂ | ဘုန်းမောက် |
| ဘုန်းမောက် | ၄ | - | ၀ | လင်ကွန်း |
| ဘုန်းမောက် | ၂ | - | ၂ | ဘရန့်ဖို့ဒ် |
| ဆိုစီဒက် | ၁ | - | ၂ | ဘုန်းမောက် |

### လီဗာပူးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လီဗာပူး | ၂ | - | ၂ | နော်တင်ဟမ် |
| အစ်ဗုစ် | ၀ | - | ၂ | လီဗာပူး |
| လီဗာပူး | ၂ | - | ၁ | အေတီကို |
| လီဗာပူး | ၀ | - | ၀ | ဖူလ်ဟမ် |
| လီဗာပူး | ၃ | - | ၁ | စပါး |

## ဂျူဗင်တပ်အသင်းနဲ့ လက်တွဲရမှာပါ

စီးရီးအေပြိုင်ပွဲမှာ အကြိုက်တွေ့မိတာကတော့ ဂျူဗင်တပ်အသင်းနဲ့ အတ္တလန်တာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း ပြီးခဲ့တဲ့ဘောလုံးရာသီ ထိပ်တိုက်တွေ့ဆုံမှုသုံးကြိမ်မှာ ဂျူဗင်တပ်အသင်းက တစ်ပွဲသရေ၊ တစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရလဒ်ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ အမှတ်ပေးပွဲ လေးပွဲအပြီးမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ကြောင့် ရမှတ်ခုနစ်မှတ်နဲ့ အဆင့် (၈) ရောက်နေတာဖြစ်လို့ အခုပွဲကိုနိုင်ပွဲရမှသာ ချန်ပီယံမျှော်လင့်ချက်ရှိလာမှာဖြစ်ပါတယ်။ ဒါကြောင့် ဂျူဗင်တပ်အသင်းအနေနဲ့ အခုလိုအိမ်ရှင်အားသာချက်နဲ့ အတ္တလန်တာအသင်းနဲ့တွေ့ချိန်မှာ ရမှတ်ရှာနိုင်မှသာ ချန်ပီယံဆုကို စိန်ခေါ်နိုင်မှာဖြစ်လို့ ခံစစ်နဲ့တိုက်စစ်ကို အကောင်းဆုံးပြင်ဆင်လာမှာသေချာပါတယ်။

အတ္တလန်တာအသင်းကတော့ နည်းပြဆာရီလက်အောက်မှာ ခံစစ်ကစားပုံကောင်းခဲ့ပေမဲ့ နောက်ဆုံးကစားခဲ့တဲ့နှစ်ပွဲဆက်မှာတော့ ခံစစ်က ပေးဂိုးနှစ်ဂိုးစီပေးလိုက်ရပြီး ရှုံးပွဲဆက်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းကလဲ နွေရာသီအပြောင်းအရွှေ့မှာ အသင်းက အဓိကကစားသမားတွေကိုသာထိန်းချုပ်ခဲ့ပြီး နည်းပြသစ်အဖြစ် ဆာရီကိုခန့်အပ်ခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ အသင်းရဲ့ အဓိကတိုက်စစ်မှူးတွေအနေနဲ့ ပုံမှန်ဂိုးရဖို့ရုန်းကန်နေရတာကြောင့် ပြီးခဲ့တဲ့ စီးရီးအေငါးပွဲမှာ တိုက်စစ်ကငါးဂိုးသာ သွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် ဂျူဗင်တပ်လိုကစားသမားစုဖွဲ့မှုအားကောင်းပြီး တွေ့ဆုံမှုအစဉ်အလာမှာ ကောင်းတဲ့အသင်းကိုတော့ ပွဲချိန်ပြည့်ယှဉ်ကစားဖို့ မဖြစ်နိုင်တာဖြစ်လို့ အခုပွဲမှာ အိမ်ရှင်ဂျူဗင်တပ်အသင်းနဲ့ပဲ လက်တွဲရမှာပါ။

### ဂျူဗင်တပ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဖရိုစီဝမ်း | ၀ | - | ၁ | ဂျူဗင်တပ် |
| ဂျူဗင်တပ် | ၂ | - | ၀ | ပါးမား |
| ဂျူဗင်တပ် | ၁ | - | ၁ | အေစီမီလန် |
| ဆက်ဆူအိုလို | ၃ | - | ၂ | ဂျူဗင်တပ် |
| ဂျူဗင်တပ် | ၅ | - | ၀ | နီမီဂျန် |

### အတ္တလန်တာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အတ္တလန်တာ | ၂ | - | ၁ | ဆက်ဆူအိုလို |
| တဲလ်အဗစ် | ၀ | - | ၁ | အတ္တလန်တာ |
| အတ္တလန်တာ | ၁ | - | ၀ | ဘိုလော့နာ |
| ရိုးမား | ၂ | - | ၁ | အတ္တလန်တာ |
| အတ္တလန်တာ | ၁ | - | ၂ | ကက်ဂလီယာရီ |

## ရီးရဲလ်မက်ဒရစ်အသင်းကို ရွေးချယ်ရမှာပါ

စပိန်လာလီဂါ ပွဲစဉ် (၇) မှာအကြိုက်တွေ့မိတာကတော့ မက်ဒရစ်ဒါဘီပွဲဖြစ်တဲ့ အေတီကိုအသင်းနဲ့ ရီးရဲလ်မက်ဒရစ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အေတီကိုအသင်းနည်းပြကတော့ နွေရာသီအပြောင်းအရွှေ့မှာ အသင်းကအဓိကကစားသမားတွေထိန်းချုပ်ပြီး ကွင်းလယ်ပိုင်းမှာ ထိပ်တန်းအဆင့်ကစားသမားတွေ ဖြည့်ခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် အမှတ်ပေးပွဲခုနစ်ပွဲအပြီးမှာ လေးပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်နဲ့ အမှတ်ပေးဇယား အဆင့် (၃) ကိုတက်ရောက်နိုင်ခဲ့ပြီး ချန်ပီယံမျှော်လင့်ချက်ရှိနေတာဖြစ်ပါတယ်။ အေတီကိုဟာ ပြီးခဲ့တဲ့ဘောလုံးရာသီ ရီးရဲလ်မက်ဒရစ်နဲ့ သုံးကြိမ်တွေ့ခဲ့ပေမဲ့ နှစ်ပွဲရှုံး၊ တစ်ပွဲနိုင် ရလဒ်သာ ရရှိခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ ဒါဘီပွဲစဉ်တွေမှာတော့ အေတီကိုအသင်းက ရီးရဲလ်မက်ဒရစ်နဲ့တွေ့ရင် အသာမရခဲ့ဘဲ ခံစစ်ပိုင်းကလဲ ပေးဂိုးများတတ်တာကြောင့် အခုရာသီမှာလဲ ရီးရဲလ်မက်ဒရစ်ကွင်းလယ်ပိုင်းကို ထိန်းချုပ်ကစားနိုင်မှသာ ရမှတ်ခွဲယူနိုင်ဖို့သေချာမှာပါ။

ရီးရဲလ်မက်ဒရစ်အသင်းဟာ နည်းပြမော်ရင်ဟိုလက်ထက်မှာ ခံစစ်ပိုင်းနဲ့ တိုက်စစ်ပိုင်းကို အဓိကကစားသမားတွေ ထပ်မံဖြည့်တင်းနိုင်ခဲ့တာကြောင့် တိုက်စစ်ကစားပုံတိုးတက်လာတာကိုတွေ့ရမှာပါ။ ဒါပေမဲ့ ခံစစ်ပိုင်းကတော့ အသင်းငယ်တွေကိုတောင် ဂိုးပေးနေရတာဖြစ်လို့ အခုဒါဘီပွဲစဉ်မှာ ခံစစ်ပိုင်းပြင်ဆင်နိုင်မှသာ ရီးရဲလ်မက်ဒရစ်နိုင်ပွဲရမှာပါ။ လက်ရှိမှာတော့ နည်းပြမော်ရင်ဟိုဟာ အသင်းရဲ့တိုက်စစ်မှူးအမ်ဘက်ပီကို အထောင်နေရာမှာထားပြီး ဒီယွန်မန်ဒီ၊ ဗီနီစီးယက်စ်၊ အဒါဂူလာတို့က နောက်ချန်တိုက်စစ်နဲ့ ကစားနေတာကြောင့် ပြိုင်ဘက်မရွေးဂိုးသွင်းနိုင်ခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိကစားသမားစုဖွဲ့မှုနဲ့ ယုံကြည်မှုပိုင်းမှာ ရီးရဲလ်မက်ဒရစ်အသင်း ပိုသာနေတာဖြစ်သလို ဒါဘီပွဲစဉ်မှာ အစဉ်အလာကောင်းတွေပိုင်ဆိုင်ထားတဲ့ ရီးရဲလ်မက်ဒရစ်အသင်းပဲ နိုင်ပွဲရနိုင်တယ်လို့ သုံးသပ်မိတာကြောင့် ရီးရဲလ်မက်ဒရစ်အသင်းကိုပဲ ရွေးချယ်ရမှာဖြစ်ပါတယ်။

### အေတီကိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဆီဗီလာ | ၁ | - | ၃ | အေတီကို |
| ဘီလ်ဘာအို | ၃ | - | ၀ | အေတီကို |
| လီဗာပူး | ၂ | - | ၁ | အေတီကို |
| ဆိုစီဒက် | ၀ | - | ၃ | အေတီကို |
| အေတီကို | ၄ | - | ၀ | အိုဆာဆူနာ |

### ရီးရဲလ်မက်ဒရစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ရီးရဲလ်မက်ဒရစ် | ၄ | - | ၀ | မာလာဂါ |
| ဘက်တစ် | ၁ | - | ၀ | ရီးရဲလ်မက်ဒရစ် |
| ရီးရဲလ်မက်ဒရစ် | ၂ | - | ၁ | အင်တာမီလန် |
| ရီးရဲလ်မက်ဒရစ် | ၄ | - | ၁ | ဗယ်လ်ကာနို |
| အယ်ချီ | ၂ | - | ၃ | ရီးရဲလ်မက်ဒရစ် |

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၆)
## (၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၅ ရက်)

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားတိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၆ ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် အသက် ၃၀ နှစ်ထက်မကျော်လွန်စေရ။

(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) လျှောက်ထားသူသည် ပြစ်မှုနှင့်ပါတီနိုင်ငံရေးကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

၄။ လျှောက်လွှာများကို ၂၇-၈-၂၀၂၆ ရက်မှ ၂၇-၉-၂၀၂၆ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၉ ရက်၊ ၃၀ ရက်တို့၌ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| နေပြည်တော် | ဖုန်း | - | ၀၉ -၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉- ၆၉၅၆၉၉၉၆၆<br>၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း | - | ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း | - | ၀၉-၆၈၈၈၈၃၅၅၈ |

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်း

ဦးဘအောင် + ဒေါ်မြင့်မြင့်တို့၏ သားသမီးများဖြစ်သော ဒေါ်မေသန်း(၉/မနတ(နိုင်)၀၁၂၁၅၈) ဦးအောင်ဖြိုး(၉/မနတ(နိုင်)၀၁၂၁၅၉)နှင့် ဒေါ်ခင်ခင်ညိမ်း(၉/မနတ(နိုင်)၀၁၂၁၆၁)တို့သည် မန္တလေးမြို့၊ ၂၇ လမ်း၊ ၈၇ x ၈၈ လမ်းကြား၊ အဆင့်မြင့်ဈေးချိုတော်အနောက်ဘက်၊ သင်္ကန်းတန်းရပ်၊ အိမ်အမှတ်(၄၁)တွင် "ပြဟ္မာမင်းသင်္ကန်း" အမည်ရှိ အမှတ်တံဆိပ်ကို မှတ်ပုံတင်အမှတ်(၁၂၃/၁၉၄၇)ဖြင့် တရားဝင်မှတ်ပုံတင်သွင်း၍ ဝိနည်းတော်နှင့်အညီ ချုပ်လုပ်ထားသော သင်္ကန်းများအား ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို အထက်ပါနေအိမ်တစ်နေရာတည်းတွင်သာ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

အခြားမည်သည့်အရပ်ဒေသတွင်မျှ ဆိုင်ခွဲဖွင့်လှစ်ရောင်းချခြင်းများကို လုံးဝ(လုံးဝ) လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိပါ။




အထက်အမည်ပါ အမှတ်တံဆိပ် "ပြဟ္မာမင်းသင်္ကန်း" အမည်အမှတ်အသားဖြင့် မန္တလေးမြို့၊ ၂၇ လမ်း၊ ၈၇ x ၈၈ လမ်းကြား၊ အဆင့်မြင့်ဈေးချိုတော်အနောက်ဘက် သင်္ကန်းတန်းရပ်၊ အမှတ်(၄၁)နေအိမ်မှ လက်လီလက်ကားဖြန့်ဖြူးရောင်းချလျက်ရှိသည်မှာ ယနေ့အချိန်အထိ နှစ်ပေါင်း (၈၀)နီးပါး ကြာမြင့်စွာတည်မြဲခိုင်မာလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ကျွန်ုပ်မိတ်ဆွေတို့၏ "ပြဟ္မာမင်းသင်္ကန်း"ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အများပြည်သူထင်ယောင်ထင်မှားဖြစ်ပေါ်စေရန် တစ်စိတ်တစ်ဒေသဖြစ်စေ၊ ဆင်တူယိုးမှားထင်ယောင်ထင်မှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တုပသုံးစွဲခြင်းများ မပြုလုပ်ကြပါရန်နှင့် ပြုလုပ်သုံးစွဲနေကြောင်း တွေ့ရှိကြားသိရပါက တရားဥပဒေနှင့်အညီ တရားတစ်ထုံးစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်သူများ**

ဒေါ်မေသန်း
ဦးအောင်ဖြိုး
ဒေါ်ခင်ခင်ညိမ်း

**လွှဲအပ်ချက်အရ**
**ဦးဇော်လင်းဝင်း(LL.B)**
တရားလွှတ်တော်ရှေ့နေ(၇၉၉၆/၂၁-၁၂-၂၀၁၁)
အမှတ်-၁၂၀/၁၂၊ ၂၈ x ၂၉ လမ်း၊
၇၆ x ၇၇ လမ်းကြား၊ ဟေမာဇလရပ်၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၅၀၈၆၈၂၃၊ ၀၉-၇၉၇၁၂၃၉၆၅

## အမည်မှန်

ရှမ်းပြည်နယ်၊ မိုင်းကိုင်မြို့နယ်၊ ကတ်ဗွီးကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်းခွဲ၊ စတုတ္ထတန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးဆန်းယု၏သား မောင်ကောင်းအောင်၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **စိုင်းဖွမ်းခမ်း** ဖြစ်ပါကြောင်း။ **စိုင်းဖွမ်းခမ်း**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အထက (၃၁)၊ Grade-9(B)တွင် ပညာသင်ကြားနေသော မောင်လင်းလက်အောင်(၁၄၉၄၈)၏ ဖခင်အမည်မှန်မှာ **ဦးချစ်ကိုကို** ဖြစ်ပါကြောင်း။
**ဦးချစ်ကိုကို(၁၀/ကထန(နိုင်)၁၀၆၈၆၂)**

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm







## ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အထက-မင်းစုကျောင်း၊ Grade-12 တန်းတွင် ပညာသင်ကြားနေသော မသုန်သုန်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးအောင်အောင်** ဖြစ်ပါကြောင်း။

**ဦးအောင်အောင်(၉/မရတ(နိုင်)၁၂၉၇၁၅)**

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်နေ (ဘ) ဦးဝင်းကျော်(၅/စကန(နိုင်)၁၆၉၆၂၀) (မိခင်) ဒေါ်မိုးမိုးဇင်(၅/စကန(နိုင်)၁၉၄၆၃၂)၏သား လေးကျင့်ရေးအထက်တန်းကျောင်း၊ Grade-5(B)တန်းတွင် ပညာသင်ကြားနေသော မောင်အဂ္ဂမင်းသန့်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၂-၁၁-၂၀၁၅ ဖြစ်ပါကြောင်း။

**မောင်အဂ္ဂမင်းသန့်၊ ၂၂-၁၁-၂၀၁၅**

## အမည်မှန်နှင့် ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အထက-မြို့မကျောင်း၊ Grade-10 တန်းတွင် ပညာသင်ကြားနေသော မပန်ဆုပြည့်ကျော်၏အမည်မှန်မှာ **မပန်စုပြည့်ကျော်** ဖြစ်ပြီး ၎င်း၏ဖခင်အမည်မှန်မှာ **ဦးကျော်စိုးမိုး** ဖြစ်ပါကြောင်း။

**မပန်စုပြည့်ကျော်၊**
**ဦးကျော်စိုးမိုး(၉/နထက(နိုင်)၁၀၀၂၇၂)**

## အမည်ပြောင်း

ကျောက်ဆည်မြို့နယ်၊ အထက(ခွဲ)န/သာဂရကျောင်း၊ Grade-11 တန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးဌေးဦး၏သား မောင်ဟန်ဥက္ကာဇော်၏ အမည်အား **မောင်ဟန်ထွန်း**ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဟန်ထွန်း**

## မိခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အထက-မင်းစုကျောင်း၊ Grade-12 တန်းတွင် ပညာသင်ကြားနေသော မငြိမ်းနန္ဒာဝင်း၏မိခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဒေါ်သန်းသန်းဌေး** ဖြစ်ပါကြောင်း။

**ဒေါ်သန်းသန်းဌေး(၉/ကဆန(နိုင်)၀၆၂၃၉၀)**

## ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အထက-မင်းစုကျောင်း၊ Grade-12 တန်းတွင် ပညာသင်ကြားနေသော မလင်းသီရိအောင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးလင်းလင်းအောင်** ဖြစ်ပါကြောင်း။

**ဦးလင်းလင်းအောင်(၉/ကဆန(နိုင်)၂၀၅၄၂၈)**

## ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အထက-မင်းစုကျောင်း၊ Grade-12 တန်းတွင် ပညာသင်ကြားနေသော မောင်ချစ်မွေးကိုကို၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးရင်ခိုင်** ဖြစ်ပါကြောင်း။

**ဦးရင်ခိုင်(၉/ကနဆ(နိုင်)၁၈၄၁၂၂)**

## အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အထက(၂၇)၊ Grade-11(A) တန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးအောင်ဆန်း၏သမီး မခင်မာဦး၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မဆန်ဒယား** ဖြစ်ပါကြောင်း။

**မဆန်ဒယား**

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

## အများသိစေရန် ကြေညာခြင်း

သုခကြည်သာကုမ္ပဏီလီမိတက်၏ အသေးစား ငွေရေးကြေးရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် ဒါရိုက်တာစာရင်းနှင့် အစုရှယ်ယာစာရင်းများကို အောက်ပါအတိုင်း ပြောင်းလဲလုပ်ကိုင်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(က) ဒါရိုက်တာအမည်ပြောင်းလဲခြင်း

| ယခင် ဒါရိုက်တာ | | ယခု ဒါရိုက်တာ | |
|---|---|---|---|
| စဉ် | အမည် | စဉ် | အမည် |
| ၁ | ဒေါ်ကြည်သာလွင်မြင့် (မန်နေဂျင်းဒါရိုက်တာ) | ၁ | ဒေါ်ကြည်သာလွင်မြင့် (မန်နေဂျင်းဒါရိုက်တာ) |
| ၂ | ဦးအောင်သာလွင်မြင့် (ဒါရိုက်တာ) | ၂ | ဦးအောင်သာလွင်မြင့်(ဒါရိုက်တာ) |
| ၃ | ဒေါ်ဝေဝေနိုင် (ဒါရိုက်တာ) | | |
| | (၃) ဦး | | (၂) ဦး |

( ခ ) အစုရှယ်ယာစာရင်း ပြောင်းလဲခြင်း

| | မူလအစုရှယ်ယာ | | | ယခုအစုရှယ်ယာ | |
|---|---|---|---|---|---|
| စဉ် | အမည် | အစုရှယ်ယာ အရေအတွက် | စဉ် | အမည် | အစုရှယ်ယာ အရေအတွက် |
| ၁ | ဒေါ်ကြည်သာလွင်မြင့် | (၁၂၀၀)စု | ၁ | ဒေါ်ကြည်သာလွင်မြင့် | (၁၃၅၀)စု |
| ၂ | ဦးအောင်သာလွင်မြင့် | (၆၅၀)စု | ၂ | ဦးအောင်သာလွင်မြင့် | (၆၅၀)စု |
| ၃ | ဒေါ်ဝေဝေနိုင် | (၁၅၀)စု | | | |
| | စုစုပေါင်း | (၂၀၀၀)စု | | စုစုပေါင်း | (၂၀၀၀)စု |

**သုခကြည်သာငွေစုငွေချေး ကုမ္ပဏီလီမိတက်**
**၅၈ လမ်း x ၃၂ လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်နေ ဝင်းဝင်းဌေး (ဘ) ဦးမြင့်ဆွေ (၉/ခမစ(နိုင်)၀၁၇၁၉၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-494684)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**09-797733899**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦး (ဘက)အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်ဖြိုးမောင်မောင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးညီညီနိုင်** ဖြစ်ပါကြောင်း။

**ဦးညီညီနိုင်(၉/ပဘန(နိုင်)၁၈၁၂၆၀)**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ကြေးမုံ ယနေ့ဖတ်စရာ

**သီတဂူဆရာတော်ကြီးက ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည့် လေးမျက်နှာမြို့နယ်အတွက် ငွေကျပ်သိန်းတစ်ထောင် လှူဒါန်း**

စာမျက်နှာ - ၂၀

**တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ**

စာမျက်နှာ - ၂၃

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၈

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ သက်စွန့်ကြိုးပမ်းထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ

စာမျက်နှာ ၂၄ ကော်လံ ၄ ☆



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများကို ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များဖြင့် ဂုဏ်ပြုကြိုဆိုစဉ်။

# ခမောက်ကြီးချောင်းရေမြင့်တက်မှုကြောင့် မြို့ပေါ်ရပ်ကွက်တွင် ရေဝင်ရောက်မှုဖြစ်ပွား ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

နေပြည်တော် စက်တင်ဘာ ၁၈

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ်အတွင်း စက်တင်ဘာ ၁၇ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် တောင်ကျရေစီးဆင်းမှုတို့ကြောင့် ခမောက်ကြီးချောင်းရေမြင့်တက်မှုဖြစ်ပွားခဲ့ပြီး ခမောက်ကြီးမြို့ ရပ်ကွက်(၁)အတွင်း ရေဝင်ရောက်မှုများဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်ရှိ ရေဘေးသင့်ပြည်သူများကို ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊

စာမျက်နှာ ၂၂ ကော်လံ ၁ ✱

# အာရှအားကစားပြိုင်ပွဲ မြန်မာအမျိုးသမီး တက်ဂ်ဘောအသင်းက အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲတို့တွင် ဆီမီးဖိုင်နယ်အဆင့်တက်ရောက်

ရန်ကုန် စက်တင်ဘာ ၁၈

ဂျပန်နိုင်ငံတွင် ကျင်းပလျက်ရှိသည့် အာရှအားကစားပြိုင်ပွဲ အမျိုးသမီး တက်ဂ်ဘောပြိုင်ပွဲတွင် ယနေ့ပွဲစဉ်များ၌ မြန်မာတက်ဂ်ဘောအမျိုးသမီးကစားသမားများ

စာမျက်နှာ ၂၄ ကော်လံ ၁ ◆




# မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၅)တွင် ရှမ်းယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲများရရှိ


ရန်ကုန် စက်တင်ဘာ ၁၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူး ပိုင်းက ကျင်းပလျက်ရှိသည့် မြန်မာလိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၅)ပွဲစဉ်များကို ယနေ့ညနေ

စာမျက်နှာ ၂၄ ကော်လံ ၁ ●



# တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာကွက်၍ မိုးကြီးနိုင်




နေပြည်တော် စက်တင်ဘာ ၁၈

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်သက်မှုများ ဖြစ်ပေါ်နိုင်ခြင်းကြောင့် လည်းကောင်း ယနေ့နံနက်မှ စက်တင်ဘာ ၂၂ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊

စာမျက်နှာ ၂၄ ကော်လံ ၄ ■